
# ရုပ်အလောင်းကောင်

နှင့်

# သေမထူးနေမထူး ဘဂေပထူး

မင်းဘုန်းသိခ်သူ



ဒီဇိုင်း - လမုံစိုး

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးဘုန်းဇော်(၀၀၂၃၉)၊ အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ် - ၂၈၂၊ ပထမထပ်၊ လမ်း - ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်
အမှတ် - ၃၅၊ ဗေဟျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
စာအုပ်ချုပ် - ဦးမျိုးကြီး၊ မေတ္တာပန်း စာအုပ်ချုပ်လုပ်ငန်း
ကွန်ပျူတာ - ဇာနည်မော်၊ ယမုံစိုး
အုပ်ရေ - ၁၀၀၀ - အုပ်၊ ပထမအကြိမ်၊ ၂၀၁၇ - ခုနှစ်၊ ဖေဖော်ဝါရီလ
တန်ဖိုး - ၅၀၀ - ကျပ်

ဖြန့်ချိရေး - အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ် - ၃၅၊ ဗေဟျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၇၃၁၇၃၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄




# ရုပ်အလောင်းကောင် နှင့် သေမထူးနေမထူး အပေတူး

မင်းဘုန်းသိခ်သူ



မာတိကာ


ရုပ်အလောင်းထဲက အမနုဿကောင် ............................... ၅
ဝုံမပါသီး ဆိုင်းမတီးရှာ ကျိုးပြိုတဲ့ည ............................... ၄၈
နတ်လေချွန် ............................... ၉၄
သေမထူး နေမထူး အာပေတုး ............................... ၁၂၄






## ရုပ်အလောင်းထဲက အမနုဿကောင်

လွန်ခဲ့သော ရက်သတ္တပတ်ခန့်မှစ၍ ရွာကလေးသည် ထူးခြားသောဖြစ်ရပ်တွေနှင့် နေ့စဉ်ရက်ဆက်ဆိုသလို ကြုံတွေ့လာရပေသည်။ ညနေ နေဝင်စပြုလာသည့် အချိန်မှစ၍ မိမိတို့နေအိမ်တဲအသီးသီးသို့ ရောက်ရှိအောင် အလျင်အမြန် သုတ်ခြေတင်ကြရသည်။ လယ်လုပ်သူကလည်း လယ်ထဲတွင် နွား၊ ကျွဲတို့ကို ထမ်းပိုးအလျင်အမြန်ဖြုတ်သိမ်းကာ နေအိမ်သို့ ခပ်သွက်သွက်ပြန်လာကြသည်။

အရှေ့ဘက်ကောင်းကင်

ခါတိုင်း မှောင်ရီပျိုးချိန်အထိပင် ရွာလမ်းမတာရိုးပေါ်တွင် ဖုံအလူးလူး ဖုတ်အလိမ်းလိမ်း မျောက်မျက်စိနောက်မတတ် ဆော့ကစားကြကုန်သော ပေးတိုး၊ မျက်မှေး၊ မကြက်တောစသည့် ကလေးတစ်သိုက်သည် မည်သည့်မိဘက လာရောက်ခေါ်ငင်ခြင်း၊ အော်ဟစ်ခေါ်ယူခြင်း ဝီရိယစိုက်စရာမလိုဘဲ နေအိမ်အသီးသီးသို့ ချပ်သုတ်သုတ်ပြန်ကြလေ၏။

ရွာဦးလှေဆိပ်တွင် ညနေတိုင်း ရေဆင်းကူးကြသော ကိုရင်များပင် ရေဆင်းမကူးကြသည်မှာ ကြာပေပြီ။

ညနေသို့တိုင်ပြီဆိုသည်နှင့် ရွာသည် လူသူကင်းမဲ့သော ဇရပ်တစ်ဆောင်လို ကြောက်မက်ဖွယ်ငြိမ်သက်တိတ်ဆိတ်သွားပေပြီ။ ဟိုလှူကြည့်လည်း သုတ်သုတ်ပျာပျာ၊ သည်လှူကြည့်လည်း သုတ်သုတ်ပျာပျာ။ အမှန်တော့ ရွာကလေးသည် ကျီးလန့်စာစားဘဝပင်။ ရွာလမ်းမလှေဆိပ်တွင် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ထိလိုက်ကြပြီဆိုသည်နှင့် အဓိပ္ပာယ်ပါပါ အကြည့်၊ မျက်ဝန်းများနှင့် "ဘယ်လိုလဲ" "ဘာထူးသလဲ" မေးခွန်းတွေနှင့် လောင်မြိုက်နေကြခြင်းပင်။

နေဝင်ပြီဆိုသည်နှင့် ရွာသူရွာသားများ၊ ကျီးလန့်စာစား၊ ထိတ်ထိတ်ပျာပျာ အလန့်တကြားဖြစ်နေကြသော အကြောင်းအချင်းအရာသည် လုံးလုံးလောက်လောက်ရှိသည်ဟု ဆိုရပေမည်။ ထိုအရာကား အခြားမဟုတ်။

နေဝင်ပြီဆိုသည်နှင့် ညဥ့်နက်တိုင်အောင် တောမြိုင်တွင်း၊





ခြံတွင်းရှိ သစ်ပင်များတွင် အိပ်စက်နေကြကုန်သော ကျီးကန်းများ မကြာခဏ လန့်ပြိုနေကြခြင်းပင်တည်း။ ထိုသို့ ညဥ့်နက်သန်းခေါင်အချိန်မတော် လန့်ပြိုကြခြင်းမှာ တစ်ညတွင် တစ်ကြိမ်တည်းမဟုတ်ပေ။ တစ်ညတွင် လေးငါးခြောက်ကြိမ်မက လန့်ပြိုနေကြခြင်းမှာ တစ်ရက်လည်းမဟုတ်။ တစ်ညလည်းမဟုတ်။ ညစဉ်ညဆက်ဖြစ်ပွားနေသည်မှာ ခုနစ်ရက်၊ ရှစ်ရက်ခန့်ရှိနေပေပြီ။ သူတို့သည် မကြာမီမုချမသွေကျရောက်တော့မည့် ကမ္ဘာပျက်သတင်းကြီးကို ထိတ်လန့်စွာစောင့်ကြိုနေသကဲ့သို့ရှိ၏။ သူကြီးဦးသံခဲသည် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ကယောင်ချောက်ချားဖြစ်နေပြီ။ ဗိန္ဓောဆရာ ဦးသစ္စာ၊ ရွာဦးဆရာတော် ဦးပညာဝံသလည်း မည်သို့မျှ အကြံမပေးတတ်။ မပြောတတ်တော့။ ပရိတ်ကြီးသာ နာနာရွတ်ပွားလျက် အန္တရာယ်ကင်း၊ ဘေးကင်းအောင် ဆောင်ရွက်နေရသည်။ ဦးသစ္စာလည်း ထို့အတူပင်။ ရွာပတ်လည်ဆန်းမန်းပေါက်တွေကြဲ၊ အင်းချခြင်း၊ မြှုပ်နှံခြင်းကို တတ်သမျှ မှတ်သမျှ ဆောင်ရွက်နေရသည်။

နတ်ကတော ဒေါ်သဲပိုလည်း ဟောကိန်းတွေမျိုးစုံထုတ်သည်။ ရွာစောင့်နတ်ကို ဗလိနတ်စာကျွေးရမတဲ့။ တစ္ဆေသရဲတွေကို ပြုန့်းစာကျွေးရမတဲ့။ ဘာပဲဖြစ်ဖြစ် သူကြီးကတော်နှင့်အဖွဲ့က ဟောပြောသည့်အတိုင်း စတီသဘောလုပ်ကြသည်။

ဒါပေမဲ့ ကျီးတွေက ညစဉ်အနည်းဆုံး သုံးကြိမ်ခန့် လန့်ပြိုမြဲ ဒေါ်သဲပိုလည်း လက်မှိုင်ချသွားလေပြီ။ ဦးသစ္စာလည်း ရေငုံနှုတ်ပိတ် ဘာမှမပြောတော့။

ယနေ့တော့ ရွာဦးကျောင်းဆရာတော်၏ ရှေ့မှောက်တွင် ရွာသားတွေ အယောက် ၃၀ ခန့် ရောက်ရှိနေကြသည်။ သူတို့သည် ဘာကြောင့် ကျီးတွေလန့်ပြိုသည်ကို သိလိုကြပြန်သည်။ သူတို့၏ မျက်နှာများသည် စိုးရိမ်ပူပန်ခြင်းနှင့်အတူ မကြာမီ ကျရောက်တော့မည့် အန္တရာယ်တစ်ခုခုကို ကြိုတင်ကြောက်ရွံ့နေသကဲ့သို့သော ခံစားချက်ဖြင့် ငြိမ်သက်နေကြပေသည်။

ဆရာတော်သည် တည်ငြိမ်သောမျက်နှာထားဖြင့် အေးဆေးငြိမ်သက်စွာ စတင်၍ မိန့်ကြားလေသည်။

"တကယ်တော့ ကျီးတွေပြိုတယ်ဆိုတာ တစ်ခုခုထူးခြားမှု၊ ပြောင်းလဲမှုဖြစ်ချင်လို့ ကျီးတွေပြိုကြတာပဲ။ ကျီးတွေပြိုပြီဆိုရင် တစ်ခုခုဖြစ်တော့မှာ သေချာတယ် ဒကာတို့၊ ကောင်းသော ပြောင်းလဲခြင်းတော့ မဟုတ်ဘူးထင်တယ်။ ဒီတော့ တစ်ရွာလုံး သီလမြဲမြဲကြပြီး သတိ၊ ဝီရိယနဲ့ နေထိုင်စားသောက်သွားလာဖို့တော့ လိုမယ်။ ဂရုစိုက်ကြရမယ်ကွယ်။ ကြုံကြိုက်လို့ အတွေ့အကြုံလေးတွေ ပြောပြချင်ပါတယ်"

ဆရာတော်စကားဆုံးသည်နှင့် ကျောင်းကြမ်းပြင်တွင် ထိုင်နေကြသော ကာလသားပျိုများသည် ကြက်ခြင်းထဲက ကြက်ပေါက်တွေလို လှုပ်လှုပ်ရွရွဖြစ်လာကြသည်။

"ဒီလိုပါ ဘုန်းကြီးတို့၊ မယ်တော်တွေနေတဲ့ တောင်ခြေကရွာဆိုရင် ကျီးတွေ ညဘက်လန့်ပြိုပြီးတာနဲ့ ပြဿနာတစ်ခုခုဖြစ်တော့တာပဲ။ ဒါက ဘာလဲဆိုတော့ ညဘက်ရွာခြံစည်းရိုးနားအထိ ကျား၊





ကျားသစ်တစ်ကောင်ကောင် ကပ်လာပြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ် နောက်ဆုံးဘာမှမရရင် ကြက်ဖြစ်ဖြစ် ဆွဲသွားတာပဲ။ အဲဒီလို ကပ်လာပြီဆိုရင် တစ်ရွာလုံး တုံးမောင်းတွေခေါက်၊ ဆူညံသံတွေပေးပြီး ခြောက်လှန့်ခဲ့ကြရတယ်။

အေး နောက်တစ်ခုက အဲဒီလိုကျီးတွေပြိုပြီးပြီဆိုရင် သိပ်မကြာပါဘူး။ ရွာထဲက စပါးကျီတစ်လုံးလောက်တော့ မီးလန့်မီးလောင်တော့တာပဲ။ အဲဒီလိုဖြစ်ရပ်ကလေးတွေ ရှိတယ်ကွယ့်။

တကယ်တော့ ကျီးပြိုတယ်ဆိုတာ မကောင်းတဲ့လက္ခဏာလို့ ဆိုရမယ်။ နောက်တစ်ချက်က မကောင်းတဲ့ လက္ခဏာဖြစ်တဲ့အတွက် ကိုယ့်ဘက်က ကြိုတင်ပြီး သတိ၊ ဝီရိယနဲ့ ကာကွယ်မှုတွေ လုပ်နိုင်တယ်။ ဆင်ခြင်းမှုတွေ၊ သတိ၊ ဝီရိယတွေထားနိုင်တာပေါ့။ တကယ်တော့ ကျီးကန်းတွေဟာ ရွာထဲမှာ ဆိုးကျိုးတစ်ခုခုဖြစ်တော့မယ်ဆိုတာကို ကြိုတင်သတိပေးတဲ့ သတ္တဝါကလေးတွေဆိုတာတော့ သတိချပ်စေချင်တယ် ဒကာတို့"

ဆရာတော်စကားဆုံးမှ တစ်ချိန်လုံး ငြိမ်သက်နားထောင်နေသော သူကြီးဦးသံခဲသည် လက်ကလေးနောက်ပစ်၊ ခေါင်းပေါင်းကလေးဖြုတ်ကာ -

"ဆရာတော် မိန့်ကြားသွားတာ မှန်ပါတယ် ဘုရား။ တပည့်တော်တို့ ငယ်ငယ်ကလည်း ဒီရွာမှာ ကျီးကန်းတွေ တစ်နေကုန် ပြိုနေတတ်တဲ့ ရက်တစ်ရက် ကြုံဖူးပါတယ်။ နွေရာသီကာလပါ။ ရွာကမြစ်နဲ့ ချောင်းနဲ့နီးပေမယ့် အဲဒီနှစ်က တော်တော်ကလေး ပူပြင်းပါ

တယ်။ တပေါင်းလကြီးပေါ့ ဘုရား။ သောက်ရေကန်တွေကလည်း ရေနည်းနေကြပါပြီ။ အဲဒီရက်တွေမှာ ကျီးတွေဟာ နေ့ကော ညကော ပြိုနေကြပါတယ် ဘုရား။ ဘာဖြစ်မှန်းမသိဘူး။ တစ်ရွာလုံးလည်း အထိတ်တလန့်ပေါ့။ သိပ်မကြာပါဘူး ဘုရား။ မထင်မှတ်ဘဲ မိုးကြီးရွာပြီး မိုးကြိုးတွေပစ်လို့ စပါးတွေပျက်စီးခဲ့ရဖူးပါတယ်။ အချိန်အခါမဲ့ မိုးရွာတာပါဘုရား။ ဒါကြောင့် ကျီးပြိုရင် မကောင်းမှုဘေးဘယာ တစ်ခုခုဖြစ်တော့မယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်''

ရွာသားတစ်ယောက်က....

''ဒါဆို ကြောက်စရာပဲဗျို့။ ကာကွယ်နည်းလေး ဘာလေး မရှိဘူးလား ခင်ဗျာ''

''ကာကွယ်နည်းကတော့ ပရိတ်တွေ ရွတ်ဖတ်၊ ဘုရား၊ တရားမြဲတဲ့ကျင့်စဉ်ပဲ ရှိတာပဲကွယ့်။ မမြင်ရတဲ့ အန္တရာယ်ကို ဘာမှန်း မသိရတာပဲ''

ဆရာတော်သည် ခေါင်းတစ်ချက်ညိတ်ကာ....

''ဘုန်းကြီးတို့လည်း ပရိတ်ရွတ်ဖတ်တာ၊ အန္တရာယ်ကင်းတွေ စီရင်ဆောင်ရွက်နေတာပဲကွယ့်။ ညစဉ် ပရိတ်တွေစုပေါင်းရွတ်ပွားနေကြပါပြီ။ သိပ်လည်း မစိုးရိမ်ကြပါနဲ့ကွယ့်''

အသက် (၈၀)ကျော် ဖိုးပိန်သည် နေရာမှ တုန်တုန်ယင်ယင်ထကာ ဆရာတော်ကို လျှောက်ပြန်သည်။ အဘဖိုးပိန်သည် မျက်စိမှုန်သော်လည်း နားတော့ကောင်းနေသေးသည်။

''ကျီးပြိုတယ်ဆိုတာကတော့ မကောင်းတဲ့ လက္ခဏာပဲ။





တကယ်တော့ တိရစ္ဆာန်တွေရဲ့ သတိပေးချက်ပေါ့။ ဒီအတွက် ကျီးကန်းတွေကို ကျေးဇူးတင်ရမယ်။ ဒါမှ ဆင်ခြင်စရာ၊ ပြန်ပြင်စရာ ရှိတာ ပြုပြင်ရမှာပေါ့။ ဒါဟာ သူတို့လေးတွေရဲ့ မွေးရာပါ မျိုးရိုးဗီဇအရ လူတွေကို သတိပေးအချက်ပြတာပဲ။ ဒီတော့ ဓနိရည်ဆိုင်တို့၊ အရက်ပုန်းဆိုင်တို့၊ မြစ်ထဲမှာ ငါးဖမ်း၊ ဖားရှာ၊ ငါးရှာ အလုပ်တွေ စတဲ့ မကောင်းမှုတွေကို ဒီရက်ထဲမှာ လျှော့ပြီးဆင်ခြင်ကြရန် ကောင်းမယ်ထင်ပါတယ်''

အဘဖိုးပိန်၏စကားဆုံးသည်နှင့် အရက်သမား ဖော်မွှေးသည် မျက်နှာကြီးတစ်ချက်ရှုံ့လိုက်သည်။ ဘာမှတော့မပြော။ တော်တော်လျှာရှည်တဲ့ အဘိုကြီးဟု ပြောချင်ပုံရသည်။ ကျန်သည့် လူတွေကတော့ ပြုံးစေ့စေ့ဖြစ်သွားကြသည်။

''အဲ....ကျုပ်ပြောတာ ကျီးပြိုတာကို ပြောတာပဲရှိသေးတယ် ခင်ဗျ။ ကျီးသာရင်တော့ ကောင်းသွားပြန်ရောဗျို့။ အိမ်ရှေ့မှာ ကျီးသာရင် ရပ်ဝေးက မိတ်ဆွေတွေ၊ အဝေးရောက်မိသားစုဝင် တစ်ယောက်ယောက် ပြန်ရောက်လာတဲ့ နိမိတ်ထူးပဲ''

ဖော်မွှေးသည် အဘဖိုးပိန်ကို မျက်ထောင့်နီကြီးဖြင့် လှမ်း၍ ကြည့်လေသည်။ ထို့နောက် ဒဏ်ရာရတိုက်ကြက်ဖကြီးတစ်ကောင်ကို လည်ပင်းကြီးကို လိမ်စောင်းကာ မကြားတကြား....

''သူပဲသိ၊ သူပဲတတ်၊ တော်တော်လျှာရှည် လက်ပေါက်ကတ်မယ့် မသာကြီး''

ပွစိပွစပြောလေသည်။ တကယ်တော့ ဖိုးပိန်သည်လည်း တစ်

ခေတ်တစ်ခါက အရက်ချိုးကြီးဖြစ်ခဲ့ဖူးသည်။ အသက် (၆၀)ကျော်မှ ဆရာတော်၏ မေတ္တာရပ်ခံချက်ကြောင့် အရက်ဖြတ်လိုက်ခြင်းဖြစ်သည်။ ဒါတောင် ခွက်ပုန်းချနေသည်ဟု ဆယ်အိမ်ခေါင်းထွန်းမြက ပြောတတ်သေးသည်။ ယခုကြွရောက်လာသည့် ပရိသတ်ထဲတွင် အရက်သောသူက သုံးအချိုးနစ် ဖြစ်နေသည်။ လူငယ်ရွယ်သူတွေ အလုပ်ပင်ပန်းကြသည် မဟုတ်ပါအလား။ တောရွာမှာစိတ်အပန်းဖြေဖို့ အရက်ပဲရှိသည်။

သည်လိုနှင့် တွေ့ဆုံပွဲကလေး ပြီးဆုံးသွားသည်။

ဒါပေမဲ့ ကျီးတွေကတော့ ညစဉ်ပြုနေဆဲ။ တစ်ညတွင် နှစ်ကြိမ် သုံးကြိမ်ခန့် လန့်ကာ ဆူညံစွာ အော်မြည်နေဆဲပင်။ ရွာကလေးသည် တုန်လှုပ်ချောက်ချားစမြဲ။

◆ ◆ ◆

(၁၀)ရက်မြောက်တွင် ထူးခြားမှုတစ်ခုဖြစ်ပေါ်လာသည်။ ထိုညတစ်ညလုံးလိုလိုပင် ကျီးများမပြုကြတော့ဘဲ အေးချမ်းငြိမ်သက်နေခြင်းပင်တည်း။ ထိုညတွင် တစ်ရွာလုံး စိတ်ချမ်းသာစွာ အိပ်စက်အနားယူရသည်ဟုဆိုရပေမည်။ တစ်ညလုံး မည်သည့်အသံမျှ မကြားရပေ။

ကျီးပြုခြင်းလက္ခဏာသည် ရပ်တန့်သွားလေပြီလော။ သည်လိုဆို တစ်ရွာလုံး အတိုင်းထက်အလွန် ဝမ်းသာကြည်နူးစရာပါပင်။ ကျီးများသည် အဘယ်သို့သော အကြောင်းခြင်းရာကြောင့် လန့်ဖျပ်စွာပြုကြခြင်းကို ရပ်တန့်လိုက်ကြလေသနည်း။





သံဃာတော်များအန္တရာယ်ကင်း ရွတ်ဖွားခြင်းကြောင့်လော။ ဒါမှမဟုတ် ရွာစောင့်နတ်၊ တောစောင့်နတ်၊ မြစ်စောင့်နတ်တို့ကို ဗလိနတ်စာကျွေးခြင်းကြောင့်ပေလော။ ဒါမှမဟုတ် မြေဖုတ်ဘီလူး မကောင်းဆိုးရွားများကို ဖြန်းစာကျွေးခြင်းကြောင့်ပေလော။ သို့တည်းမဟုတ် ဖုတ်၊ ပြိတ္တာ၊ ဘီလူးများကို ခေါ်စာကျွေးခြင်းကြောင့်ပေလော တစ်ခုခုဖြစ်နိုင်သည်။

မကောင်းဆိုးရွားများသည် သူတို့စားသောက်လိုရာ လိုအင်ဆန္ဒများပြည့်ဝသွားသောကြောင့် ထွက်ခွာသွားကြကာ ကျီးကန်းများ လန့်ပြုဆူညံခြင်းမှ ငြိမ်သက်သွားခြင်းဖြစ်နိုင်ပေသည်။

နောက်တစ်နေ့မနက်စောစောမှစကာ ရွာသူရွာသားများသည် ပြုံးပြုံးရွှင်ရွှင်၊ ရယ်ရယ်မောမောဖြင့် လုပ်ငန်းခွင်အသီးသီးတို့ ဝင်ရောက်လာကြလေပြီ။ ငါတို့ရွာ ဘာအန္တရာယ်မှ မဖြစ်တော့။ ဘာနိမိတ်ဆိုး၊ ရန်ဆိုးမှ မရှိတော့ဟူသော ယုံကြည်စိတ်များဖြင့် စိတ်လက်ပေါ့ပါးစွာ ထွက်လာကြခြင်းပေတည်း။

သို့သော် သူတို့အားလုံး၏ ပျော်ရွှင်မှုသည် မနက်ခင်းခန့်သာ တာရှည်လိုက်ပေသည်။ ညနေစောင်းတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်ကို ကြားလိုက်ရသော သူတို့အဖို့ကား····

◆ ◆ ◆

ဠတို့ကို တောကြီးမြေဟောက်ကိုက်လိုက်သည့်သတင်းသည် တစ်ရွာလုံးသို့ သားပုပ်လေလွင့်သကဲ့သို့ ရုတ်ချည်းပျံ့နှံ့သွားလေသည်။ သတင်းဆိုးကား ကြောက်မက်ထိတ်လန့်ဖွယ်ကောင်းလှသည်။

သမ္မန်သမားငွတိုသည် ညနေခင်း နေဝင်ရီတရော နွားရိုင်းသွင်းချိန်တွင် ရွာထိပ်အရက်ဆိုင်မှာ အရက်သောက်ပြီး နေအိမ်သို့ ရွာနောက်ဖေး ကိုင်းတောမှဖြတ်ကာ ပြန်လာသည်။ အရက်ကို အလွန်အကျွံမူးအောင်သောက်လာသော ငွတိုသည် ကိုင်းတောစပ်တစ်နေရာအရောက်တွင် မြေပပ်ကြားအက်ကို ခြေချော်ကျသွားကာ မျက်နှာနှင့် ချုံပုတ်အပ်ကာ လဲကျသွားသည်ဆိုသည်။ ထိုအခါ ချုံပုတ်ထဲတွင်ရှိနေသော မြွေဟောက်က လည်ပင်းကို မလွှတ်တမ်းခဲကာ ကိုက်ထားသည်ဟု ပြောကြသည်။ တစ်ကိုယ်လုံး မီးသွေးခဲလိုပြာနှမ်းသွားသတဲ့ အမလေး....။

ကြောက်မက်ဖွယ်ရာပေတကား....။

အဆိပ်နှစ်ထပ်မြွေတဲ့။ ဘာရယ် အဆိပ်နှစ်ထပ်မြွေ ဟုတ်လား။ ကြားသာမိုးကြိုး မကြားဘူးပေါင်။ အဆိပ်နှစ်ထပ်မြွေတဲ့။ ဘာ....ဘယ်လို....တောကြီးမြွေဟောက်ကိုက်တာပါ။ မြွေဟောက်အဆိပ်ပေါ့။

၊အဆိပ်နှစ်ထပ်မြွေဆိုတာ ဒီလို....ဒီလိုပေါ့။

ငွတိုကို မြွေဟောက်မကိုက်မီ မိနစ်အနည်းငယ်ခန့်က ငန်းတော်ကြားမြွေတစ်ကောင်က အစာဆာလောင်နေရကား မြွေဟောက်ကိုတွေ့၍ မျိုသည်။ ထိုအခါမြွေဟောက်ကလည်း ကြောက်လန့်တကြား ရုန်းကန်သည်။ ထိုအခါ ငန်းတော်ကြားသည် မြွေဟောက်ကို မိမိရရ ဦးခေါင်းပိုင်းမှ မမျိုနိုင်ဘဲ မီးရာအမြီးပိုင်းမှစ၍ မျိုနိုင်လေသည်။ မြွေဟောက်ကလည်း ကြောက်လန့်တကြား ရုန်းကန်သည်။





ထိုအခါ အရက်မူးယစ်ကာ ယိုင်ထိုးယိုင်ထိုး လျှောက်လာသော ငွတိုသည်ကံဆိုးလှစွာ ချော်လဲရာမှ မြွေတွေပေါ်သို့ မျက်နှာအပ်၍ ကျသည်။ ထိုအခါ ကြောက်လည်းကြောက်၊ ဒေါသလည်း ထွက်နေသော တောကြီးမြွေဟောက်က ငွတို၏လည်ပင်းကို ကိုက်ခဲလိုက်တော့သည်။ ထိုအချိန်တွင် မြွေဟောက်၏ခန္ဓာကိုယ်တွင် ငန်းတော်ကြားအဆိပ်သည် ပြန့်နှံ့နေတော့သည်။ မြွေဟောက်၏ ခန္ဓာကိုယ်တွင် ငန်းတော်ကြားအဆိပ်သည် ပြန့်နှံ့နေပေရာ မြွေဟောက်အဆိပ်နှင့် ရောနှောနေပေသည်။ အဆိပ်နှစ်မျိုး ရောနှောသွားခြင်းဖြစ်သည်။

သည်လိုနှင့် ငွတ်တိုသည် မြွေနှစ်ကောင်၏ အဆိပ်ပေါင်းစပ်ကာ မိနစ်အနည်းငယ်အတွင်း လျင်မြန်စွာ အသက်ထွက်သွားခြင်းဖြစ်သည်။ တစ်ကိုယ်လုံးလည်း မီးသွေးတုံးကဲ့သို့ ပြာနှမ်းမည်းချိပ်သွားပေသည်။ ထိုကဲ့သို့ ကံဆိုးလွန်စွာ မြွေနှစ်ကောင်၏ အဆိပ်ဖြင့် အကိုက်ခံရခြင်းကို အဆိပ်နှစ်ထပ်မြွေဟုဆိုသည်။ ဆေးမမီဟုပြောကြသည်။ ကမ္ဘာပေါ်တွင် မြွေပွေး၏အဆိပ်သည် သွေးကြောများကို ဖျက်စီးစေသည်။ မြွေဟောက်၏အဆိပ်က အာရုံကြောများကို ဖျက်စီးစေသည်။ ငန်းတော်ကြားသည် မြွေပွေးတွင်ရှိသော အဆိပ်ရော၊ မြွေဟောက်တွင်ရှိသော အဆိပ်ပါ ပါဝင်သည်။ ထိုအခါ နှစ်ထပ်အဆိပ်မိသောသူအဖို့ အဘယ်မှာလျှင် အသက်ရှင်နိုင်ပါတော့အံ့နည်း။ မရှုမလှသေပွဲဝင်ကြရပြီကော။

သည်လိုနှင့် ရွာကလေးသည် ထူးဆန်းစွာ သေဆုံးခဲ့သည့် ငွတ်တိုကြောင့် လွန်ခဲ့သောလတွေက ကျီးတွေပြုံခဲ့သည့် နိမိတ်ဆိုး

ပြီးဆုံးသွားပြီဟု စိတ်တုံးတုံးချနိုင်ပေတော့သည်။ ယခင်ကဆိုလျှင် ကျီးတွေပြုံးသည်နှင့် ရွာနံဘေးမြစ်ပြင်ထဲမှ ရောမမိကျောင်းကြီးများ တက်လာလေမလား။ မြစ်ကြမ်းပြင်ကို ခွဲထွက်ကာ ကြောက်မက်ဖွယ် ရေဘီလူးကြီးတစ်ကောင် ရွာထဲဝင်လာလေမ ား။ ရွာအနောက်ဘက် တောစပ်မှ အမျိုးအမည်မခွဲခြားနိုင်သည့် တိရစ္ဆာန်ကြီးတစ်ကောင် ထွက်ပေါ်လာလေမလားဟု သို့လောသို့လော စိတ်ရှုပေါက်ရာ ထင်ရာ မြင်ရာ တွေးတောနေကြကုန်သော ရွာသူရွာသားများ၏ စိတ်သောက အဖုံဖုံသည်လည်း ယခုတော့ ဥတ်တို့၏ဖြစ်ရပ်ဆိုးကြောင့် လွင့်စင် ပျောက်ကွယ်သွားကြလေပြီ။

ဥတ်ကား အားလုံး၏ သံသယကို အသက်ပေး၍ ဖြေရှင်း ပေးလိုက်ပြီ။ တောင်စဉ်ရေမရ အတွေးတွေကို အဆုံးသတ်စေခဲ့ပြီ ဖြစ်သည်။

သည်လိုနှင့် ရွာကလေးသည် ဥတ်၏ အသုဘကို ကူညီပံ့ပိုး ရင်း ငြိမ်သက်တိတ်ဆိတ်သွားခဲ့သည်။ ( ဒ့န်ဖြစ်သွားသည်ဟု ဆိုရ ပေမည်။

◆ ◆ ◆

သည်လိုနှင့် တစ်ရက်....

ရွာကလေးသည် ပုံမှန်လှုပ်ရှားသက်ဝင်နေမြဲ....

နာရေးကိစ္စများတွင် ကျေးရွာဓလေ့ထုံးစံအတိုင်း ငါးရက် ထားသည့်ဓလေ့ထုံးစံရှိပေသည်။

ဥတ်သေဆုံးပြီး ဒုတိယရက်အထိ မည်သည့် ထူးခြားချက်မှ





မရှိဘဲ ပုံမှန်လုပ်ငန်းဆောင်တာများကို ဝတ္တရားမပျက် ဆောင်ရွက်နေ ကြခြင်းဖြင့် ငြိမ်သက်နေသည်ဟု ဆိုရပေမည်။

သည်လိုနှင့် တတိယရက် ရောက်လာသည်။

ဥတ်၏အလောင်းကို ရွာပြင်တွင် ထုတ်ထားခြင်းဖြစ်သည်။ တဲ၏နောက်ဖေးဘက် ခပ်လှမ်းလှမ်းတွင် အလောင်းစင်ပြုလုပ်ကာ အမိုးအကာနှင့် သပ်သပ်ရပ်ရပ်တင်ထားခြင်းဖြစ်ပေရာ ဥတ်၏သူငယ် ချင်းများ၊ သောက်ဖော်သောက်ဖက်များ၊ တောတက်ဖော် တက်ဖက် များက ဝိုင်းဝန်းကူညီရင်း ရှာပနလေးစည်ကားအောင် ပံ့ပိုးထားကြပေ သည်။ ခေါင်းပျဉ်အတွက် ရွာသူရွာ၊ စက္ကူအလှကပ်သူနှင့် ဥတ်၏ နောက်ဆုံးခရီးကို လှပအောင်ပြုလုပ်ခဲ့ကြပေသည်။

အရက်သောက်ဖော်သောက်ဖက် ဇော်မွေးသည် ဥတ်သေ ဆုံးသည်မှစ၍ သုံးရက်မြောက်နေ့ထိတိုင်အောင် အိမ်မပြန်တော့။ ဥတ် တို့ တဲမှာပင်နေကာ ဝေယျာဝစ္စအလုပ်တွေ သိမ်းကြုံးလုပ်ပေးသည်။ တစ်ညလုံးမအိပ်မနေ အသုဘစောင့်ပေးသည်။ နေဝင်ပြီဆိုသည်နှင့် ဥတ်၏မိဘများသည် လူများရာရွာထဲသို့သွား၍ ညအိပ်လေ့ရှိသည်။ လုပ်ငန်းခွင်ရှိရာ ယာ၊ ခြံရှိရာတွင် အိပ်လေ့အိပ်ထမရှိကြ။ ဒါက ထုံးစံလိုဖြစ်နေသည်။ သည်မှာက သူ့နိုးဓားပြပေါသည်။ ရွာပြင်ခြံထဲ မှာ အိပ်၍မဖြစ်။ အိပ်ချိန်ဆို ရွာထဲပြန်ကြသည်မှာ သည်ရွာ၏ ထုံးစံ ကို ဖြစ်နေပေပြီ။

ဇော်မွေးသည် ချစ်သူငယ်ချင်းကြီး၏ ရှာပနကို အင်တိုက် အားတိုက် ကူညီနေပြီး တစ်ခါတစ်ရံ သတိရကာ မျက်ရည်ကလေး

ဝဲသွားတတ်သေးသည်။ သောက်ဖော်သောက်ဖက် လျှောသွားပြီး မဟုတ်ပါလား။

အသုဘသည် မနက်ပိုင်းတွင် ရွာနီးစပ်ချုပ်မှ သတင်းလာမေးသူ၊ ကူညီသူ ဆွေမျိုးမိတ်သင်္ဂဟများနှင့် စည်ကားနေတတ်သော်လည်း ညပိုင်းတွင် ရွာထဲမှ လူငယ် (၁၀)ဦးခန့်သာ ညစောင့်ကျန်ရစ်လေ့ရှိသည်။

ဇော်မွေးသည် ငွတို့ရှိရာ အလောင်းစင်ထားရာသို့ လှမ်းငေးနေလေသည်။ ညကား နက်ပြာလျက်ရှိသည်။ လမသာသော်လည်း ကြယ်စုံညမို့ အလင်းရောင်မှုန်သဲ့သဲ့တော့ ရှိနေပါသေးသည်။ တိတ်ဆိတ်ငြိမ်သက်လွန်းသော ညဖြစ်ရကား ပတ်ဝန်းကျင်တွင် ပုရစ်ကောင်ကလေးများ၏ စီစီမြည်နေသော အသံသာကြားနေရပေသည်။ ငွတို့၏ မိဘများသည် ရွာထဲသို့ ပြန်သွားကြပေပြီ။ ငွတို့၏ညီ သာရွှန်းသာ ခြံစောင့်ကျန်ရစ်သည်။ ပိုကာဆွဲနေသော ရှစ်ဦး။ ဇော်မွေး၊ သာရွှန်း စုစုပေါင်း (၁၀)ယောက်ထက်မပိုပေ။

အလည်လွန် ညဥ့်ငှက်တစ်ကောင်တလေ ဖြတ်ပျံသွားတတ်သည်မှလွဲ၍ ညသည် အထီးကျန်ဆန်လှသည်။ ဟိုးဝေးဝေးတောင်ခြေကိုပင် ပျပျရေးရေး လှမ်းမြင်နေရသည်။ အလောင်းစင်သည် ဝါးကပ်ဖြစ်ကာ ဝါးကပ်ပေါ်တွင် ရုပ်အလောင်းကို တင်ထားသည်။ ပိတ်ဖြူလွှမ်းထားကာ မျက်နှာကိုတော့ ဖုံးအုပ်မထားပေ။

အဆိပ်နှစ်ထပ် အကိုက်ခံရသော ရုပ်အလောင်းဖြစ်သည် သာကမ သေဆုံးသည်မှ ယနေ့ထိ သုံးရက်ရှိပြီဖြစ်သော အသား





အရေတွေ ပြောင်းလဲဖောက်ပြန်စပြုလာပြီဖြစ်သည်။ အလောင်းမျက်နှာပြင်သည် ညှိုပုပ်လာသည်။ ပါးစပ်သည် ခပ်ဟဟဖြစ်နေကာ သွားအဖွေးသားကို အောက်လင်းဓာတ်မီးအလင်းရောင်ဖြင့် ထင်သာမြင်သာရှိသည်။ လေတိုက်ခတ်လျက်ရှိပေရာ အလောင်း၏ ဆံပင်ကလေးများသည် ဖျိုးထောင်စုစပါးပင်ကလေးများလို သာသာထိစ လှုပ်နေသည်။ လေသည်ငြိမ်၍မသွား။ လှုပ်ခတ်မြဲသာသာလှုပ်နေမြဲ။

ကိုရင်ဝတ်တော့ အတူတူ၊ ဘုန်းကြီးကျောင်းမှာ စာသင်တော့လည်း အတူတူ၊ မြစ်ထဲမှာ ကဏန်းနှိုက်၊ ကွန်ပစ်တော့လည်း အတူတူ၊ တောတက်၊ ဝါးခုတ်တော့လည်း အတူတူမို့ ဇော်မွေးသည် အလောင်းစင်ကို ကြည့်နေရာမှ ရင်ထဲမှာ ဆို့တက်လာသည်။ အင့်ခနဲ ရှိုက်လိုက်မိသည်။

"အင့်....ဟင့်....ဟင့်"

တိတ်ဆိတ်နေသောညမို့ ဇော်မွေး၏အသံက အနည်းငယ်ကျယ်လောင်သွားသည်။ ဖဲဝိုင်းဆီမှ ဝိုင်းသားများ၏ ဦးခေါင်းများက ဇော်မွေးကို လှမ်းကြည့်ကြသည်။ ဇော်မွေးက လက်ခုံဖြင့် မျက်ရည်ကို သုတ်လေသည်။ ဝိုင်းသားတွေက ဖဲချပ်များဆီသို့ အာရုံရောက်သွားပြန်သည်။

"ငွတို့ရယ် မင်း ငါ့ကိုထားခဲ့ပြီလားကွာ သူငယ်ချင်း"

ဇော်မွေးသည် အသံထွက်အောင် တစ်ချက်ရှိုက်လိုက်ပြီး စကားပြောလေးနှင့် ငိုသည်။ ဝိုင်းသားတွေက သူ့ကိုလှည့်မကြည့်တော့ပေ။ ဇော်မွေးဆိုသောကောင်သည် ငွတို့သေကတည်းက မျက်

ရည်တရွှတ်ရွှတ်နှင့် ငိုနေသောကောင်ဖြစ်သည်။ ထွေးလိုက်၊ ငိုလိုက်နှင့် ငိုနေသောကောင်။

တဲ၏အပြင်ဘက်တွင် လေသည်ရေခဲတမျှစိမ့်၍ အေးစပြုလာသည်။ လယ်ကွင်းကိုဖြတ်ကာ တောအုပ်နှင့် တောင်စွယ်တွေကိုဖြတ်ကာ မြစ်ပြင်ကိုဖြတ်ကာ တိုက်ခတ်လာသော လေဖြစ်သဖြင့် လတ်ဆတ်သည်။ အောက်လင်းဓာတ်မီးကြီးတစ်လုံး၏ အလင်းရောင်သည် တဲအတွင်းကို လုံလုံလောက်လောက် အလင်းရောင်ပေးထားသည်သာမက ဟိုးခပ်ဝေးဝေးအသုဘစင်ရှိရာသို့ပင် အလင်းဖြန့်လျက်ရှိသည်။

ညဥ့်နက်လေ လေက ပို၍တိုက်ခိုက်လာလေဖြစ်သည်။ ဖဲဝိုင်းသည် ငြိမ်ချက်သားကောင်းကာ တစ်ချက် တစ်ချက်မှ အသံထွက်လာသည်။

"သူငယ်ချင်းကြီးရယ် အသေစောလှချည်ရဲ့။ ထွေးပုတော့ ဘယ်လိုဖြေရမလဲကွာ။ ထွေးပုကို သနားလှတယ်"

ဖော်မွေးသည် ဒူးဖြင့်မျက်ရည်သုတ်ကာ ဆေးပေါ့လိပ်ကို တစ်ဖွာနှစ်ဖွာ ရှိုက်ရင်း ငိုပြောဖြင့် ငိုလိုက်ပြန်သည်။ အသုဘရှိရာသို့ တစ်ချက်လှမ်းကြည့်သည်။

"ငတိုရေ မင်းအိပ်နေတာ သေနေတဲ့အတိုင်းပါပဲလားကွာ"

ဖဲဝိုင်းထဲမှ အောင်ဒင်သည် ဆတ်ခနဲခေါင်းထောင်ကြည့်သည်။ ဖဲချပ်တွေကို ဖျာပေါ်ချလိုက်၏။

"ဟေ့ကောင် ငိုမှာဖြင့် စကားမပြောဘဲနဲ့ ငိုကွာ။ ဘာတွေ





လျှောက်ပြောနေတာလဲ။ သေနေတာ အိပ်နေသလိုပဲ ပြောကွာ"

"ခွင့်လွှတ်ကြပါကွာ။ ဝမ်းနည်းလွန်းလို့ စကားတွေ မှားကုန်တာပါ။ ဩော်....ထွေးပု....ထွေးပု"

ထွေးပုသည် ငတို၏ ရည်စားဖြစ်သည်။ ထွေးပုနှင့် ချိန်းတွေ့ကြတိုင်း ဖော်မွေးက အမြဲအဖော်လိုက်ရသည်။ ခုတော့ ငတိုသေရှာပြီကော။ အစိမ်းသေ သေရပြီကော.....

ထိုစဉ်လေသည် တောသံပေးကာ ကြောက်မက်ဖွယ် တိုက်ခတ်လာသည်။ တရှဲရှဲမြည်လာသည်။

ဖော်မွေးသည် တစ်ချက်ရှိုက်လိုက်ကာ ဆက်မပြောတော့ဘဲ ငြိမ်သက်သွားလေသည်။ ထိုစဉ် တောစပ်မှ ခွေးအူသံထွက်ပေါ်လာသည်။ ခွေးအူသံသည် ရပ်မသွား၊ ညဥ့်နက်သန်းခေါင်အူသည့် ခွေးအူသံ။

"အူး....ဝူး....ဝူး"

"အူ....အူ"

တစ်ဆက်တည်း ချေ(ဂျီ) ဟောက်သံပါ တောထဲမှ ခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။ ခွေးအူသံနှင့် ချေဟောက်သံသည် အရှေ့နှင့် အနောက်ဖြစ်သည်။

"ဟောင် ဟောင် ဟောင်"

ချေဟောက်သံသည် တိတ်ဆိတ်နေသော ညယံမို့ အတိုင်းသား ကြားနေရပေသည်။ တောခွေးကလည်း မနားတမ်း အူပြန်သည်။ ထိတ်လန့်ဖွယ်ရာပင်တည်း။

"အူ....ဝူး....ဝူး"

"ဟောင် ဟောင် ဟောင်"

ခွေးတစ်ကောင်၏ အထိတ်တလန့်အော်သံသည် ဆက်တိုက်ထွက်ပေါ်နေသည်။ တိတ်ဆိတ်နေသော ညယံတွင် တောကောင်တွေ အထိတ်တလန့်အော်ခြင်းသည် နိမိတ်မကောင်းတတ်ပေ။ ကျီးတွေ လန့်ပြိုခြင်းလည်း ထိုနည်းနှင်နှင်ပင်။ တောစောင့်နတ်၊ တောင်စောင့်နတ်တွေက သတိပေးခြင်းဖြစ်သည်ဟု လူကြီးသူမတွေက ဆိုသည်။ လွန်ခဲ့သော ရက်ပေါင်းများစွာကပင် ကျီးတွေ ညစဉ်ရက်ဆက်ပြိုခဲ့ပြီးပြီ။ ပြီးတော့ ဖွတ် အသေဆိုးနှင့် သေသည်။ ဟော ယခု ခွေးတွေ ရွာပတ်လည် ညဥ့်နက်သန်းခေါင်ဟောက်နေပေပြီ။ ဒါသည်လည်း အတိတ်နိမိတ်မကောင်းဟု ဆိုရမည်။ ထိုသို့ ညနက်သန်းခေါင် အူပြီ၊ ဟောင်ပြီ၊ ဟောက်ပြီဆိုလျှင်က သည်တစ်ခုခုဖြစ်တတ်သည်။ ဘေးဆိုး၊ ရန်ဆိုး တစ်ခုခုဖြစ်တတ် ကြုံရတတ်သည်။ ရုတ်တရက် အစိမ်းသေသေခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ အမှုဖြစ်ခြင်းတို့ ကြုံတတ်သည်ကို လူကြီးသူမတွေ ပြောစကားအရ သိရှိရမည်။ ခေတ်နောက်ပြန်သည်။ အယူသည်းသည်ဟု မဆိုနိုင်၊ မယုံမရှိနှင့်။ ပြဿနာဖြစ်တတ်သည်ကို အတွေ့အကြုံအရ သိရှိခဲ့ကြပြီ။

အသုဘစောင့် ဖဲဝိုင်းကလေးမှ ကစားသမားများသည် ခွေးဟောက်သံကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကြောင်အ၍နေကြသည်။ အချိန်အခါမဟုတ် ခွေးဟောက်သံကို သူတို့ ဘဝင်မကျကြပေ။





"နိမိတ်မကောင်းဘူးဟေ့"

ဝိုင်းသားတစ်ယောက်၏ ခပ်ကျယ်ကျယ်အော်လိုက်သံ

"ညဘက် ကျီးကန်းသံတွေပြိုလို့ ပြဿနာတက်ပြီးပြီ။ ခု ခွေးက ဟောက်နေပြန်ပြီ။ ဒုက္ခပါပဲကွာ"

တစ်ယောက်တစ်ခွန်းစကားပြောသံ ပါဝိုင်းသည် ရုတ်ခြည်း တိတ်ဆိတ်သွားသည်။ ဇော်မွေးသည် ခွေးဟောက်သံ၊ တောခွေးအူသံတွေကို နားစိုက်ရင်း အလောင်းစင်ရှိရာသို့ မင့်မရဲ လှမ်းကြည့်နေမိသည်။

အေးမြစူးရှသော လေစိမ်းသည် တဝီဝီမြည်ကာ တိုက်ခတ်လျက်ရှိသည်။ အလောင်း၏ဆံပင် လွှမ်းထားသော ဝတ်ရုံတို့သည် တရွေ့ရွေ့ တဖျပ်ဖျပ် လှုပ်ရှားနေကြသည်။

ထိုစဉ် ကျီးကန်းတွေ ရုတ်တရက် လန့်ပြိုသံထွက်ပေါ်လာသည်။

"အား....အား....အား"

ရွာအနောက်ဘက် သချိုင်းစပ်ရှိ ရေမကုဏ္ဍိုပင်ကြီးဆီမှ ကျီးကန်းရာပေါင်းများစွာ၏ ကြောက်မက်ကျယ်လောင်ဖွယ် ဆူညံသံကြီးပေတည်း။ ကျီးကန်းများသည် တောတောင်ထူထပ်လှသော သစ်ကြီး ဝါးကြီး သစ်ပင်ကြီးများတွင် လွတ်လပ်စွာနေထိုင်ကြပေရာ ကောင်ရေလည်း များလှသည်။ ထိုအခါ တစ်ရွာလုံးကို လန့်ဖျပ်နိုးကြားလာစေတော့သည်။ ထိတ်လန့်စေသည်။

ကျီးတို့သည် မရပ်မနား အော်မြည်ကြကုန်သည်။ ကောင်း

ကင်တစ်ခုလုံး လက်ယှက်ထွေးမျှ၊ တောင်ပံရှပ်ထွေးမျှ ပျံသန်းအော်ဟစ်ကြလေသည်။ ကျီးတို့သည် ရန်လိုသောအခါ ကြောက်မက်ဖွယ်အချင်းအရာကိုမြင်သောအခါ ဒေါသတကြီးအသံများဖြင့် ဝိုင်းအုံထိုးဆိတ် တုံ့ပြန်မြဲဖြစ်ကြသော သတ္တဝါကလေးများဖြစ်ကြသည်။ ယခုလည်း သုံးရက်ခန့် ငြိမ်သက်နေသော ကျီးပြုံခြင်းအမှုကိစ္စသည် ပြန်လည်၍ တစ်စခန်းတက်ပြန်ချေပြီတကား။

အသုဘစောင့်ဖဲဝိုင်းမှ ကစားသမားများသည် ဖဲချပ်များကိုအသာပစ်ချ၊ မှောင်မိုက်သော ပတ်ဝန်းကျင်ကိုကြည့်သူက ကြည့်။ အချင်းချင်းမျက်စမျက်နဖြင့် မေးဆတ်သူကဆတ်နှင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြပေသည်။

ဇော်မွေးသည် ဖဲဝိုင်းနှင့် ခပ်ဝေးဝေးတွင် တစ်ယောက်တည်းထိုင်နေပေရာ ကျီးပြုံသံကြောင့် ခေါင်းကို ဆတ်ခနဲမတ်ကာ ဟိုဟိုသည်သည် လှျောက်ကြည့်သည်။ အပြင်ဘက်တွင် အမှောင်သည် သိပ်သည်းစွာ ဖိပိုးထားဆဲ။ ကျီးပြုံသံကြောင့် တစီစီမြည်နေသော မြေတွင်းအောင်း ပုရစ်ကလေးများ၏ အသံသည် တိခနဲပြတ်သွားသည်။ တောစပ်မှ ချေ၏ ဟောက်သံသာ တစ်ချက်တစ်ချက် ထွက်ပေါ်လာသေးသည်။ လေသည် ကိုင်းတောကို ဖြတ်ကာ တိုက်ခတ်လာသဖြင့် လေချွန်သံလိုလို၊ မြွေတွန်သံလိုလို။

“ကျီးပြုံတာ ရပ်သွားပြီမှတ်တယ်။ ထပ်ပြီးပေါ်လာပြန်ပြီဟော့”

ဖဲဒိုင်ကိုင် ကိုမှတ်ကြီး၏ ခပ်ညည်းညည်းအသံ....





“ချေဟောက်သံကပါ အဆစ်ပါလိုက်သေးတယ်။ ကြောက်စရာပါလားဟော့”

“မကောင်းတဲ့ လက္ခဏာပဲ”

ဝိုင်းထဲမှ ပြောလိုက်သံ အထိတ်တလန့်သံ....

ကျီးပြုံသံသည်ရပ်တန့်မသွား။ တဲရှေ့ကောင်းကင်ယံပင်‘ကျီးတွေရာပေါင်းများစွာ လန့်ပြုံလာကာ ဆူညံစွာ အော်ဟစ်နေကြသည်။ ကြယ်ရောင်မှိန်ပျပျဖြင့် ရိပ်ခနဲ မည်းခနဲ ရှပ်ယှက်ခတ်စွာ ပျံသန်းနေကြရင်း ဆူညံစွာ အော်ဟစ်သံများကြောင့် တစ်ရွာလုံးလန့်ဖျပ်ကာနိုးနေကြလောက်ပေပြီ။

ကိုမှတ်ကြီးသည် တဲအပြင်တွင် စန့်စန့်ကြီးဖြစ်နေသော ဖွတို၏ ရုပ်အလောင်းကြီးကို တစ်ချက်မျှ မဝံ့တရဲ လှမ်းကြည့်လိုက်ပြီး

“ကဲ ဒီတစ်ပွဲပြီးရင် ရပ်ကြစို့ရဲ့။ ညဉ့်နက်လှပြီ။ နို့ ဒီမှာပဲ စုအိပ်ကြမယ်။ မနက်စောစော သက်ပျောက်ဆွမ်းအတွက် ဘုန်းကြီးတွေ ကြွလာကြဦးမှာ”

အားလုံး တစ်ညီတစ်ညွတ်တည်း ဝိုင်းသိမ်းရန် သဘောတူလိုက်ကြသည်။ အပြင်တွင် ကျီးတွေက ဒေါသတကြီး လန့်ပြုံနေဆဲ။

တောစပ်မှ ချေသည် မရပ်မနားဟောက်နေဆဲ။

ဇော်မွေးသည် တဲပြင်ပ အမှောင်ထုကို မဝံ့တရဲ လှမ်းကြည့်ရင်း သူ့နေရာတွင်ပင် အိပ်စက်ရန် အသင့်ယူလာသောစောင်ကို ဖြန့်လိုက်လေသည်။

◆ ◆ ◆

ညသည် အရိုန်ရခါစမြေးတစ်စင်းလို ဆက်လက်၍ ရွေ့လျား နေလေသည်။ အပြင်ဘက်တွင် မြောက်လေသည် သာသာဆဆ တိုက်ခတ်လျက်ရှိ၏။ နှင်းလေသည် အရိုးကွဲမျှအေးစက်လှသည်။ တဲ၏အပြင်ဘက် အသုဘစင်နှင့် မလှမ်းမကမ်းတွင် ခြင်မကိုက်ရန်၊ တောကောင်များမလာနိုင်ရန် ဖိုထားသော မီးဖိုသည်ပင် မီးညွန့်များ အရှိန်သေခါစပြုပြီ။ သို့သော် တငွေ့ငွေ့တောက်လောင်နေဆဲအရှိန်တော့ ရှိနေသေးသည်။ မီးညွန့်များသည် တွန့်လိမ်လျက် အထက်သို့တက်နေ ၏။ လွန်ခဲ့သော မိနစ်ပိုင်းကမှ မအိပ်ခင်ထည့်သွားသော ကိုမှတ်ကြီး ၏ ထင်းတုံးထဲတွင် မခြောက်တခြောက်ထင်းပိုင်းတစ်ပိုင်းပါသွား သည် ထင်သည်။ ထင်းစိုနှင့် မီးတောက်၏ တွေ့ဆုံရာမှ တဖျစ်ဖျစ် မြည်နေသော တောက်လောင်သံသည် မိန်းမငယ်တစ်ယောက်၏ တီး တိုးစကားပြောသံနှင့်တူသည်။ ငိုညည်းသံနှင့်တူသည်။

ညအမှောင်၊ မီးဖိုတစ်ခု၊ နှင်းတောထဲတွင် အမိုးအကာမဲ့ ချထားရရှာသော လူသေအလောင်းတစ်လောင်း။

ကောင်းကင်ပြင်တွင်တော့ ရာသီဥတုမှာ ကြည်လင်ချမ်းမြေ့ လျက်ရှိပေရာ တိမ်တိုက်အစုအဝေးတစ်ခု ဖျင်းရိစွာရွေ့လျားနေသည်။

အသုဘစောင့်သူအားလုံး ယောက်ျားချည်းဖြစ်သည်။ သူတို့ သည် တစ်နေကုန် အိမ်မပြန်ဘဲ မထစတမ်းဖဲချပ်များကို ပွတ်ဆွဲလာ ကြရာ ယခုတော့ ထန်းကြောဖျာပေါ်တွင် စွန့်ပစ်ထားသော ထင်းတုံး တွေလို ဖရိုဖရဲအိပ်ပျော်နေကြလေ၏။ အားလုံးရှစ်ယောက်တိတိ၊ ညီ လုံးသည် လုံချည်ခြုံကာ မီးဖုတ်ထားသော ပုစွန်တုပ်လို ခပ်ကွေးကွေး





အိပ်ပျော်နေသည်။ ဟောက်များပင် ဟောက်နေသည်။ ဖွာလန်ကြဲနေ သော ဆံပင်ဘုတ်သိုက်မည်းမြောင် အသားကြောင့် မီးဖုတ်ထားသော ပုစွန်နှင့်တူနေခြင်းဖြစ်သည်။ ထန်းတက်သမားတော်တီးသည် ပါးစပ် ကြီးဟာကာ တခွီးခွီးမြည်လျက် အိပ်မောကျနေပြီ။ ရှေ့သွားများခေါ ၍ လန်ထွက်နေသောကြောင့် လူသေကောင်နှင့်တူနေသည်။ ကျန်သူ များကတော့ စောင်းလျက်တစ်မျိုး၊ ပက်လက်တစ်မျိုး၊ စောင်ခြုံသူက ခြုံ၊ တစ်ယောက်ခါးပေါ်တစ်ယောက် ခွသူခွနှင့် ပြန့်ကြဲကာ အိပ်ပျော် နေကြခြင်းပင်။

လုံးဝမအိပ်နိုင်သူတစ်ယောက်တော့ရှိသည်။

ဇော်မွေး။ သူသည် ဖဲဝိုင်းထဲလည်းမပါ။ ပါရအောင်ကလည်း ငွေမရှိ။ ငွေရှိမှ ဖဲဝိုင်းထဲဝင်နိုင်မည်မဟုတ်ပါလား။ သူသည် အချစ် ဆုံးသူငယ်ချင်း၏ အသုဘအတွက် ကူညီလုပ်ကိုင်ပေးရန် စိတ်တုံးတုံး ချထားခြင်းဖြင့် အိမ်မပြန်ဘဲ လာရောက်နေခြင်းဖြစ်သည်။

သူသည် ဖဲဝိုင်းဘေးတွင်ပင် အပူပင်ကမ်းမဲ့စွာ အိပ်ပျော် နေကြသောအုပ်စုကိုစိုက်ကြည့်နေမိသည်။ အသေကောင်တွေလို နှစ် ခြိုက်စွာ အိပ်ပျော်နေကြခြင်းဖြစ်သည်။ ဖဲသမားတို့မည်သည် အံ့ဩ စရာကောင်းလှ၏။ သုံးလေးရက်တိုင်တိုင် အိမ်မပြန်၊ အလုပ်မလုပ်ဘဲ ဝိုင်းထဲတွင် ဆီးချုပ်၊ ဝမ်းချုပ် ယောင်၍ပင်မထတမ်း ဖဲချပ်များအပေါ် အာရုံစိုက်လွန်းသည်မှာ ထူးဆန်းလှသည်ဟု ဆိုနိုင်ပေသည်။

ဇော်မွေးသည် တဲ၏ ဝါးပိုးဝါးတိုင်ကို မှီကာ စောင်ခြုံလျက် ခန္ဓာကိုယ်ခပ်လျော့လျော့အနေအထားဖြင့် ထိုင်နေခြင်းဖြစ်သည်။ သူ၏

မြင်ကွင်းရှေ့တည့်တည့်တွင် ကစဥ့်ကလျားအိပ်ပျော်နေသူတစ်ဦး၊ ခပ်ဝေးဝေးတဲပြင်ပနှင့် တဲအောက်တွင် အမိုးအကာမဲ့ ရုပ်အလောင်းတစ်လောင်းသာရှိသည်။ ထိုမြင်ကွင်းနှစ်ခုဆီသို့သာ သူ၏အာရုံက တစ်လှည့်စီ ကူးလူးရွေ့လျားလျက်ရှိပေသည်။

အသုဘရှင် ချထားပေးသော လက်ဖက်ပန်းကန် နှစ်ပန်းကန်ကား တစ်ဖွန်းစာမျှစီရှိသော ဖင်ကပ်ကလေးဖြင့် ပေပွနေကာ ဖွန်းတပ်လျက်ငြိမ်သက်နေပေသည်။ ဇော်မွေးသည် လက်ဖက်ပန်းကန်နှုတ်ခမ်းဆီသို့ အဓိပ္ပာယ်မဲ့ ငေးကြည့်နေပေရာ ရောမပိုးဟပ်ကြီးတစ်ကောင် ပန်းကန်တစ်ချပ်နားသို့ ရွေ့လျားချဥ်းကပ်လာသည်ကို ဖျတ်ခနဲတွေ့လိုက်သည်။ လက်ဖက်ပန်းကန်ရှိရာသို့ ပိုးဟပ်ကြီးချဥ်းကပ်ရွေ့လျားလာပုံမှာ သည်းထိတ်ရင်ဖို ရုပ်ရှင်ကားတစ်ကားကိုကြည့်နေရသလို ကြည့်ကောင်းလှသည်။ အိမ်တစ်အိမ်ကို အနုကြမ်းစီးတော့မည့် လူဆိုး၏ ချဥ်းနင်းဝင်ရောက်ပုံနှင့်တူသည်။ ထန်းကြောဖျာစပ်မှ ထွက်ကာ ဦးခေါင်းအနည်းငယ်ထုတ်၍ အာရုံခံနှာမောင်းနှစ်ချောင်းဖြင့် ရွေ့လျားကြည့်ရှုနေပုံ၊ ငြိမ်သက်စူးစမ်းဟန်ဖြင့် မရွေ့မလျား သတိအနေအထားဖြင့် ပန်းကန်ရှိရာသို့ စူးစိုက်ကြည့်ရှုနေပုံမှာ အလွန်ပါးနပ်လိမ္မာလှသော ရာဇဝင်လူဆိုးတစ်ယောက်၏ အပြုအမူနှင့် တူလှသည်။ ထို့နောက် လျင်မြန်သော ခြေလှမ်းများဖြင့် ပန်းကန်နှုတ်ခမ်းသို့ ရွှေ့ခနဲခုန်တက်၊ နမ်းစေ့တစ်စေ့ကို ကိုက်ဖဲ့ဆွဲယူထွက်ပြေးကာ ဖျာကြားသို့ဝင်ရောက်သွားပုံမှာ ခုန်သောရင်ဖြင့်ကြည့်၍ကောင်းလှသည်။ သရုပ်ဖော်ချက်ပီပြင်လှသည်။





ဇော်မွေး၏ အာရုံက တစ်နေရာဆီသို့ လွင့်သွားပြန်သည်။ သူသည် အိပ်ချင်စိတ်ကိုကြိုးစား၍ ပျိုးထောင်သော်လည်း လုံးဝအိပ်၍ မရ။ မျက်စိကြောင်သည်ဟု ပြောရပေမည်။ ဆောင်းလေသည် ဟာလာဟင်းလင်းပွင့်နေသော မြေစိုက်တဲတွင်းသို့ တရှိုးရှိုးမြည်ကာ တသုန်သုန်တိုက်ခတ်လျက်ရှိသည်။ သူသည် အိပ်မရသည့်အတူတူ ဆေးပေါ့လိပ်တစ်လိပ်ပြီး တစ်လိပ်ဖွာနေရသည်မှ ကောင်းမည်ဟု တွေးကာ ဆေးလိပ်ကိုထုတ်ကာ မီးခြစ်ခြစ်ရန် ပြင်ဆင်လိုက်ချိန်မှာပင် ငှက်ဆိုးတစ်ကောင်စီ၏ ဂီးခနဲအလန့်တကြား အော်လိုက်သံကို ကြားလိုက်ရပေသည်။

သူသည် ဆေးလိပ်ကိုကိုင်လျက်ဖြင့် အလောင်းစင်ရှိရာသို့ လှမ်းကြည့်လိုက်သည်။

"ဟိုက်"

ဂီးခနဲအော်လိုက်သော လင်ကောင်ပိုးငှက်ကြီးသည် အလောင်း၏ရင်ဘတ်တွင် ခုန်တက်၍ နားနေခြင်းပင်တည်း။ သူ လှမ်းကြည့်နေဆဲမှာပင် ငှက်ကြီးသည် ဂီးခနဲတစ်ချက်အော်ကာ ရုတ်တရက် ထပျံသွားသည်။ အမှောင်ထုထဲသို့ဝင်ရောက်ပျောက်ကွယ်သွား၏။

"ကောင်းရောပဲ ကျက်သရေမရှိလိုက်တဲ့ ငှက်စုတ်၊ အလောင်းပေါ်မှာမှ တက်နားရတယ်လို့"

သူသည် ဆေးလိပ်ကိုဆက်ကာဆက်ကာ ဖွာရှိုက်လိုက်သည်။

ညသည် တိတ်ဆိတ်လျက်ရှိစမြဲ။ မီးဖိုမှ မီးများသည် အငွေ့သေစပြုကာ မီးခိုးများအူလျက် တလွင့်လွင့်ပျံတက်နေပေသည်။

ဖဲသမားများသည် မလှုပ်မယှက် အရှိန်သေစပြုနေသော အောက်လင်းမီးအောက်တွင် အတုံးအရုန်း။

"ခုချိန်ဆို ည (၁၂)နာရီလောက်ရှိပြီထင်ပါရဲ့"

သူသည် အသံထွက်အောင် ရေရွှင် ပိုက်စဉ်မှာပင် တိုက်ခတ်နေသော ဆောင်းလေပြေအောက်တွင် အသံတစ်သံကိုစတင်ကြားလိုက်ရသည်။

လေတိုးသံလိုလို ညည်းသံလိုလို မသဲကွဲ။

ဇော်မွေးသည် ဆေးပေါ့လိပ်ကို အသာပစ်ချလိုက်ကာ အသံထွက်ပေါ်လာသော တဲအပြင်အမှောင်ထုထဲသို့ စိုက်ကြည့်လိုက်မိသည်။ နားစွင့်ထောင်သည်။ အသက်မရှူရဲ။

ရုတ်တရက် လေက ဆောင့်တိုက်လိုက်သည်။ စိမ့်ခနဲတစ်ချက်အေးသွားကာ စန့်စန့်ကြီးလဲလျောင်းနေသော ရုပ်အလောင်းသည် လှုပ်သွားသည်ထင်လိုက်ရသည်။ အမြင်အာရုံသည် မသဲကွဲမပီသ။

"ဟုတ်တယ်။ အလောင်းက ှုပ်သွားတာ"

အေးရှသော လေပြေများက ရုပ်အလောင်း၏ခန္ဓာကိုယ်တစ်ခုလုံးနှင့် အဝတ်လွှတ်နေသော မျက်နှာပြင်ကို ထိုးဖောက်စိမ့်ဝင်ရန် ဟူးဟူးလောင်လောင် ပြေးဝင်လာကြလေပြီ။

ဇော်မွေး၏ ခန္ဓာကိုယ်သည် တစ်ချက်တုန်ခါသွားသည်။

"ညည်းညူသံတစ်ချက် ကြားလိုက်ရသလိုပဲ။ ငွတိုက သေနေပြီလေ။ သူက အသံထွက်ပြီး ဘယ်လိုမှမညည်းညူနိုင်တော့ဘူး"





ကြည့်နေရင်းမှာပင် အလောင်းကောင် ငွတို၏ပါးစပ်ကြီးသည် လှုပ်စိလှုပ်စိ ဖြစ်လာသည်ထင်သည်။

ဇော်မွေးသည် မျက်စိကိုလက်ခုံနှင့် ပွတ်၍ကြည့်သည်။

"ဘုရား····ဘုရား"

အံ့ဩတုန်လှုပ်မှုဖြင့် ဇော်မွေး၏ ခန္ဓာကိုယ်တွင်းရှိ ခွန်အားအသိစိတ်များသည် ခန္ဓာကိုယ်ပြင်ပသို့ စိမ့်ယိုပြန့်စီးသွားသကဲ့သို့ ခံစားလိုက်ရခြင်းဖြစ်သည်။ သူ၏အကြည့်များက အလောင်းကောင် ငွတိုကို ထိတ်ထိတ်ပျာပျာ လှမ်းကြည့်နေဆဲမှာပင်····

"အမလေးဗျာ ကယ်ကြပါဦး"

ဇော်မွေးသည် ပူးကပ်ထားသော ဒူးနှစ်ဖက် တဆတ်ဆတ်ရိုက်ကာ ချွေးစေးတွေ ချက်ချင်းပြန်လာသည်။ လန့်ဖျပ်ကာ အသံကုန်အော်လိုက်သည်။

ခြေဆင်းကာ ထထိုင်နေသော အလောင်းကောင်

သူ၏ရင်ထဲမှ အသိတရားသည် ဗလာဟင်းလင်းဖြစ်သွားကာ နှလုံးခုန်သံသည် အင်ဂျင်စက်အိုကြီးတစ်လုံး၊ မနှိုးချင် နှိုးချင်နှိုးလိုက်သလို တဗုန်းဗုန်းမြည်ဟည်းသွားတော့သည်။ လက်တစ်ဖက်မှာ ကိုင်ထားသော မီးခြစ်သည် ချွေးစေးဖြင့် ချော်ချွတ်ကာ လွင့်စဉ်ကျသွားသည်။

သူ အလန့်တကြားကြည့်နေစဉ်မှာပင် အလောင်းကောင်ကြီးသည် ကိုယ်ပေါ်မှာ လွှမ်းထားသော အဝတ်စတွေ ခွာချနေပေပြီ။

"ဘုရား····ဘုရား ဟောကောင်တွေ မှတ်ကြီးတို့၊ ညီလုံး

တို့ လုပ်ကြပါဦးဟ၊ ထကြပါဦးဟ ဟိုမှာလူသေကောင်ကြီး ဖုတ်ဝင်လာပြီ"

သူသည်နီးစပ်ရာ ခွေအိပ်နေသော လူတစ်ယောက်ကို နှိုးသွားကာ ခြေဖြင့်ခပ်ပြင်းပြင်းကန်ထည့်လိုက်သည်။

"ကဲဟာ...."

"ဘုတ်...."

အကန်ခံရသည် မနိုး။ လှုပ်ပင်မလှုပ်။ တုတ်တုတ်မျှမရွေ့ သစ်တုံးကို ခြေထောက်နှင့်ကန်သလိုပဲ ဖြစ်သည်။ နောက်တစ်ချက်ကန်သည် မလှုပ်ရှား။

"ဘုရား....ဘုရား ဘယ်လိုဖြစ်တာလဲ။ တစ်ယောက်မှ မနိုးပါလား"

ထိုအချိန်တွင် အလောင်းကောင်ကြီး ငွတိုသည် အလောင်းစင်ဝါးကပ်ပေါ်မှ ယိုင်ထိုးဆင်းလာလေပြီကော။ လည်ပင်းကြီး လိမ်စောင်းစောင်းကြီးဖြင့် မီးရောင်ရှိရာတဲအ ဝင်းသို့ ပြူးထွက်နေသော မျက်လုံးကြီးများဖြင့် တွေ့စိုက်ကြည့်လိုက်ဆိုသည်နှင့် ဖော်မွေးသည် သတိလစ်မတတ် ကြောက်ရွံ့ထိတ်လန့်သွားကာ....

"ဒါ ဖုတ်ဝင်လာတာ၊ အပမီလာတာ ဘုရား....ဘုရား ဒီဘက်ကို ယိုင်ထိုးယိုင်တိနဲ့ လျှောက်လာပြီ။ အမေရေ ကယ်တော်မူပါ"

မှန်ပေသည်။

အလောင်းကောင်ကြီးသည် အသိစိတ်မဲ့နေသော ခန္ဓာကိုယ်





ကြီးကို သယ်ဆောင်ကာ ပြူးကျယ်သောမျက်လုံး၊ ညှိုမည်းနေသော မျက်နှာ၊ ဖောသွပ်သွပ်ခန္ဓာကိုယ်ကြီးဖြင့် အိပ်ပျော်နေသော လူတစ်စုရှိရာသို့ တစ်လှမ်းချင်း လျှောက်လာခြင်းဖြစ်သည်။

အပြင်တွင် လေသည် တရှိုးရှိုးမြည်သံပေးကာ တိုက်ခတ်လျက်ရှိသည်။

ဖော်မွေးသည် တရွေ့ရွေ့အသက်ဝင်လာ လှုပ်ရှားလာသော ဖုတ်ကောင်ငွတိုကိုကြည့်ကာ ငယ်သံပါအောင် တစ်ချက်အော်ပစ်လိုက်သည်။

"အား.... ကယ်ကြပါဦးဗျို့၊ ဒီမှာ လူသေကောင်ကြီး ထလာပြီ"

တိတ်ဆိတ်နေသော အေးခဲလှင်းမှုန်နေသည့် ညယံကို သူ၏ အသံက ဟိန်းဟိန်းညံမျှ ထိုးဖောက်သွားခဲ့သည်။ အော်သံသည် အသုဘနာရေး တဲသာမက တစ်ရွာလုံးကိုပင် လန့်ဖျပ်နိုးထသွားစေသည်။ သွေးရူးသွေးတန်း ဟစ်အော်လိုက်သည့် ဝမ်းခေါင်းသံကြီးပင်ဖြစ်ပေသည်တကား။ သို့သော် ပတ်ဝန်းကျင်သည် အော်သံကြောင့် မည်သည့်တုံ့ပြန်ချက်မျှမရှိဘဲ ပကတိတိတ်ဆိတ်နေမြဲ။ ငြိမ်သက်နေမြဲ။

ဖျာကြမ်းပေါ်တွင် ခွေခေါက်တွန့်လိမ်ကာ အိပ်ပျော်နေကြသော ဖဲသမားတစ်စုသည် တုတ်တုတ်မျှပင် မရွေ့လျား။ သူတို့သည် လူတို့ဆွန့်ပစ်ထားသော ညောင်ပင်အောက်မှ ရုပ်တုတွေလို၊ သုသာန်မြေမှ လူသေကောင်တွေလို မလှုပ်မရှား ငြိမ်သက်လျက်။

ဇော်မွေးသည် အိပ်ပျော်နေသူတွေကို တစ်ချက်စိုက်ကြည့်ပြီး ငိုသံပါကြီးဖြင့်····

"အကုန်လုံးကို ဖုတ်ကောင်က အသက်နုတ်ပစ်လိုက်ပြီ ထင်တယ်။ သေကုန်ကြပြီ။ မသာဖြစ်ကုန်ပြီ။ ဒါကြောင့် ငါလိပ်ခေါင်းထွက်အောင် အော်တာတောင် ပြန်မထူးကြဘူး။ မနိုးကြဘူး။ ဒုက္ခပါပဲ အမေရေ ဘုရား····ဘုရား ဥတို တပြည်းပြည်းနဲ့ တဲထဲဝင်လာပြီ လုပ်ကြပါဦး"

ဇော်မွေးသည် သောင်စပ်မှ ငါးအသေကောင်တွေလို တုံးလုံးပက်လက်ဖြစ်နေသော မှတ်ကြီး၊ ညိုလုံးတို့ကိုပင် အထိတ်တလန့် ငုံ့ကြည့်နေမိသည်။ အစဉ်နိုးကြားတက်ကြွလေ့ရှိသော ကိုမှတ်ကြီးသည် ဒူးပေါ်ပေါင်ပေါ် ပါးစပ်ကြီးပြဲကာ အိပ်ပျော်နေသည်။ အသက်မှရှိပါလေစ။ သူတို့အားလုံး ဘာကြောင့် မနိုးထကြဘဲ သတိလစ်မေ့မြောနေကြသနည်း။ အဆိပ်မိ၍လော။ အိပ်ဆေးမိ၍လော။ အသက်နှင့်ခန္ဓာကိုယ်တွေမြဲမှ မြဲပါလေသလော။

ဇော်မွေးသည် တစ်ချက်ကျုံးအော်ရန် ကြိုးစားလိုက်သည်။

ထိုအချိန်တွင် အလောင်းကောင်ကြီး ဥတိုသည် တဲ၏တံစက်မြိတ်အောက်တွင် တည်တည်ကြီးရပ်ကာ ဇော်မွေးကို စိုက်ကြည့်လေသည်။ မျက်ဝန်းသေများသည် တစ်စုံတစ်ခုကို ပြောကြားနေကြလေပြီ။

ဇော်မွေး၏ခန္ဓာကိုယ်သည် ငှက်ဖျားဝင်သလို တဆတ်ဆတ်တုန်လာသည်။ ရင်ထဲမှာ မွန်းကြပ်လာကာ ရေမွန်းသလို ခံစားလိုက်





ရသည်။

"အာ လုပ်ကြပါဦး ကယ်ကြပါဦးဗျို့။ ဖုတ်ကောင်ကြီး အသက်ဝင်လာပြီ"

ဥတိုသည် အရုပ်ကြီးတစ်ရုပ်လို ပြူးကြောင်ကြောင် မလှုပ်မယှက် ရပ်နေသည်။

ဇော်မွေးသည် ငယ်သံပါအောင် အော်ဟစ်သံသည် ဆောင်းလေထဲတွင် ပြန့်နှံ့သွားသော်လည်း အချည်းနှီးသာ။

တဲရှေ့တံစက်မြိတ်အောက်တွင် ယိုင်ထိုးယိုင်ထိုးနှင့် ရပ်နေသော မျက်နှာမည်းပုပ်ပုပ် ခန္ဓာကိုယ်ကြီးနှင့် ဥတိုသည် အိပ်ပျော်နေသူတွေကို တစ်ချက်မျှ ငုံ့ကြည့်လိုက်သည်။ ထူအမ်းအမ်း နှုတ်ခမ်းအစုံမှာ သပြေသီးမှည့်လို အရောင်သမ်းနေကာ သချိုင်းဝှ၏ဖြိုပျက်နေသော တံခါးနှစ်ချပ်နှင့်သဏ္ဍာန်တူသည်။ မီးရောင်မှိန်မှိန်အောက်မှာပင် ကွမ်းချိုးစွဲနေသော သွားကြီးတွေကို မြင်နေရ၍ ဇော်မွေးသည် ငိုချင်သလို၊ ရယ်ချင်သလို ရူးချင်ချင်ဖြစ်သွားသည်။ နှုတ်ခမ်းထောင့်စွန်းမှ ညှီဟောက်သိုးပုပ်သည့် အရည်တွေက စီးကျနေသေးသည်။

ဥတိုသည် ပြူးကြောင်သော မျက်လုံးသေကြီးများဖြင့် ဇော်မွေးကို တစ်ချက်စိုက်ကြည့်ကာ တဲထောင့်တွင် စုပုံထားသော ပစ္စည်းပုံကြီးဆီသို့ လက်ညှိုးညွှန်ပြလေသည်။

သူလှမ်းကြည့်လိုက်တော့ အသုဘချလျှင် တီးမှုတ်ရန်အတွက် ချထားသော တူရိယာပစ္စည်းများဖြစ်နေသည်။ ဗုံ၊ လင်းကွင်း၊ နှဲ

ဝါးလက်ခုပ် စသည့်ရွာက ပိုင်ဆိုင်ထားသောပစ္စည်းများ ဖြစ်သည်။ (ဤအရပ်သည် အသုဘချလျှင် ဆိုင်းဝိုင်းပါဝင်လေ့ရှိသည်။)

သူလှမ်းကြည့်လေတော့ ဌတိုသည် တူရိယာပုံကြီးကို မေးဆက်ပြလေသည်။

"ဘုရား....ဘုရား ဘာလုပ်မှာတုံး"

ဌတိုသည် လက်သီးဆုပ်နှစ်ခုကို ပူးချည်စွာ ချည်လုပ်ပြသည်။ ဆိုင်းတီးပါဟူသည့် သဘော။ ဇော်မွေးသည် ရုတ်ခြည်း ချွေးပြန်လာလေပြီ။

အမှန်တော့ ဌတိုသည် သူ၏အချစ်ဆုံးသူငယ်ချင်းတစ်ယောက်သာဖြစ်သည်။ သေတူ ရှင်ဘက် နှစ်ကိုယ့်တစ်စိတ်ဟုပင် ဆိုနိုင်သည်။ ယခုတော့ သေလူနှင့် ရှင်လူ ဘဝချင်းက ဆက်စပ်မရအောင် ခြားနားနေလေပြီ။ အခုတော့ ဘဝချင်းခြားလေသူက တစ္ဆေဖုတ် ပူးဝင်ကာ အပမှီနေလေ၏။ ဆိုင်းတီးရန် အသုဘကောင်ကြီးတစ်ဖြစ်လဲ ဌတိုက ညွှန်ပြနေလေပြီကော။

မတတ်နိုင်။ နောင်ခါလာ နောင်ချေးပေါ့။ ကြောက်နေ၍ မဖြစ်။ အသက်ရှင်ဖို့ အရေးကြီးသည်။ ဇော်မွေးသည် အသိစိတ်နှင့် ခန္ဓာကိုယ်ကို သဟဇာတဖြစ်အောင်ပြန်၍ စုစည်းလိုက်မိသည်။ ရေနစ်နေစဉ်တွင် လက်လှမ်းမီရာ မြက်ပင်လေးတစ်ဖုတ်သည်ပင် အသက်ရှင်ရပ်တည်ရာ ယုံကြည်ရာအားကိုးတကြီးပစ္စည်းလေးမဟုတ်လော။ သူ့ခန္ဓာကိုယ်ထဲတွင် အသက်ရှင်ရပ်တည်ရေးတစ်ခုသည် တစ်ကိုယ်လုံးဆီသို့ နွေးရှိန်းစွာ စီးပျံ့ပူးဝင်သွားသည်။





သူသည်တိုင်ကို ကျော်မှီနေရာမှ အသာထ၊ စောင်ကိုခွါကာ သတိနှင့် မတ်တတ်ရပ်လိုက်လေသည်။ လူနှင့် တိရစ္ဆာန်သတ္တဝါများသည် အသက်ဘေးအန္တရာယ်နှင့် ကြုံရဆုံရလေသောအခါ မိမိအသက်ရှင်ရေးအတွက် ထွက်ပေါက်တစ်ခုခုကိုရှာကြစမြဲ။ တိရစ္ဆာန်ကလေးများသော်မှ နိမ့်ကျသောဘဝကို ရောက်ရှိနေသော်လည်း မိမိအသက်ခန္ဓာကိုယ်ကို တွယ်တာမြတ်နိုးကြသည်ချည်းပင်။ သေရမှာကိုကြောက်ရွံ့ကြသည်ပင်။ ထိုအခါ တွယ်တာရာတစ်ခုခုကို အားကိုးတကြီး ရှာဖွေဖက်တွယ်ထားတတ်ကြသည်။

ဇော်မွေးသည် မိမိ၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းလမ်းကြောင်းကို စိတ်ထဲမှ ရှာဖွေလျက်ရှိသည်။ ယခု သူနှင့်ရင်ဆိုင်နေရသော ဖုတ်ဝင်သည်ကြီးကား သူ့အချစ်ဆုံး သူငယ်ချင်းဌတိုမဟုတ်တော့သည်ကို နားလည်ထားသည်။ ဌတို၏ခန္ဓာကိုယ်ထဲသို့ မကောင်းဆိုးဝါးကောင် ပူးကပ်နေလေပြီ။

ဇော်မွေးသည် အသေကောင်တွေလို မလှုပ်မယှက် အိပ်မောကျနေသော သူငယ်ချင်း ဖဲသမားတွေနိုးဖို့အရေးကြီးသည်။ သူသည် အလောင်းကောင်ကြီးညွှန်ပြရာသို့သွားရန် ခြေလှမ်းလိုက်ပြီး သူ့ရှေ့တွင် ကန့်လန့်ဖြတ် အိပ်ပျော်နေသော မှတ်ကြီး၏ ခြေထောက်ကို အားနှင့်ကြိတ်၍ နင်းခြေလိုက်သည်။ အိပ်ပျော်ရာမှ တမင်နာကျင်အောင် လန့်နိုးအောင် တက်နင်းလိုက်ခြင်းဖြစ်သည်။

"ကဲကွာ ဒီလောက် ကုလားသေကုလားမော အိပ်ချင်ဦး"

မှတ်ကြီးဆီမှ မည်သည့်တုံ့ပြန်သံမှ ထွက်မလာပေ။ သူ

အံ့သြသွားသည်။ ဒီလောက်နောကျင်အောင် ကြိတ်ချုံနင်းရာ ဘာကြောင့် မနိုးသလဲ။ နောက်တစ်ယောက် ထွန်းခ၊ ထွန်းခ၏ အရိုးပဒေသာ လက်မောင်းကို ဆောင့်နင်းချလိုက်ပြန်သည်။ ဖနောင့်နှင့် ကြိတ်နင်း လိုက်ခြင်းပင်။

"အင်းကွာ"

ထွန်းခမလှုပ်မယှက်။ နောက်တစ်ယောက်မြလှ၊ တင်ပါးကို ခြေဖြင့် ခပ်ပြင်းပြင်းခတ်ကာ နှိုးလိုက်သည်။

"ဖုန်း"

မြလှထံမှ မည်သည့်ညည်းညူအော်ဟစ်တုံ့ပြန်သံမှ ထွက် ပေါ်မလာ။ မတုန်မလှုပ် ငှက်ပျောတုံးတွေလို တုပ်တုပ်မျှပင် မလှုပ် ကြပေ။

နော်ဆုံး တဝေါဝေါအသံထွက်ဟောက်ကာ အိပ်ပျော်နေ သော ကုလားပုကျောကုန်းကို အုန်းခနဲမြည်အောင် ကန်ထည့်လိုက် သည်။ ကုလားပု ဘာမှမဖြစ်။ အသံပင်မထွက်။

ဇော်မွေးသည် သွေးကြောင်ချင်သလိုလိုဖြစ်လာသည်။ ချွေး ပြန်စပြုလာသည်။

"ဘုရား....ဘုရား ဘယ်လိုဖြစ်ကြတာလဲ။ ငါ ဒီလောက် မချိမဆန့်ဖြစ်အောင် ခြေကန်ပြီးနှိုးတာတောင် တစ်ယောက်မှ မနိုးကြ ပါလား။ မဖြုန်ကြပါလား။ ဘယ်လိုဖြစ်ကြတာလဲ"

သူသည် အလောင်းကောင်ကြီး လက်ညှိုးညွှန်ရာ တူရိယာ ပစ္စည်းထားရာသို့ မရွံ့မရဲတိုးကပ်လိုက်ကာ တီးခတ်လျှင် အသံအမြည်





ဆုံး တူရိယာတစ်ခုကို ကောက်ကိုင်လိုက်သည်။ လူဆိုသည်မှာ သေ ဘေးကြုံလာလျှင် အသက်ရှင် ရပ်တည်ရေးကို ရှာဖွေတတ်မြဲအတိုင်း လင်းကွင်းကြီးကို ကောက်ကိုင်လိုက်ခြင်းဖြစ်သည်။ လင်းကွင်းသည် နရာမထမင်းစားပန်းကန်ပြားကြီးအရွယ်ဖြစ်သည်။

"ငါ့လူတွေ သေကုန်ကြပြီလား"

ထိုစဉ် ယိုင်ထိုး ယိုင်ထိုးဖြင့် လူသေဝါးကပ်ပေါ်မှ ဆင်းလာ သော အလောင်းကောင်ကြီး ဝွတိုသည် ဇော်မွေးနှင့် နှစ်လံကွာ တွင် မတ်တတ်ရပ်နေသည်။ ထို့နောက် လက်သီးဆုပ်နှစ်ခုကို ပူးချည် ခွာချည် လုပ်ပြသည်။

"ဘုရား....ဘုရား လင်းကွင်းတီးခိုင်းတာကိုး"

ဇော်မွေးသည် လင်းကွင်းကို ကောက်ကိုင်ကာ အားပါးတရ တီးလေတော့သည်။

"ချမ်း....ချမ်း....ချမ်း"

"ဝွမ်း....ခလွမ်း....ချမ်း....ချမ်း....ချမ်း"

"ကဲကွာ....ကဲကွာ.... အိပ်ပျော်နေသူတွေ မနိုးကြနဲ့ဦး"

ဇော်မွေးသည် လင်းကွင်းကြီးနှစ်ချပ်စလုံး အစိတ်စိတ် အမွှာမွှာကွဲလုမတတ် အားပါးတရ တီးလေတော့သည်တကား။ သူ သည် လင်းကွင်းသံကြောင့် အိပ်ပျော်နေသူတွေ လန့်ဖျပ်နိုးသွားစေ ရန် အားပါးတရ တီးခတ်လိုက်ခြင်းဖြစ်သည်။

သို့သော် မည်သူမျှမနိုး။ တုတ်တုတ်မလှုပ်။ အံ့သြစရာ ပေတကား။

"ဘုရားရေ တစ်ယောက်မှ မနိုးကြပါလား"

ထိုအချိန်တွင် သူ၏ အသိထဲတွင် ဆင်ခြင်သိ၊ ကြောက်စိတ်တို့သည် ပူးတွဲလျက်ရှိပြီး လင်းကွင်းကို အားပါးတရ တီးနေရာမှ တဲအပြင်သို့ တဖြည်းဖြည်း ထွက်လိုက်သည်။

အသုဘကောင်ကို ရွာထဲသို့ မှားခေါ်မည်။ လူတွေနိုးအောင် တစ်ခုခုပြုလုပ်မည်။

ဖော်မွေးသည် လင်းကွင်းကို အဆက်မပြတ်တီးသည်။ ပတ်ဝန်းကျင်တွင် လင်းကွင်းသံ၏ စည်းမကျ ဝါးမကျ ဆူညံနေသောအသံသည် နားစည်ကွဲမတတ် ပေါ်ထွက်နေသည်။ မည်သူမျှ မနိုး။

သူသည် ရွာပြင်လမ်းအတိုင်း လင်းကွင်းတီးလျက် ထွက်လာသည်။ ထိုအချိန်တွင် သူ့ရင်ထဲတွင် ကြောက်စိတ်ပြယ်စပြုလာသည်။ အသိအာရုံထဲမှာ တစ်ခုခုလုပ်ဖို့ပဲ စဉ်းစားနေမိသည်။

ဖုတ်ဝင်ကောင်ကြီးကလည်း ကိုးရိုးကားရား ကလျက်ပါလာသည်။ လည်ပင်းဆီမှ မြွေကိုက်ရာကြီးရှိပေရာ ထိုနေရာမှ သွေးပုပ်ပြည်ပုပ်တွေစီးကျနေသည်ကို မြင်နေရသည်။ အော်ဂလီဆန်ဖွယ်ရာပင်တကား။

မကောင်းဆိုးဝါး ဖုတ်ကောင်ကြီးသည် ဖော်မွေး၏နောက် ဝါးနှစ်ပြန်လောက်မှ ကိုးရိုးကားရား ယိုင်ထိုးကာ ကခုန်ရင်း လိုက်လာလေပြီ။

ပတ်ဝန်းကျင်သည် ကြယ်ရောင်ဖြင့်သာ မှုန်ဝါးဝါး။ ခပ်ဝေးဝေးဆီမှ တောအုပ်၊ ထန်းတော၊ စပါးပုံ စသည်တို့သည် အမှောင်ထု





အောက်ဆီတွင် ပကတိငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ ဖော်မွေးသည် လင်းကွင်းနှစ်ချပ်ကို နားပွင့်မထွက်မတတ် တီးခတ်ရင်း ဖုတ်ကောင်ကြီးကို မှားခေါ်လာသည်။ သည်အချိန်တွင် သူ့ရင်ထဲတွင် ကြောက်ရွံ့ထိတ်လန့်စိတ် အနည်းငယ်သက်သာရာရကာ သူ၏ လွတ်မြောက်ရာလမ်းကို ရှာဖွေနေမိသည်။

သူသည် အနောက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ အဆီပြန်ဖောသွပ်သွပ်မျက်နှာ၊ ပွယောင်းယောင်းခန္ဓာကိုယ်၊ မွဲပြာပြာအသားရောင်ဖြင့် အပကောင်ကြီးသည် မျောက်ကြီးတစ်ကောင်လို ကခုန်၍ လိုက်လာနေပေပြီကော။ သူ၏ချစ်လှစွာသော သူငယ်ချင်းငတိုသည် ကခုန်ခြင်းကို လုံးဝဝါသနာပါသူမဟုတ်။ ကလည်း မကတတ်သူ တစ်ယောက်သာဖြစ်သည်။ ယခု အပမီကာ ကခုန်ရင်း လိုက်ပါလာသူသည် ငတို၏ဝိညာဉ်မဟုတ်။ တခြားဇာတ်ရှူး၊ ပွဲရှူး၊ မင်းသားရှူးတစ်ယောက်သာဖြစ်နိုင်သည်။ ထိုဇာတ်ပွဲ အရူးကောင်၏ ဝိညာဉ်သည် ငတို၏ကိုယ်ဟောင်းထဲသို့ ဝင်ရောက်ကာ ပူးဝင်ပြီး အရူးထ၍ ကခုန်နေခြင်းသာဖြစ်သည်။

ဖော်မွေးသည် ကြောက်စိတ်တစ်စတစ်စ လွင့်ပါးသွားကာ ဒေါသစိတ်ဝင်လာသည်ဟု ဆိုရပေမည်။ လင်းကွင်းကို ဒေါသတကြီး တီးသည်။ နှုတ်မှလည်း တစ်ရွာလုံးကြားအောင် အော်ဟစ်သည်။

"ဂျမ်း....ဂျမ်း....ဂျမ်း"

"ဂွမ်း....ဂွမ်း....ဂွမ်း"

"ကယ်တော်မူကြပါဗျို့"

သည်လိုနှင့် ရွာထဲဝင်လာသည်။ ဖုတ်ဝင်ကောင်ကြီးကလည်း ခြေလက်မြှောက်လျက် ရွှံ့တွေကိုဖြတ်ကာ လိုက်လာသည်။

ဖော်မွေးသည် တစ်ရွာလုံးကြားအောင် အော်ဟစ်ကာ ရွာထဲဝင်လာသည်။ ရွာသည် ကြောက်မက်ဖွယ် အုံ့သြဖွယ်ကောင်းအောင် တိတ်ဆိတ်နေသည်။ အသံဆူညံလျှင် ဟောင်တတ်၊ ကိုက်တတ်သော ရွာခွေးများ၊ ခြံခွေးများသည် တုတ်တုတ်မျှမလှုပ်ပြီ။ ဟောင်သံပင်မကြားဘူး။ ခြံလှောင်ထားသောနွားများလည်း ထို့အတူ။ တဘူးဘူး တဘဲဘဲ အော်သံပင် မပြုကြဘဲ ငြိမ်ချက်သားကောင်းလှလေသည်။ ဘယ်လိုဖြစ်ကြပါလိမ့်။

လွန်ခဲ့သည့် ရက်အနည်းငယ်ခန့်က ညဘက်သန်းခေါင်ယံတွင် လန့်၍အော်ကြသော ကျီးကန်းများ၊ ရွာပတ်လည် မရပ်မနားအော်မြည်ကြကုန်သော တောခွေး။ ခွေးအတို့သည် ဘယ်ရောက်ကုန်ပြီလဲ။ တစ်ချက်ကလေးမှ 'အာ' သံ 'အူသံ' မကြားရလေအောင် ငြိမ်သက်တိတ်ဆိတ်လွန်းလှပေသည်။ သည်ပတ်ဝန်းကျင်လောကမှာ သင်းတို့တစ်တွေရှိမှ ရှိပါလေစ။ တောပြောင်းကြကုန်ပြီ။ သည့်ထက်ထူးခြားသည်ကား သည်ရွာတစ်ရွာလုံးပင်ဖြစ်ပေသည်။ သည်လောက်လင်းကွင်းသံ ဆူညံအော်ဟစ်ဝင်လာသည်ကိုမှ အားမနာ။ တစ်ရွာလုံး တိတ်ဆိတ်နေကြသည်။ မည်သည့်ပုဂ္ဂိုလ် တိရစ္ဆာန်မှ မနိုးကြပေ။ အားလုံးမရဏတိုင်းပြည်သို့ ရောက်ကုန်ကြပြီလော။

ဖော်မွေး၏ ခန္ဓာကိုယ်အတွင်းရှိ ကြောက်စိတ်သည် ခန္ဓာကိုယ်တွင်းမှ ပူးတုံ့ ခွာတုံ့ဖြစ်လာရာမှ သွေးပျက်ချင်သလိုလို ဖြစ်လာ





သည်။ ယခုလို ပိန်းပိတ်အောင် ပကတိမှောင်မိုက်နေသည့် အမှောင်ထုထဲမှာ ကြောက်မက်ဖွယ်ဖုတ်ဝင်နေသည့် အကောင်ကြီးနှင့် အတူတကွ ယှဉ်တွဲနေထိုင်နေရခြင်းမှာလည်း ကြီးစွာသောဝဋ်ဒုက္ခ။ တစ်ကမ္ဘာလုံးတွင် သူတစ်ယောက်တည်း အထီးကျန်စွာရှိနေ၊ ရှင်သန်နေသကဲ့သို့ဖြစ်သည်။ တစ်ရွာလုံး တစ်စုံတစ်ခုသော ပယောဂဖြင့် သေကုန်ကြပြီလော။ ဒါမှမဟုတ် ရွာလုံးကျွတ်တစ်နေရာသို့ ထွက်ခွာသွားပြီလော။ ခွေးကြောင်များ၏ အသံများသာမက ကြက်၊ ဘဲ၊ ဝက် တိရစ္ဆာန်များ၏ လှုပ်ရှားမှုတွေပါ တိုးတိတ်ပျောက်ဆုံးနေသည်က ထူးဆန်းသည်။

ဖော်မွေးသည် သူ၏အိမ်ရှိရာ ရွာလယ်သို့ ထွက်ပြေးမည် စိတ်ကူးလိုက်သည်။ သို့သော် ရွာဦးဘုန်းတော်ကြီးကျောင်းကို ဖြတ်ရဦးမည်။ မှောင်နှင့်မည်းမည်းထဲမှ ကျော်ဖြတ်ရဦးမည်။ ဘုန်းကြီးကျောင်းကိုကျော်ပြီးမှ အိမ်ရောက်မည်။ အိမ်ရောက်ပါစေ။

"ဂျမ်း....ဂျမ်း....ဂျမ်း"

"ခလွမ်း....ဂျမ်း....ဂျမ်း"

လက်ထဲမှ လင်းကွင်းကို အဆက်မပြတ်တီးလိုက်ပြန်သည်။ အရေးထဲ စပါးခွဲတွေပုံထားသော နေရာတွင် မှောက်လျက်လဲမည်ဖြစ်လိုက်သေးသည်။ စပါးခွံပုံပေါ်က တက်၍လျှောက်လာသည်။ သူ့နောက်မှ ဖုတ်ကောင်ကြီးကလည်း အကာမပျက်၊ ကချကောင်းတုန်းပင်။

ရွာလမ်းမကား ကျယ်ပြောလှသည်။ တစ်အိမ်နှင့်တစ်အိမ်

ကလည်း ကိုက်ပေါင်းများစွာ ဝေးလံလှသည်။ သူရွာထဲဝင်လာလျှင် ဆီးကြိုဟောင်တတ်သော ခွေးကလေးညိုရဲ့ အသံပင်ပျောက်နေပြီ ကော။

ဖော်မွှေးသည် လင်းကွင်းကို အဆက်မပြတ်တီးသည်။ ရွာကလေးကတော့ အမှောင်အောက်ဆီတွင် စန့်စန့်ကြီး အိပ်ပျော်နေဆဲ။ အစာနင်ထားသော မြွေကြီးတစ်ကောင်လို ငြိမ်သက်နေဆဲပင်။

ဘုန်းကြီးကျောင်းတော်ကြီး၏ ဝင်းတံခါးဝသို့ရောက်လာသည်။ ထိုစဉ် ကျောင်းတော်ကြီး၏ ဘုရားခန်းမဆီမှ ပရိတ်ရွတ်ပွားသံ သဲ့သဲ့ကြားလိုက်ရသည်။

သူသည် အနောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ဖုတ်ဝင်ကောင်ကြီးသည် အကရပ်ကာ တွေတွေကြီးငေးစိုက်နေရာမှ လာရာလမ်းအတိုင်း ပြန်လှည့်သွားသည်ကို တွေ့လိုက်ရပေသည်။

"တော်ပါသေးရဲ့ သူ့အလိုအလျောက် ပြန်လှည့်သွားပြီ"

ဖော်မွှေးသည် လင်းကွင်းကို ပစ်မချဘဲ ဆုပ်ကိုင်ကာ အိမ်ဘက်သို့ ဒရောသောပါး ခြေကုန်သုတ်လေသည်။ နောက်ကို တစ်ချက်ကလေးမျှ လှည့်မကြည့်ဝံ့တော့။

◆ ◆ ◆

"တောက်တီးတောက်တဲ့ ဖော်မွှေးရာ။ မင်းအရက်တွေ မူးအောင်သောက်၊ အသုဘအိမ်မှာ နေ့မအိပ် ညမအိပ်နေတော့ အာရုံတွေပြားပြီး ကြောင်တောင်တောင်ဖြစ်ပြီး အိပ်မက်ဆိုးတွေ မက်ပါလိမ့်မယ်ကွယ်"





ဖော်မွှေးဖြစ်ပျက်သမျှကို ရှင်းပြတော့ ဘယ်သူမှ မယုံ။ ပြုံးစိစိဖြင့် နားထောင်ကြသည်။ မူး၍ တောင်ပြော မြောက်ပြော လျှောက်ပြောသည်ဟု ထင်ကြသည်။ အဖေဖြစ်သူက ဖော်မွှေးစကားကို အလေးအနက်မထား။ မယုံ။

"အဖေ မယုံဘူးလား"

"ဟော့ကောင် မယုံဘူး။ မင်းအရူးပဲ။ မူးပြီး လျှောက်ပြေနေတာ"

"အဖေနဲ့အမေတို့ မယုံရင် မိုးလင်းတော့ အသုဘအိမ် သွားကြည့်ကြမယ်"

"ဟေ့ မိုးမလင်းခင်သွားမယ်".

"ဟုတ်ပါပြီ အဖေ"

ဖော်မွှေးသည် အားလုံးကို ညကဖြစ်ပျက်သမျှအလုံးစုံကို ရှင်းပြလိုက်သည်။ မယုံတစ်ဝက် ယုံတစ်ဝက် အံ့သြကြသည်။ နှံ့အိုင်နှင့် စပါးခွံတွေကိုဖြတ်၍ ရွာထဲဝင်လာသည်ကို ပြောပြသည်။ အလောင်းကို ကြည့်ရှုစစ်ဆေးရန် စုဝေးလိုက်ကြသည်။

သူကြီးအပါအဝင် လူထုရှေ့မှာ ဖွတို့၏ရုပ်အလောင်းကို ပတ်ထားသော ပိတ်ဖြူစကိုဖြေကြည့်လိုက်ကြတော့ မျက်စိမျက်နှာပျက်ကုန်ကြသည်။ ထိတ်လန့်ကုန်ကြသည်။

"ဟာ"

"ဟင်"

"အမလေး"

ဌတို့အလောင်း၏ခြေထောက်တွင် မခြောက်တခြောက် ရွှံ့စေးတွေနှင့် စပါးခွံတွေကပ်ငြိနေသည်ကို အထိတ်တလန့် တွေ့လိုက်ကြရသည်။ သူကြီးသည် မျက်မှောင်ကုပ်နေသည်။

"ရွာနာသယော့၊ ဒါကြောင့် ရွာမှ ကျီးတွေ ညဘက် ညဘက် လန့်ပြီး ဖြိုလိုဖြို၊ တောကောင်တွေလန့်ပြီး ရွာပတ်လည်မှာ လာလာအော်နေကြတာကိုး။ ချေဆိုတာ လူကြောက်တဲ့ကောင်။ တိရစ္ဆာန်ကြီးတွေကို ကြောက်တာတောင် ဂရုမစိုက်နိုင်ဘဲ ညတိုင်းအော်နေတာ။ ဒါ မကောင်းဆိုးဝါး ပူးကပ်နေလို့ကိုးကွ။ ဟော့ ရွာရဲ့ အကျိုးစီးပွားကို ကြည့်ရတယ်ဟေ့။ ဒီကိစ္စရွာနာတယ်။ ဒီမသာကို ချက်ချင်းချ၊ မီးသင်္ဂြိုဟ်ပစ်။ ငါးရက်မထားနဲ့တော့။ ကဲ ပြင်ဆင်ကြတော့ဟေ့"

သည်လိုနှင့် ဌတို့၏အလောင်းသည် မီးသင်္ဂြိုဟ်ခြင်းကိစ္စနှင့်ဋ္ဌတံသွားတော့သည်။

◆ ◆ ◆

ဖုတ်၊ ပြိတ္တာ၊ မကောင်းဆိုးဝါးတို့သည် အရဏ်တက်ချိန် နံနက်လင်းအားကြီး၊ နေဝင်ရီတရော၊ နွားရိုင်းသွင်းချိန်တို့တွင် လှည့်လည်ပျော်မွေ့အစာရှာလေ့ရှိကြပေသည်။ ထိုကဲ့သို့ လှည့်လည်ကျက်စားကြရာတွင် တိုက်ဆိုင်သည့်အချိန်များတွင် နာတာရှည်လူနာများ၊ ရုတ်ချည်းသေဆုံးသည့် လူများ၏ခန္ဓာကိုယ်တွင်းသို့ ပူးကပ်သည်ကို ဖုတ်ဝင်သည်ဟု ပြောဆိုကြသည်။

ဌတို့သည် အရက်သောက်ပြီး ပြန်လာချိန်သည် နေဝင်ရီ





တရောဖြစ်ခြင်း၊ နွားရိုင်းသွင်းချိန်ဖြစ်ခြင်း၊ ထိုအချိန်တွင် မြွေကိုက်ခံရခြင်းတို့သည် မကောင်းဆိုးဝါးများခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်ပူးကပ်ရန် အခွင့်အရေးရသောအချိန်တွေ ဖြစ်နေပေသည်။

သည်သို့ဖြင့် ဌတို့၏ခန္ဓာကိုယ်ဟောင်းကြီးထဲသို့ ပရကောင်တစ်ကောင်က ဝင်ရောက်ပူးကပ်နေခြင်းပင်။

မဟာဝင်ကျမ်းတွင် ဖော်ပြထားသော ဇာတ်လမ်းတစ်ပုဒ်မှာ ပါတလိပုတ်ပြည်တွင် စန္ဒဂုတ္တမင်းကြီး နန်းသက် (၂၄)နှစ်အရောက်တွင် မင်းကြီး၏ အပြုအမူသည် သက်ရှိထင်ရှား အနာရောဂါကင်းစင်ခြင်းနှင့် မတူဘဲ ဖောက်လွဲဖောက်ပြန် ရှေးကနှင့်မတူ ပြောင်းလဲလာခဲ့သည်။ ပညာရှိအမတ်များက မင်းကြီး၏အသက်ကုန်သည်မှာကြာပြီ။ ဖုတ်ကောင်ဝင်နေခြင်းဖြစ်သည်ဟု သားတော် ဗိန္ဒုသာရမင်းအား လျှောက်ထားကြသည်။

သည်လိုနှင့် စန္ဒဂုတ္တမင်းကြီး၏အနီးတွင် မင်းချင်းနှစ်ယောက်ရန်ဖြစ်ဟန်ဆောင်ပြီး ဓားလုကြရာမှ မင်းကြီးကို သုတ်သင်ပစ်လိုက်မှ ဖုတ်ဝင်သည့်ကိစ္စပြီးဆုံးသွားသည်ဟု မဟာဝင်ကျမ်းက ဆိုထားပေသည်။

◆ ◆ ◆

မင်းဘုန်းသိခ်သူ
ကျွမ်းကိုး
သက်ကြီးစကား



## ဗုံမပါသီး ဆိုင်းမတီးရှာ ကျီးပြို့တဲ့ည

မီးလျှံပမာ တညီးညီးတောက်လောင်နေသော လေပူများသည် ရိုးပြတ်လယ်ကွင်းကျယ်ကို အလုံးအရင်းဖြင့် တစ်ရှိန်ထိုး တိုးတိုက် တိုက်ခတ်နေသည်။ ရိတ်သိမ်းချွေလှေ့ပြီးကာစ လယ်ကွင်းပြင်တွင် မီးကျွမ်းကောက်ရိုးငုတ်တိုများသာ ထိုးထိုးထောင်ထောင်ဖြင့် ရှိသည်။ ဟိုးဝေးဝေးကွင်းစပ်တွင် စိမ်းညို့သောတောတန်းညိုညိုက လယ် ကွင်း နှင့်တောအုပ်ကို ဧရိယာနယ်ပယ်အနားသတ်အဖြစ် သတ်မှတ်ထား သကဲ့သို့ ရှိလေသည်။





ဟူးဟူးလောင်လောင် တိုက်ခတ်နေသော လေပူသည် လူ တစ်စု၏ အပူကိုတော့ ကျော်လွှားနိုင်ခြင်းငှာ မတတ်နိုင်ပေ။ လူ တစ်စု၏ အပူမီးလျှံ(တစ်နည်းအားဖြင့်)ရင်တွင်းမှ ပရိဝေဒသောက မီးသည် တိုက်ခတ်နေသော နွေအပူမီးလျှံထက်ပင် အဆပေါင်းများစွာ ပို၍ ပူလောင်နေသယောင်ပင်။

လူအစိတ်၊ သုံးဆယ်ခန့်ရှိသော ယောကျ်ားမိန်းမတစ်စု ရွာ အနောက်ဘက် လုပ်တိုင်းမြေဆီသို့ တိတ်တဆိတ်ရှေ့နှုတ်ပိတ် တရွေ့ ရွေ့သွားနေကြခြင်းပေတည်း။ ထိန်တောညိုနှင့် လက်ပံကုန်းရွာသည် ဆက်စပ်လျက်ရှိသော ရွာနှစ်ရွာဖြစ်သည်။ အဆိုပါရွာနှစ်ရွာ ကြားတွင် လုပ်တိုင်း သင်္ချိုင်းမြေရှိပေရာ နှစ်ရွာစလုံး အသုဘကိစ္စရှိလျှင် လာ ရောက်မြှုပ်နှံကြခြင်း ဖြစ်သည်။ သင်္ချိုင်းမြေ၏ မြောက်ဘက်တွင်တော့ ဖုန်းဆိုးမြေသည် ဧကပေါင်းမြောက်မြားစွာ တပြန့်တပြောရှိသည်။ ဖုန်းဆိုးမြေဆိုသည်ထက် ရှုံ့နှံ့ထူထပ်သောရေနက်ကွင်းဟုဆိုက ပို၍ သိသာထင်သာလိမ့်မည်ထင်သည်။

ရှုံ့နှံ့များ မည်မျှထူထပ်သနည်းဆိုသော်လည်း စပါးလည်း စိုက်၍မရ၊ မွေးမြူရေးလည်း ဖြစ်ထွန်းမည့်လက္ခဏာမရှိသည့် နှံ့ တောဆိုးကြီးဖြစ်ရကား ရှေးပဝေသဏီတည်းကပင် ဒီအတိုင်းပစ်ထား ကြပေရာ ကြောက်မက်ဖွယ် ရှုံ့နှံ့ထူသော ရေနက်ကွင်းကြီးဘဝသို့ ရောက်ရှိနေခြင်းပင်တည်း။ ထိန်တောညိုနှင့် လက်ပံကုန်း၏အလယ် ကောင်၊ သင်္ချိုင်းမြေ၏ မြောက်ဘက်ယွန်းယွန်းတွင် ရှိနေရကား မည်သည့်ရွာကပိုင်ဆိုင်သည်ကို ဂရုတစိုက် ဆွေးနွေးရမည့်ကိစ္စလည်း

မဟုတ်ပေ။ သံချိုင်းဆိုသော ဝိသေသလက္ခဏာက သူပိုင်ငါပိုင် ငြင်းခုံစရာလည်း မဟုတ်ပေ။ သူကြီးအဆက်ဆက် ရေနက်ကွင်းဆိုး ကြီးကို အမြော်အမြင်ကြီးစွာ စီးပွားဖြစ်လုပ်ကိုင်ဖို့ မည်သူကမျှလည်း အကြံမပြုဘဲ ပေလယျာကန်ရှိနေရကား ရေနက်ကွင်းဖုန်းဆိုးမြေကြီး သည် မြန်မာပြည်၏ အမွေအနှစ်ရေးယောင်းနယ်မြေကြီး နှံ့အိုင်ကြီး တစ်ခုပင်ဆိုလောက်ပေသည်။

စိမ်းပြာရောင်ငှက်ခါးတစ်ကောင်သည် အရှေ့မှ အနောက် သို့ နိမ့်တုံမြင့်တုံ ပျံသန်းကာ တောင်ဘက်စွန်း ဟိုးခပ်ဝေးဝေး မြစ်မြင် ဆီသို့ ပျံသန်းပျောက်ကွယ်သွားသည်။ ရိုးပြတ်စပါးကွင်း၏အထက် တွင် နေပူရှိန်ဖြင့် တံလျှပ်တွေ တခြောင်းခြောင်းထနေသည်။ တံလျှပ် များသည် မြေပက်ကြားအက်ထဲမှ တလက်လက်ထွက်လာခြင်းဖြစ် သည်။ ဟိုးဝေးဝေး ရေနက်ကွင်းအထက်မှာပင် တံလျှပ်တွေ တလက် လက်ပြေးနေလေသည်မှာ ငရဲမီးလျှံတွေ ထတောက်လုခမန်းပင်တည်း။ နွေလယ်နေကား ပူပြင်းစွတကား။

ထိန်တောညိုရွာမှ ထွက်လာသောလူအုပ်စုသည် သံချိုင်းမြေ သို့ လေးကန်သောခြေလှမ်း၊ နွတ်ဆိတ်နေသော အသိအာရုံများဖြင့် အပမှီနေသော စက်ရုပ်တွေလို ရွေ့လျားလျက်ရှိပေသည်။ နွေလေရူး သည် လယ်ကွင်းပြင်ရေနက်ကွင်း၊ သုသာန်မြေများဆီသို့ တစ်စုံတစ် ယောက်ကို စူးစမ်းရှာဖွေနေဟန်ဖြင့် ခေါက်တုံ့ခေါက်ပြန် ဇွဲဝိုက်တိုက် ခတ်နေသည်။ တဝူးဝူး တဝေါဝေါ တိုက်ခတ်နေသော လေအပူထဲ တွင် ငိုသံ၊ ရှိုက်သံ၊ တမ်းတသံတွေ လွင့်မျောလာသည်။





"အောင်မလေး အမေရဲ့၊ သမီးတို့ကို အရက်သမားအဖေ ကြီးနဲ့ ထားခဲ့ပြီးလားတော်၊ အမေက လွတ်ရာကျွတ်ရာရှောင်ထွက် သွားပြီကိုး၊ အမလေး အမေရဲ့"

ငိုသံကြောင့် အသုဘခေါင်းတလားနှင့် မလှမ်းမကမ်းမှ လိုက် လာသော ယိုင်ထိုးယိုင်ထိုးနှင့် အတိုးကြီးက အရက်ရှိန်ဖြင့် နီကြောင် ကြောင်မျက်လုံးကြီးများ ရုတ်တရက်ပြူးထွက်သွားကာ-

"ဟဲ့....သယ်....ခင်တုတ် နင်ငိုတာ ကြည့်ဦး၊ ငါ့ကိုမထိနဲ့"

အာလေးလျှာလေးကြီးဖြင့် လေးလေးတွဲ့တွဲ့ဆိုလေသည်။ တိတ်တဆိတ်လိုက်ပါလာသော ပရိသတ်သည် အမှတ်မထားနိုင်။ သေဆုံးသူ၏ ခင်ပွန်းလင်ယောကျ်ား၏အကြောင်းကို သိရှိနေကြသည့် အလား ရေငုံနှုတ်ပိတ်လိုက်ပါလာကြကုန်သည်။ ဇနီးဖြစ်သူ၏ဘဝ နောက်ဆုံးခရီးမှာပင် လိုက်ပါပို့ဆောင်နေချိန်တွင် မဆင်မခြင် မူးယစ် နေသူသည် အခြားအချိန်တွင် ဆိုဖွယ်ရာမရှိဟု နှလုံးပိုက်နေပုံရလေ သည်။

လေသည် တသုန်သုန်တိုက်ခတ်လျက်ရှိသည်။ သံချိုင်းစပ်ရှိ တောစိုးသစ်ပင်ကြီးများ၊ သမှည်နှင့်မဒမပင်ကြီးများ၊ ညောင်ပင်ကြီး များသည် လေအသွေးတွင် တရှဲရှဲမြည်ကာ အသစ်ရောက်လာမည့် ဝိညာဉ်ကောင်ကို ကြိုဆိုနေဟန်ရှိသည်။ ပူပြင်းသောလေအဟုန်၌ သစ်ကိုင်း သစ်ခက်များကိုပင် ပွတ်တိုက်ရွေ့လျားပြီး ရုတ်တရက် မီးထတောက် မည်ကဲ့သို့ရှိသည်။ သစ်ရွက်ချင်းပွတ်ခတ်သံ၊ သစ်ကိုင်းချင်း ထိသံ သည် တဖျစ်ဖျစ်မြည်ကာ မီးပွင့်တွေ ထွက်ကျမတတ်ဖြစ်သွားသည်။

ထိုစဉ် ရုတ်တရက်တီးခတ်လိုက်သော ဗျိုင်းတောင်ခေါက်သံ ထွက်ပေါ်လာသည်။ အသုဘချရာတွင် တီးခတ်လိုက်သော မသာဆိုင်းဖြစ်သည်။ ဗျိုင်းတောင်ခေါက်သံသည် လေပြည်ပူပူထဲတွင် ပျင်းရိလေးတွဲ့ပူလောင်ကြေကွဲစွာ ထွက်ပေါ်လာခြင်းဖြစ်သည်။

"အမေ....အမေရဲ့ သမီးတို့မောင်နှမတွေကို ထားခဲ့ပြီလားတော့"

"ဟီး....ဟီး....ဟီး"

"ရှုတ်....ရှုတ်....ရှုတ်"

"အမေ....အောင်မလေး အမေရဲ့"

အသုဘခေါင်း၏ရှေ့တွင် ဘုန်းတော်ကြီးသုံးပါး။ နောက်မှ ခေါင်းကိုထမ်းလာကြသော လူလေးယောက်။ ဆွေမျိုးသားချင်းတွေ၊ တူတွေ ဖြစ်ပေလိမ့်မည်။ ခေါင်းထမ်းသူများသည် ယောကျ်ားတွေချည်းဖြစ်သည်။ သန်သန်မာမာတွေဖြစ်ကာ အရက်သောက်ထားကြပုံရပြီး သူတို့၏မျက်နှာများသည် နေပူလေပူ ရင်တာပူပူနှင့် အဆီပြန်နေကြ၏။

"တော်....တော်....တော်"

"တီး....တီး....တီး....တော်"

"တီးတော်....တီးတော်....တီး"

"နောင်....နောင်....နောင်"

အသုဘမသာဆိုင်းမှ ကြေကွဲဖွယ်နဲ့သံနှင့် ကြေးနောင်သံကလည်း ကြားရသူအပေါင်းကို ရင်ထဲဆို့တက်စေသည်။ ဗုံနှင့်နဲ့သံသည်





အမင်္ဂလာတေးသွား ဗျိုင်းတောင်ခေါက်သံကို ဖွဲ့သီရင်း ရွာနှစ်ရွာကြားသင်္ချိုင်းဆီသို့ တရွေ့ရွေ့လျှောက်လာကြကုန်သည်။

ဤကား ရုပ်ရှာခလေ့၊ တောခလေ့ ထုံးစံပင်တည်း။

အသုဘနာရေးရှိလျှင် သင်္ချိုင်းဆီသို့ ရုပ်အလောင်းကောင်ကို ပို့ဆောင်မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်မှုပြုရာတွင် ဆိုင်းကလေးပါမှ၊ ဗျိုင်းတောင်ခေါက်သံ အသုဘဆိုင်းကလေး စည်စည်ကားကားပါလေမှ အသုဘအခမ်းအနား အောင်မြင်ပြီးမြောက် မြေကျသည်ဟု ခံယူထားကြသည်။ မည်သည့် အသုဘမဆို ဆိုင်းကလေးပါသည်ချည်းပင်။ ဆိုင်းမပါလျှင် တစ်ခုခုလိုနေသလိုလို၊ "ခိုက်"ပဲခိုက်တော့မလိုလို ထင်နေကြ၊ သတ်မှတ်နေကြရပေကား လူသေလျှင် အသုဘပို့ရာတွင် ဆိုင်းကိုထည့်တွက်ကြခြင်းပင်။ ဆိုင်းကလည်း ရွာဆိုင်း၊ အရပ်ဆိုင်းပင်ဖြစ်သည်။ အသုဘကိစ္စအတွက် ဆိုင်းပစ္စည်းများကို အသုဘအခမ်းအနားပြီးလျှင် ဘုန်းကြီးကျောင်းသို့ သွားအပ်ကြရသည်။ လူတွေကတော့ နေအိမ်အသီးသီးသို့ ပြန်ကြရသည်။ ဒါက ရုပ်ခလေ့ထုံးစံ။ ဟိုး....ရှေးပဝေသဏီကတည်းက ကျင့်သုံးလာကြသော ရှေးဟောင်းခလေ့တစ်ခုပင်တည်း။

တစ်ခါက ရွာတွင် အသုဘတစ်ခုဖြစ်ပေါ်ခဲ့ရာ ဆိုင်းမပါ၊ ဗုံမပါနှင့် အသုဘချခဲ့ဖူးသည်။ သို့သော် မကြာမီကာလအတွင်း ရွာတွင် ခုနစ်လောင်းပြိုင်လူသေမှုကြီး တစ်လအတွင်း ဖြစ်ပွားသွားခဲ့သည်။ လူကောင်းပကတိများမှ ဖျားနာသေဆုံးခြင်း၊ ရေနစ်သေဆုံးခြင်း၊ လှည်းကြိတ်၊ မြွေကိုက်ဖြင့် ရှေ့ဆင့်နောက်ဆင့် နောက်ဆုံးအစု

လိုက် သေဆုံးသွားခဲ့ပေရာ တစ်နယ်လုံး ဗျိုင်းတောင်ခေါက်သံ မသာဆိုင်းကို အစဉ်အလာမပျက် ထည့်သွင်းလာခဲ့ကြသည်ဟု ဆိုပေသည်။

အသုဘခေါင်းကို အဆင့်သင့်ကြိုတင်တူးထားသော မြေတွင်းနက်နက်ထဲသို့ ထည့်လိုက်ကြသည်မှာ ခေါင်းသည်သစ်သားအပေါစားဖြင့် ပြုလုပ်ထားသော လက်လုပ်ခေါင်းတစ်လုံးသာဖြစ်သည်။ တွင်းနှုတ်ခမ်းတွင် ရပ်နေသူများက တွင်းဖော်ရာမှ ထွက်လာသော မြေကြီးဖြင့် ဖုံးအုပ်ခြင်းဖြင့် အသုဘအခမ်းအနား ပြီးဆုံးသွားပေသည်။

ဒီလိုနှင့် ထိန်တောညိုရွာသားများသည် လာရာလမ်းအတိုင်း ပြန်လာကြလေသည်။ တိတ်တိတ်ဆိတ်ဆိတ် အတွေးကိုယ်စီ၊ ပူလောင်မှုကိုယ်စီဖြင့် ပြန်လာကြခြင်းဖြစ်သည်။

နေ၏ မီးစွယ်မီးလျှံများကား တလွင့်လွင့်ပျံတက်နေဆဲ။ ဟိုးဝေးဝေးတွင် ချုံးတစ်ကောင်၏ ပျင်းရိစွာကူသံထွက်ပေါ်နေသည်။

◆ ◆ ◆

ဟိုတစ်စု၊ ဒီတစ်စုဖြင့် ထိန်တောညိုရွာသို့ တိတ်တိတ်ဆိတ်ဆိတ်ပြန်လာကြသော ရွာသားအုပ်စုသည် ရွှံ့နွံတောရေနက်ကွင်းအစပ်သို့ရောက်လျှင် တစ်စုံတစ်ခုသော အမြင်အာရုံတစ်ခုကြောင့် ရပ်တန့်လိုက်ကြသည်။ သူတို့အားလုံး၏ ခြေလှမ်းရွေ့လျားမှုများသည် အနည်းငယ်မျှသာ တုံ့ဆိုင်းသွားပြီးလျှင် မျက်နှာချင်းဆိုင် တူရူရှိ လှုပ်ရှားမှုများဆီသို့ အကြည့်အာရုံတွေ စုစည်းလွင့်ပျံသွားခြင်းဖြစ်သည်။

အသုဘပြန် ရွာသားအုပ်စုသည် ဟိုဝေးဝေးရှိ ကိုက်ပေါင်းများ





စွာဆီမှ မျက်နှာချင်းဆိုင် တရွေ့ရွေ့လျှောက်လာသော ယောကျ်ားအုပ်စုကို ရုတ်တရက် တွေ့လိုက်ရသောကြောင့်ပင်တည်း။ ရှေ့တူရူဆီသို့ လျှောက်လာကြသော အုပ်စုသည် ယောကျ်ားများချည်းသာ ဖြစ်သည်။

မည်သည့် ရွာသားများပေနည်း။ ခရီးသွားများပေလော။ သူတို့သည် ဝန်စည်စလယ်အချို့ကို သယ်ယူလာကြတွင်ရှိပြီး စုစုပေါင်း ယောကျ်ားချည်း ငါးယောက်ဖြစ်သည်။ ဆန့်ကျင်ဘက်အရပ်နှစ်ခုဆီမှ တရွေ့ရွေ့လျှောက်လာကြပေရာ မြင်ကွင်းသည် တဖြည်းဖြည်းနီးကပ်လာပါသည်။ အရာဝတ္ထုတွေ၊ သက်ရှိသတ္တဝါတွေ ပို၍ ပို၍ ပီပြင်လာသည်။

ယောကျ်ားကြီးငါးယောက်သည် ပုပြင်းလောင်မြိုက်သော နွေနေပူပူအောက်တွင် အပုဒဏ်ကို အန်တုကာ လက်ထဲတွင်အထုပ်အပိုးကိုယ်စီဖြင့် တန်းစီလျှောက်လာကြလေသည်။ ထိန်တောညိုရွာသားအုပ်စုက ထိုလူစုအား လှမ်းမျှော်ငေးကြည့်မိကြသည်။

"ဘယ်သူတွေပါလိမ့်"

အသက် (၅၀)အရွယ် ထိန်တောညိုရွာသားကြီးက လူအုပ်စုကို လှမ်းမျှော်ကြည့်ရင်း လေးလေးတွဲ့တွဲ့ဆိုသည်။ အားလုံးက ငါးယောက်အုပ်စုဆီသို့သာ စူးစူးစမ်းစမ်းလှမ်းကြည့်နေခြင်း ဖြစ်သည်။

အမြင်သည် တစ်စတစ်စပို၍ပီပြင်လာသည်။ ထင်ရှားလာသည်။ ကွင်းပြင်ကိုဖြတ်ကာ လေပူတွေတိုက်ခတ်နေဆဲ။ လေအုံသံတွေ ဘဝေါဝေါမြည်ကာ သူတို့ကို ကြမ်းကြမ်းတမ်းတမ်းပွေ့ဖက်ကာလူကျီစယ်သွားသည်။

သူတို့အားလုံး၏ အမြင်သည် လှည်းယောက်လက်ထဲမှ အရာဝတ္ထုများကို ထင်ထင်ရှားရှားတွေ့မြင်လိုက်ရသည်နှင့် -

'ဟင်'

'ဘယ်လိုလဲကွ'

သူတို့အကြည့်အာရုံစူးစူးကပို၍ စူးစိုက်သွားမိကြသည်။

'လက်နက်တွေနဲ့ပါလား'

ရှေ့ဆုံးမှလျှောက်လာသူ၏ အသွင်သဏ္ဍာန်ကိုကြည့်ပါဦး။ မန်ကျည်းစေ့ကဲ့သို့ ညိုမောင်းသောအသားအရေ၊ ခြေဆစ်လက်ဆစ်၊ တုတ်ခိုင်လှသော ကြီးမားသည့် ခန္ဓာကိုယ်အဆစ်အပေါက်၊ နဖူးပြောင်ပြောင်၊ ဆံပင်ကြဲကြဲ၊ နှာခေါင်းကချိုင့်ဝင်ပြားကပ်နေသည်။ လမ်းလျှောက်ဟန်က ဂင်တိုတိုတစ်ဖွတ်ထိုးဟန်ပန်။ ထူးခြားချက်က ပခုံးတွင် လွယ်ထားသော သေနတ်ဖြစ်သည်။ ရိုင်ဖယ်သေနတ်....။ သူသည် ရှေ့ဆုံးမှ ဦးဆောင်ကာ ခပ်သွက်သွက်လျှောက်သွားခြင်းဖြစ်ပြီး သူ့နောက်မှ လူလေးယောက်ကလည်း အထုပ်အပိုးကိုယ်စီ၊ လက်နက်ကိုယ်စီနှင့် လိုက်ပါလာကြခြင်းဖြစ်ပေသည်။ လှည်းယောက်တွင် လူသုံးယောက်က သေနတ်တွေ လွယ်ထားပြီး ကျန်နှစ်ယောက်က ဓားလွတ်တွေကိုင်ထားပြီး အထုပ်အပိုးတွေ ဆွဲလာကြခြင်းက ထူးခြားသည်။ သူတို့သည် အလျင်စလိုဟန်ဖြင့် ခပ်သွက်သွက် ခြေလှမ်းများဖြင့် လျှောက်လာကာ ရေနက်ကွင်းတောစပ်သို့ ဝင်ရောက်သွားကြလေသည်။ သူတို့အုပ်စုသည် ထိန်တောညိုရွာသားများကို လှမ်းမြင်နေရသော်လည်း ဂရုစိုက်ပုံမရ။ ရှိပုံပင် အသိအမှတ်မပြုဘဲ





ရေနက်ကွင်းတောထူထူထဲသို့ လျှင်မြန်စွာဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။

ဆင်သဏ္ဍာဝါလို အကောင်အထည်မဆိုထားနှင့်။ ဂေါ်ဇီလာအကောင်မျိုးပင် ဝင်ရောက်သွားပါက ပျောက်ကွယ်သွားနိုင်သည့် ရေနက်ကွင်းဖုန်းဆိုးနွံအိုင်ကြီးဖြစ်ရကား လက်နက်ကိုင်လှည်းယောက်အုပ်စုသည် သစ်ပင်ချုံနွယ်များကြားသို့ လျှင်မြန်စွာဝင်ရောက်ပျောက်ကွယ်သွားခြင်း ဖြစ်လေသည်။ ထိုအခါ အသုဘပို့ ထိန်တောညိုရွာသားများသည် ကြေးစည်ဆိုင်းဝိုင်းများကိုကိုင်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြကုန်သည်။ မေးထိုးပြောကြကုန်သည်။ အလန့်တကြား ဖြစ်ကြကုန်သည်။

'ဓားပြတွေ'

'ဟုတ်တယ်၊ ဒီကောင်တွေ တစ်နေရာရာက ဓားပြတိုက်လာပြီး တိုက်ရာပါပစ္စည်းတွေနဲ့ ဒရောသောပါး ထွက်ပြေးလာပုံရတယ်'

ရွာသားများသည် အသုဘပို့သည့်ကိစ္စကို တဒင်္ဂမေ့ပျောက်သွားဟန်ရှိသည်။

'ဟုတ်တယ်၊ သေနတ်တွေရော၊ ဓားတွေရောကွ'

အသက်ခပ်ကြီးကြီးတစ်ယောက်က ခေါင်းတစ်ချက်ယမ်းရင်း

'လာကြပါကွာ၊ ကိုယ်နဲ့မဆိုင်ဘူးသဘောထားလိုက်၊ သူ့ပြဿနာသူ ရှင်းလိမ့်မယ်ဟေ့၊ သွားမကြည့်ကြနဲ့။ မဆီမဆိုင်အမှုပတ်နေဦးမယ်၊ သွားကြ၊ သွားကြ။ ရေနက်ကွင်းအကြောင်း သိရဲ့သားနဲ့'

ဒီလိုနှင့် ထိန်တောညိုရွာသားများသည် မိမိရွာဆီသို့သာ

တိတ်တဆိတ်ပြန်လာကြသည်။

အနောက်ဘက်တွင် ရေနက်ကွင်းသည် ပယောဂ္ဂမျိုးများကို ရင်ဝယ်ပိုက်ရင်း သိုသိပ်လျှို့ဝှက်မှုများစွာဖြင့် ကျန်ရစ်ခဲ့လေသည်။

◆ ◆ ◆

အင်္ဂလိပ်အုပ်ချုပ်သည့် ကိုလိုနီခေတ်အဆက်ဆက်....။ ထို့နောက် ဂျပန်ခေတ်၊ ပါလီမန်ခေတ်တိုင် မပြောင်းလဲတည်တံ့နေသော ထိန်တောညီနှင့် လက်ပံကုန်းရွာကြားရှိ ရေနက်ကွင်းဆိုးကြီးသည် ကြောက်မက်ဖွယ် နံ့တော၊ တောရိုင်းမြေကြီးအဖြစ် ဆက်လက်တည်တံ့နေဆဲပင်တည်း။

အင်္ဂလိပ် အစိုးရကလည်း ရေနက်ကွင်းကြီးကို အကျိုးအမြတ်အလို့ငှာ စိတ်ဝင်စားခြင်းမရှိ။ စိုက်ပျိုးရေးသမား၊ မွေးမြူရေးသမားများကလည်း စိတ်ကူးထဲပင် ထည့်ဝင်ခြင်းမရှိ။ သူကြီးအဆက်ဆက်စီးပွားဖြစ်ထွန်းရန်၊ လုပ်ငန်းတစ်ခုခု ပြုလုပ်ရန်၊ လေကုန်ခံ၍ ဆွေးနွေးပုံမရခဲ့သော ပလပ်မြေဆိုးကြီးဖြစ်ရကား တောစိုးသစ်ပင်ကြီးများ၊ ဆူးပင်ချုံပုတ်များ၊ မြွေဆိုး၊ ကင်းဆိုး၊ ကောရိုင်းမြေကြီးအဖြစ် ဆက်လက်တည်ရှိနေပေသည်။ တောဝိရှုန်ကြီးများကလည်း လွတ်လွတ်လပ်လပ် ရှင်သန်ပေါက်ဖွားလျက်ရှိခြင်းဖြင့် ရေနက်ကွင်းမြေဆိုးကြီး၏ ရပ်တည်မှုကို သိရှိနိုင်ပေသည်။

သို့သော် လွန်ခဲ့သည့်နှစ်အနည်းငယ်မှစ၍ ရေနက်ကွင်း နံ့စံအိုင်မြေကြီးသည် တစ်စတစ်စသက်ဝင်လှုပ်ရှားလာသည်ကို ရွာနှစ်ရွာစလုံးက သတိပြုမိလာသည်ဟု ဆိုရပေမည်။ လူတစ်ယောက်စ၊





နှစ်ယောက်စသည် ရေနက်ကွင်းထဲတွင် သစ်ခုတ်သလိုလို၊ ငှက်ထောင်သလိုလို၊ ဆေးသစ်ဥ၊ ဆေးသစ်မြစ်ရှာသလိုလိုနှင့် အခြေကျလာခြင်းဖြစ်သည်။ ပထမတော့ တစ်ယောက်စ၊ နှစ်ယောက်စ၊ နောက်တော့ လယ်စောင့်တဲသဏ္ဍာန်တဲကလေး ဖြစ်လာသည်။ ထို့နောက် မိသားစုဝင်တွေ ဖြစ်လာကြသည်။ ဒီလိုနှင့် အိမ်ခြေ ၁၀ လုံး၊ ၁၅ လုံးခန့်ရှိ တဲစုကလေးဖြစ်လာလေသည်။ ရွာသိမ်ကလေးဖြစ်လာသည်။

အဆိုပါ တဲစုကလေးများ၏ အသက်မွေးဝမ်းကျောင်းမှုကို ကြည့်ပြန်သောအခါ ဖားရှာ၊ ငါးရှာ၊ ထင်းခွေဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။ ရေနက်ကွင်း၏ ကုန်းမြေအလွတ်အချို့တွင် စိုက်ခင်းကလေး တစ်ခင်းစ၊ နှစ်ခင်းစ တွေ့ရသဖြင့် စိုက်ပျိုးရေးပါတစ်ပိုင်တစ်နိုင် လုပ်တတ်သောအစုဟု ပြော၍ရသေးသည်။ သို့သော် ရေနက်ကွင်းသားတို့၏ လူမှုပေါင်းသင်းဆက်ဆံရေးသည် သီးခြားဆန်သည်ဟု ဆိုနိုင်သည်။ ရွာနှစ်ရွာကြားတွင် ရှိသော်လည်း မည်သည့်ရွာနှင့်မျှ ဆက်ဆံအကူးအလူးမရှိသော အချက်ကလည်း ထူးခြားသည်။ တတ်နိုင်သမျှ ရှောင်ရှားသည်ဟု ယူဆနိုင်သည်။ ထိုအချက်ကလည်း ဆန်းကြယ်သည်။ တစိမ်းတရံဆန် လူစိမ်းများသည် ရေကြည်ရာမြက်နုရာရှာဖွေရင်း အသက်ရှင်ရပ်တည်ရေးအတွက်သာ ရောက်လာကြခြင်းဖြစ်သည်ဟု ကောက်ချက်ချရုံသာ ရှိပေသည်။ လူသားများသည် ကမ္ဘာမြေပေါ်တွင် ဒီလိုပဲ ရေကြည်ရာမြက်နုရာကို လှည့်လည်ရှာဖွေရင်း မိမိ၏အသက်ရှင်ရပ်တည်ရေးအတွက် နေရာကောင်းကို လှည့်လည်ရှာဖွေ အခြေစိုက်နေထိုင်ခဲ့ကြသည် မဟုတ်ပါလား။

ထိန်တောညျှိရွာ၏ လယ်ကွင်းစပ်နှင့်စေတီကြားတွင် ရပ်တန့်နေသော သူကြီးဦးတောကျော်သည် တံလျှပ်ပြည့်နေသော လယ်ကွင်းပြင်ကို ငေးကြည့်နေသည်။ ဟိုးမှာဘက်တွင်တော့ လက်ပံကုန်းနှင့် တစ်ဆက်တည်းဖြစ်သည့် ရေနက်ကွင်းရှိသည်။ ရေနက်ကွင်းတွင် တောထူထပ်သော သစ်ပင်ကြီးငယ်တွေနှင့် စိမ်းစိမ်းစိုစိုရှိသည်။ လတ်ဆတ်သောလေစိမ်းတွေ တသုန်သုန်ရှိသည်။ ကျေးငှက်သာရကာတွေ စုံလင်စွာရှိသည်။

သူကြီးဦးတောကျော် ဖျင်းဖျင်းရိရိရှိသည်နှင့် ရပ်တန့်ငေးမောနေသည်မှာ မိနစ်ပေါင်း အတော်ကြာသွားပေပြီ။ ထိုစဉ် တံလျှပ်ထနေသော ရေနက်ကွင်းထိပ်နှင့် လယ်ကွင်းစပ်ဆီမှ လူနှစ်ယောက် ရုတ်တရက်ထွက်ပေါ်လာသည်ကို လှမ်းမြင်နေရသည်။

ထိုလူနှစ်ယောက်သည် သူကြီးဦးတောကျော် ရပ်တန့်နေသည့်နေရာဆီသို့ ခပ်သွက်သွက်လျှောက်လာခြင်း ဖြစ်သည်။ အလျင်စလိုဟန်ဖြင့် လျှောက်လာခြင်းဖြစ်ရာ ဦးတောကျော်ကလည်း ထိုသူနှစ်ယောက်၏ လှုပ်ရှားမှုကို မမှိတ်မသုန်စောင့်ကြည့်နေမိလေသည်။

တဖြည်းဖြည်း တရွေ့ရွေ့တိုးလျှောက်လာသော ထိုလူနှစ်ယောက်ကို မြင်လိုက်ရမှ လွန်ခဲ့သည့် (၁၀)ရက်ခန့်က ရွာထဲရှိ ဒေါ်ချစ်ပုကြီးအသုဘတွင် ခပ်ဝေးဝေးမှ လှမ်းတွေ့လိုက်ရသော ရေနက်ကွင်းသားငါးယောက်ကို မျက်စိထဲမြင်ယောင်သွားလိုက်မိသည်။ ထိုနေ့က အသုဘအပြန် လက်နက်ကိုယ်စီဖြင့် လူငါးယောက်ကို ဦးတောကျော်ကိုယ်တိုင် ၇တွေ့မြင်လိုက်ရသေးသည် မဟုတ်လား။





ထိုအထဲမှ ရှေ့ဆုံးမှဦးဆောင်ကာ တောနက်ထဲဝင်သွားသည့်လူကို ပို၍ပင် မှတ်မိနေသေးသည်။ သူ့စိတ်ထဲမှပင် ထင့်ခနဲဖြစ်သွားကာ ဒီလူတွေ လူရိုးလူကောင်းမဖြစ်နိုင်ဟု မှတ်ချက်ချလိုက်သေးသည် မဟုတ်ပါလား။

လူစိမ်းနှစ်ယောက်သည် ဦးတောကျော်ရပ်နေရာဆီသို့ တည့်တည့်မတ်မတ်ဝင်လာခြင်းဖြစ်သည်။ ဦးတောကျော်သည် မရွေ့မလျား ငေးကြည့်နေမိသည်။ ထိုအခါ ရှေ့ဆုံးမှ လျှောက်လာသည့် နဖူးပြောင်ပြောင်၊ ဆံပင်ကြဲကြဲ၊ အသားမည်းမည်း၊ ဂင်တိုတိုလူကို မှတ်မိသွားသည်။

ထိုသူသည် ခပ်ပြုံးပြုံးအနေအထားဖြင့် ဦးတောကျော်နှင့် တစ်လံကွာကွာတွင် ရပ်တန့်လိုက်ကာ-

'သူကြီးခင်ဗျား ကျွန်တော်တို့ဒီရေနက်ကွင်းထဲက ဆေးကလေး၊ ဆန်ကလေး ရိက္ခာဝယ်ချင်လို့ပါခင်ဗျာ'

ဦးတောကျော်သည် မျက်မှောင်တစ်ချက်ကြုတ်လိုက်၏။ အလှဲ....ဒီလူတွေက သူကြီးမှန်းသိနေပါကလား။

'ရွာထဲမှာ ဈေးဆိုင်တွေရှိတယ်ကွ၊ အဲဒီမှာ မေးမြန်းစုံစမ်းပြီး လိုချင်တာဝယ်လို့ရတယ်။ ဆေးက ဘာဆေးတုန်း'

'ဪ....သစ်ပင်တွေရှင်းလင်း၊ တဲကလေးဘာလေး ဆောက်ကြတော့ ထိခိုက်ဒဏ်ရာရတာတို့၊ ဖျားနာတို့လောက်ပါပဲခင်ဗျ'

'မင်းတို့တဲစုတွေက ဘယ်နားစုလောက်လဲ'

ဂင်တိုတိုပုဂ္ဂိုလ်သည် အနည်းငယ်စဉ်းစားဟန်ပြုပြီး-

"သိမ်မများပါဘူးခင်ဗျ၊ လေးငါးစုလောက်ပါပဲ"

ဦးတောကျော်သည် ခေါင်းတစ်ချက်ညိတ်လိုက်သည်။ စူးစိုက်ကြည့်ရင်း-

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ရွာထဲမှာ လိုတာသွားလို့ဝယ်ပါ။ ရတယ်။ ဆန်၊ ဆီ၊ ဆားကအစ ရှိတယ်။ ဆိုင်သုံး၊ လေးဆိုင်ပဲ။ ဆေးတွေလည်းရှိပါတယ်။ လျက်ဆား၊ ငန်းဆေး၊ လေဆေး အစရှိသဖြင့် ဝယ်လို့ရပါတယ်"

ဂင်တိုတိုလူသည် သူ့နောက်၌ ကပ်ပါလာသော လူရွယ်ကို တစ်ချက်ကြည့်ကာ-

"ကဲ....ဝမ်းသာစရာပဲဟေ့၊ လာ....ရွာထဲသွားဝယ်ရအောင်၊ ဗျို့ သူကြီးမင်း ကျေးဇူးတင်ပါတယ်ခင်ဗျား။ ဟေ့ကောင် ကျောက်စိ၊ လာ ရွာထဲဝင်မယ်"

သူကြီးကိုနှုတ်ဆက်ကာ ရွာထဲဝင်သွားကြသည်။ ဦးတောကျော်သည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း-

"လူတွေကလည်း တစ်မျိုးပဲ။ အိတ်ကပ်ထဲမှာ ပိုက်ဆံတွေ အထပ်လိုက်ပဲ။ အင်း....ဂင်တိုတိုလူရဲ့ ပုံသဏ္ဌာန်ကတော့ ထူးထူးခြားခြားပဲ။ ဘယ်ဘက်လက်မတစ်ချောင်း ဒဏ်ရာနဲ့ပြတ်နေတာပဲ။ လောလောလတ်လတ်ဒဏ်ရာပဲ။ ဘာဖြစ်တာလဲ"

ဦးတောကျော်သည် သံသယဖြင့် ငေးကြည့်နေဆဲမှာပင် လူနှစ်ယောက်သည် ရွာထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ သူသည် သံသယစိတ်ဖြင့် လှမ်းကြည့်အကဲခတ်နေခြင်းမျိုးသာ ဖြစ်





သည်။ လယ်သမား၊ ကိုင်းသမား၊ ခြံသမားများနှင့်မတူ။ မည်သည့် အသက်မွေးဝမ်းကျောင်းဖြင့် ဤရေဆိုးမြေဆိုးရေနက်ကွင်းကြီးထဲမှာ တဲအစုစုဖြင့်လာနေကြသည့် လူတစ်စုကို စဉ်းစားရကြပ်နေသည်။

မည်သို့သော လူစားများပေနည်း။ ရုပ်ရည်တွေကလည်း ခက်ထန်ကြမ်းတမ်းလှသည်။ မိုက်မိုက်ကန်းကန်းပုံစံတွေ ဖြစ်သည်။ တစ်ရှူးထိုးပုံစံတွေဖြစ်သည်။

"အင်း....တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်လူတွေ။ ဘယ်ဘက်လက်မပြတ်နေတဲ့ကောင်က ဗလတောင့်တောင့်ပဲ။ သင်းက လူကြီးဖြစ်ပုံရတယ်။ ဒီအစုရဲ့ ခေါင်းဆောင်ဖြစ်ပုံရတယ်။ ဒါပေမယ့် သတိထားနေမှ မျက်ခြည်မပြတ်စောင့်ကြည့်နေမှ"

◆ ◆ ◆

ရေနက်ကွင်းရွာသားများသည် တစ်စတစ်စ တဲစုကလေးတွေ တိုးပွားလာသည်။ ဖုန်းဆိုးမြေတွေကြီးကို အမီပြုကာ မှီတင်းနေထိုင်ကြရကာ ၎င်းတို့သည် မည်သူနှင့်မျှ အရေးတယူ အဖက်လုပ်ခြင်းမရှိ၊ ကူးသန်းဆက်သွယ်ခြင်းမရှိခြင်းကလည်း ရေနက်ကွင်းသည် သီးခြားဘုံဌာနတစ်ခုသဖွယ် ဖြစ်လာသည်။ ထိန်တောညိုနှင့် လက်ပံကုန်းရွာသားများကလည်း ရေမျောကမ်းတင်ရွက်ကျပင်ပေါက်လိုရောက်လာကြသော ရေနက်ကွင်းသားတွေကို အဖက်လုပ်ဆက်ဆံရမည်ကို ဝန်လေးပုံရသည်။ ၎င်းတို့ လိုအပ်သော စားနပ်ရိက္ခာ၊ ဆေးဝါး လာရောက်ဝယ်ယူသည်မှလွဲ၍ သွားသွားလာလာ ဆက်ဆံခြင်းမရှိခဲ့ကြပေ။ ထို့အတူ ရေနက်ကွင်းသားများကလည်း နှစ်ရွာစလုံးကို တရင်း

တန်းဆက်ဆံရင်းနှီးလိုဟန် မရှိပေ။ အချင်းများတတ်ကြသည့်လူတွေလို ခပ်တန်းတန်းဖြစ်နေကြသည်။

ရေနက်ကွင်းသားများသည် မည်သည့် အသက်မွေးဝမ်းကျောင်းဖြင့် အသက်ရှင်ရပ်တည်ရေးကို ဆောင်ရွက်ကြပါသနည်း။

ထိန်တောညိုနှင့် လက်ပံကုန်းရွာသားများသည် ၄င်းတို့ကို သတိဝီရိယဖြင့် စောင့်ကြည့်မည်ဆိုသည်ကို ၄င်းတို့ကလည်း နားလည်သဘောပေါက်ပုံရသည်။ ထို့ကြောင့် စားနပ်ရိက္ခာ၊ ဆေးဝါးကိစ္စမှလွဲ၍ မသက်ဆိုင်ရန်၊ မပတ်သက်ရန် ရေနက်ကွင်းရွာသားများသည် ဆင်ခြင်နေပုံရသည်။ မပတ်သက်လိုသည့် အကြောင်းချင်းရာတွေရှိမည် သေချာသည်။

သူကြီးဦးတောကျော်သည် ဟိုးဝေးဝေး တောအုပ်ထူထူကြားရှိ တဲအိမ်စုစုကလေးတွေဆီသို့ လှမ်းကြည့်နေသည်။ တဲစုစုဆီမှ မီးခိုးပြာပြာတွေ လွင့်ပျံ့လျက်ရှိ၏။ ညနေစာအတွက် ချက်ပြုတ်နေဟန်ရှိသည်။

‘ဒီကောင်တွေ စီးပွားရေးမည်မည်ရရလုပ်ငန်းမရှိဘဲ ပိုက်ဆံတွေ ရေလိုသုံးနေတာ ထူးခြားတယ်။ ခွေးမသားတွေလက်နက်ပုန်းတွေကိုင်ပြီး ဓားပြတိုက်နေတဲ့ကောင်တွေ၊ ဒီလိုရေနက်ကွင်းဆိုးကြီးထဲမှာ သင်းတို့လာပုန်းနေကြတာပဲ သဘာဝကျတယ်။ အင်း····တစ်ခုတော့ရှိတယ်။ ထိုရွာနှစ်ရွာကိုတော့ အန္တရာယ်ပေးပုံမရဘူး။ အန္တရာယ်ပေးကြည့်ပါလား။ သင်းတို့လည်းပင်းကြိုးကွင်းစွပ်သလို ဖြစ်သွားမှာပေါ့။ လက်ပံကုန်းသူကြီး ကိုတေနောင်ကိုတော့ သတိကလေး ပေးထားဦးမှ။





ဒီကောင်တွေ ဟိုးတစ်နေ့ အဲဒီအခါတုန်းက လက်နက်တွေကိုဖိုးလာတော အကုန်လုံးခြင်တယ်

ဦးစောအာကျော်သည် တစ်ယောက်တည်း ရေရွတ်လျက်ရှိသည်။

နွေနှောင်းကာလ ရောက်သည်နှင့် မိုးရိပ်တိမ်ရိပ်တွေကို စတင်မြင်လာရသည်။ လယ်ယာမြေကို အသက်အသွင်းရန် လယ်သမားများ စတင်လှုပ်ရှားစပြုလာကြလေပြီ။ သကြန်ပွဲပြီးကာတည်းက ထွန်တုံး ထွန်တံကိုထုတ်ကာ သနေကြပြီဖြစ်သည်။

ဦးစောအောင်ကျော်သည် အမဲတော်ကြောင်းကိစ္စ လုပ်ခွင့်၊ စိုက်ပျိုးရေးစရိတ်ချေးငွေများအတွက် အေးအေးဆွေးဆွေးပြောဆိုရန် ထိန်တောညိုရွာသား သုံး၊ လေးဦးတို့ဖြင့် ကျွဲ လက်ပံကုန်းရွာဘက်သို့ ထွက်လာကြသည်။ လက်ပံကုန်းရွာသူကြီး ဦးအောင်နောင်နှင့်လည်း တွေ့ဆုံတိုင်ပင်ရန် နေ့လည်ခင်း နေစောင်းအချိန်များမရောက်ခင် ရွာမှထွက်လာကြခြင်းဖြစ်သည်။

လက်ပံကုန်းရွာကိုရောက်ဖို့ မိုင်စ် (၃၀)ခန့်ခရီးကျင်လျှောက်ရမည်ဖြစ်ရာ ဦးစောအောင်ကျော်တို့သည် ထွန်းဆောင်းပင်း ဆေးလိပ်ကလေးတစ်ဖွာစွာဖြင့် စိတ်လွတ်ကိုယ်လွတ် လျှောက်လာကြပေသည်။ တစ်မျက်တစ်ခေါ် လယ်ကွင်းပြင်၊ ရေနုတ်ကွင်းတို့သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ဆိုင်းတစ်အုပ်သာ မြင်မြင်ဘက်ကိုသီသီဝေဝေ၌ ပျံသန်းသွားကြသည်။ အညိုရောင်တောအုပ်ရိုင်းတွေက ကျွဲပေ

ကျလိမြည်ကာ ရေနက်ကွင်းဘက်ဆီသို့....။

ဟိုကွင်းစပ်တစ်နေရာတွင် လယ်ကွင်းကို မီးရှို့ထားသဖြင့် မီးခိုးတွေတလူလူ အူတက်နေလေသည်။ ပတ်ဝန်းကျင်ပြာမှိုင်းမှိုင်းရီဝေဝေ။ တဖြည်းဖြည်း စကားတပြောပြော လျှောက်လာကြရာ ရေနက်ကွင်းစပ်သို့ ရောက်လာသည်။ ရွာနှစ်ရွာကြားဧရိယာသို့ ရောက်လာကြခြင်း ဖြစ်သည်။

စကားပြောနေရာမှ ဦးတောကျော်၏မျက်ဝန်းအကြည့်က ရေနက်ကွင်းအတွင်းပိုင်းသို့ အကြောင်းကိစ္စရည်ရွယ်ချက်မရှိဘဲ ကြည့်လေကြည့်ထဖြစ်သော အကျင့်တစ်ခုကြောင့် ဖြစ်သည်။

ထိုစဉ် ရေနက်ကွင်းတဲအိမ်ကလေးတွေဆီမှ အပြင်ဘက်ဆီသို့ တရွေ့ရွေ့ထွက်လာသော လူတစ်စုကို ရုတ်တရက်တွေ့လိုက်ရလေသည်။ ရေနက်ကွင်းသားအုပ်စုသည် သစ်ပင်ချုံပုတ်ကြီးကြားမှ ရုတ်တရက်ဘွားခနဲထွက်ပေါ်လာခြင်းဖြစ်ရာ ဦးတောကျော်နှင့်အဖော်ရွာသားများသည် ရှေ့တိုးမလျှောက်သာဘဲ စူးစမ်းဟန်ဖြင့် လှမ်းမျှော်ကြည့်ရှုကြလေသည်။

ဒီကောင်တွေ အရင်တစ်ခါလို လက်နက်တွေနဲ့များလား။ ရာဇဝတ်မှုတစ်ခုခု ကျူးလွန်လာပြီ ထင်တယ်။

ဦးတောကျော်သည် စိတ်ထဲမှရေရွတ်ရင်းအဖော်ဖြစ်သူကို အဓိပ္ပာယ်ပါပါဖြင့် မေးတစ်ချက်ဆတ်ပြသည်။ အဖော်ကလည်း အရိပ်အကဲကိုသိပြီးဖြစ်ပေရာ ရှေ့ဆက်မလျှောက်တော့ဘဲ ရပ်တန့်ကြည့်ရှုနေလေသည်။





ရေနက်ကွင်းသားများသည် ဦးတောကျော်တို့ကို ရုတ်တရက် တွေ့ရှိလိုက်ရသော်လည်း ခြေလှမ်းတုန့်ခြင်း၊ ရှိုးတိုးရှန့်တန့်ဖြစ်ခြင်းပင် မဖြစ်ကြဘဲ ရှိလေဟန်ပင် မပြကာ ရှည်မျောမျောအရာဝတ္ထုကြီး တစ်ခုကို လူနှစ်ယောက်ဝါးလုံးဖြင့် လျှိုကာထမ်းလာကြခြင်းပင်တည်း။ အရာဝတ္ထုကြီးကို ဖျာစုတ်ဖြင့် ပတ်ချည်ကာ ရှေ့နောက်ထမ်းကာ ရှေ့ဆုံးမှထွက်လာကြခြင်းပင်။ ထိုအရာကြီးနောက်မှ လူလေး၊ ငါး ယောက်အုပ်စုတစ်စုက လုံချည်တိုတိုဝတ်ကာ လိုက်ပါလာကြသည်။ တစ်ယောက်ကပေါက်တူးတစ်လက်ကိုင်စွဲထားပြီး နှစ်ယောက်၊ သုံး ယောက်ခန့်က အင်္ကျီမပါပေ။ အသားမည်းမည်းကျောပြောင်ကြီးများ ဖြစ်သည်။

ဦးတောကျော်တို့သည် မရွေ့လျားဘဲ ရပ်တန့်ကြည့်ရှုနေသည်။ ထိုအုပ်စုကလည်း ဦးတောကျော်တို့ဆီသာတည့်တည့်မတ်မတ် လျှောက်လာသည်။

ဒီလိုနှင့် ဝါးတစ်ပြန့်ခန့်အကွာအဝေးသို့ရောက်လာသောအခါ ဦးတောကျော်သည် မျက်မှောင်ကြုတ်၍ ထမ်းပိုးလာသောအရာဝတ္ထုကြီးကို မသင်္ကာကို စတင်တွေ့လိုက်ရတော့သည်။ ရုတ်တရက် လန့်ဖျပ်သွားသည်။

'အား'

'ဟိုက်....လူသေကောင်ကြီးပဲ'

ပါလာသူတစ်ယောက်က-

'သူကြီး လူသေကောင်ကြီးဗျ'

"ဟုတ်တယ်၊ ဒီကောင်တွေ ဘာဖြစ်တာလဲ။ အဲ့ယ်ကိုသယ်သွားကြမှာလဲ မသိဘူး"

ဦးတောကျော်သည် ရှေ့ကိုခြေတစ်လှမ်းတိုးလိုက်သည်။

"မြော… မောင်ရင်တို့ဘာကြီးလဲဗျ"

အထွမ်းသမားတဲ့ရုပ်ရယ်ဒေါက်ကြ

"နာမကျန်းဖြစ်ပြီး သေသွားတာပါ ခင်ဗျာ။ စစ်ဆေးလို့ရပါတယ်။ အခု မြေမြှုပ်ဖို့ သယ်လာကြတာပါ"

ဦးတောကျော်သည် ခြေတစ်လှမ်းနောက်ပြန်ဆုတ်လိုက်မိသည်။ ဖျာလိပ်ထဲမှ ဦးခေါင်းပြောင်ပြောင်၊ ဆံပင်ကြဲကြဲကြီးသည် လှုပ်စီလှုပ်ရှဖြစ်နေသည်။ ဦးတောကျော်ရင်ထဲမှာ ပြောချင်တာတွေ ပြောသင့်မပြောထိုက်တာတွေ စုပြုံကျရောက်လာလေပြီ။ သူသည် လူအုပ်စုကို ရွံရှာမုန်းတီးမည်းမှောင်နေသည့် မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး-

"ဒီမယ်၊ မောင်ရင်တို့ ကျုပ်တစ်ခုပြောချင်တယ်။ ရေးထုံးလည်းမပယ်နဲ့။ ရှေးသုံးလည်း မလွှယ်နဲ့ဆိုတဲ့စကားရှိတယ်။ ဒီအရပ်က အစဉ်အလာထုံးစံတွေ အများကြီးရှိတယ်ဗျာ။ အဲဒါတွေကိုရှိရင် ဆိုင်းဝိုင်းထည့်ရတယ်။ ဆိုင်းမပါရင် တစ်ခုခုဖြစ်တတ်တယ်။ ခိုက်တတ်တယ်။ ဘယ်လိုခိုက်တယ်ဆိုတာပြောရင် ရှည်မယ်၊ တိုတိုပဲ ပြောတော့မယ်။ သူ့အရပ်နဲ့သူ့ဓလေ့မဲ့မှော။ ကိုယ့်လူတို့ဒီအရပ်မှာနေရင် ဒီအရပ်ရဲ့ဓလေ့ထုံးစံတွေကိုလေးစား လိုက်နာဖို့ လိုလိမ့်မယ်။ အသုဘရှိလို့ အစိမ်းသေသေ့ရင်ကော် ရှုခင်မြင်ကွင်းမဲ့"





ထိုအခါ အသုဘရုပ်အလောင်းကောင်ကြီးကို ထမ်းထားသော လူနှစ်ယောက်သည် စိတ်ပင်မရှည်သည်လား၊ ထမ်းထားရသည် မှာ ညောင်းညာလာ၍လောမသိ၊ ဝါးလုံးကြီးကို ပစ်ချလိုက်ရာ ရုပ်အလောင်းကြီးသည် မညီမညာမြေကြီးပက်ကြားအက်ပေါ်သို့ အထိန်းအကွပ်မဲ့ ပြုတ်ကျသွားလေသည်။

"အုတ်တိ"

"ဒုန်း"

ရုပ်အလောင်းကြီးသည် ပြုတ်ကျလိုက်သည့်အရှိန်နှင့် ပတ်ထားသော ဖျာစုတ်ကြီး ပြေကျသွားကာ ပက်ပက်ကြီးပေါ်ထွက်လာတော့သည်။ မချိမဆံ့ဝေဒနာကို ခံစားရဟန်ဖြင့် မျက်လုံးကြီးများ ပြူးထွက်ကာ လျှာကြီးလက်လုံးခန့် နှုတ်ခမ်းအပြင်သို့ ထွက်နေသည်။ နားရွက်ထဲမှ သွေးပုပ်တွေကျနေသည်။ မျက်လုံးတစ်စိုက်တွင် သွေးတွေက ခြောက်နေသေးသည်။

ဦးတောကျော်သည် ထိတ်လန့်ကြောက်လန့်ဖွယ်ရာ မြင်ကွင်းကြောင့် အသေတော်စာလန့် ဖြစ်သွားသည်။ သူနှင့်ပါလာသူတွေပါ ကိုယ်ရှိန်သတ်လိုက်ကြသည်။ ရုပ်အလောင်းကြီး၏ လက်တစ်ဖက်သည် ဖျာစွန်းနှင့်ငြိနေကာ တံလှုပ်လှုပ်ဖြစ်နေသည်မှာ ခြောက်ချားစရာကောင်းလှသည်။

"မှတ်ဘို့ နေကြပါဦး။ မင်းတို့မသာကြီး ဘယ်လိုဖြစ်တာလဲ။ ရှင်းပြကြစမ်းပါဦး။"

အလောင်းသယ်လာသူတစ်ယောက်က တုံးခနဲ သက်ပြင်းတစ်ချက်

မှတ်လိုက်ကာ-

"မြွေကိုက်သေတာပါ"

"ဟင်"

"ဟိုက်"

"ဟာ"

"မင်းတို့ပြောတော့ နာမကျန်းဖြစ်သေတာပါဆိုကွ ဟေ"

ဦးတောကျော်သည် အလောင်းကောင်ကြီးကို သေသေချာချာ ကြည့်လိုက်သည်။ အလောင်းသည် နာဖျားချ၍သေခြင်းမဟုတ်။ တစ်ကိုယ်လုံးပြာနှမ်းနေသည်။ ညှိုပုပ်နေပြီ။ လက်ဖဝါးတွေပါ ပြာနှမ်းနေသည်။ အဆိပ်ရှိသောအကောင်တစ်ကောင် ကိုက်၍သေသည်မှာ သေချာပေပြီ။ ဒါမှမဟုတ် အဆိပ်သောက်သေခြင်းလော။

"ဘယ်မှာအကိုက်ခံရတာလဲ"

"ကုလားကုန်းမှာ"

ဦးတောကျော်သည်နှုတ်မှ "ဘာ" ဟူသော အာမေဋိတ်သံ ပြင်းထန်စွာ ထွက်ပေါ်လာသည်မှာ မိုးချုန်းသံတမျှ ပြင်းထန်လှပေသည်။ အထိတ်တလန့် မြည်လိုက်ခြင်းသာ ဖြစ်သည်။ မသာရှင်အုပ်စုသည် မျက်စိမျက်နှာပျက်ကာ ရုတ်တရက်နှုတ်ဆိတ်သွားကြသည်။

"ဒီမှာ ရေနက်ကွင်းသားတွေရဲ့၊ ကုလားကုန်းဆိုတာ ဟိုး ငါးရွာ၊ လေးရွာခြားနေပြီ။ အဝေးကြီးမှ အဝေးကြီး။ ဒီလူက အဲဒီ ကုလားကုန်းမှာ မြွေအကိုက်ခံရတယ်လို့ မြစ်ခြားထားတဲ့ရွာမဟုတ်လား။ အဲဒီမှာ မြွေအကိုက်ခံရပြီး သေတာမဟုတ်လား"





အားလုံးငြိမ်သက်သွားကြသည်။ ဦးတောကျော်သည် မကျေမနပ်လှမ်းကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီမှာ မင်းတို့ကို ငါတို့တစ်ခါမှမမြင်ဖူးဘူး။ ဘယ်က ရောက်လာတဲ့လူတွေလဲဆိုတာလည်း ငါတို့မသိဘူး။ ထားတော့။ ဒါပေမဲ့ ငါတို့အရပ်မှာလာနေတယ်ဆိုရင် ရွာဓလေ့၊ အရပ်ဓလေ့ကို သိဖို့ကောင်းပါတယ်။ လိုက်နာဖို့လိုတယ်ကွ။ ဒီအရပ်မှာ အစိမ်းသေသေရင် ရွာပြင်မှာပဲ ထားရတယ်။ ရွာထဲသွင်းလို့မရဘူး။ ရွာနာတယ်။ ရွာနိုက်တယ်ကွ။ နားလည်ကြလား။ ပြီးတော့ ရိုးရိုးရောဂါနဲ့ မမွတာ အတိုင်းသေရင်တောင် သရဏဂုံတင်ရတယ်။ ဆိုင်းထည့်ရတယ်။ မင်းတို့ဥစ္စာ အခုကြည့်ပါဦး။ ကြောက်စရာကောင်းလိုက်ပါဘိ။ ရွာပြင် ဟိုးဝေးဝေးကြီးမှာသေတဲ့ အစိမ်းသေမသာကြီးကို ရွာထဲသွင်းလာတယ်။ ပြီးတော့ သရဏဂုံမတင်၊ ဆိုင်းမပါဗုံမပါပဲနဲ့ ဖျာနဲ့လိပ်ပြီး အသုဘချတယ်။ ကောင်းရောကွာ၊ ကောင်းရောပဲ။ ဘယ်လိုကောင်တွေလဲကွာ။ လူတွေမှ ဟုတ်ရဲ့လား။ ပြီးရင်ခေါင်းသွင်းရတယ်။ ကြည့်စမ်း ခု ဖျာလိပ်နဲ့ပတ်ပြီး မသာချလာတယ်။ ရွာတော့နာပြီပေါ့ ကွာ။ သေချာတယ်။ ရွာနာပြီဟေ့။ ငါပြောတဲ့အချက်တွေနဲ့ မပြည့်စုံရင် ရွာပျက်ဖို့သာ ပြင်ပေတော့။ ကဲ...အခုမှတော့ မထူးတော့ဘူး။ မင်းတို့သဘောနဲ့လုပ်စရာရှိသာတာ ဆက်လုပ်ပေတော့ဟေ့။ တို့ကတော့ အလွတ်ပဲ။ ဘယ့်နှယ်ကွာ။ ဗလချိုးနှမ်းကောင်တွေပဲ။ အရူးကောင်တွေပဲ။ အမနုဿကောင်တွေ။ လူတွေမှဟုတ်ရဲ့လား"

ဦးတောကျော် မကျေမနပ်ဗျစ်တောက်ဗျစ်တောက် ပြောလေ

ကျော့သည်။ တစ်ဖက်လူမျိုးသည် မွန်တော့တော့ရူးသိုးသိုး မိုက်ကိုက်ကန်း ခပ်မဲမဲပေရှုံ့များ ဖြစ်ပုံရသည်။ မကျေနပ်သော်လည်း ခွန်းတုံ့မပြန်ကြ။ လောလောဆယ် သူတို့၏ ပြောနမ်းနှမ်းအဲ့ခုဘကောင်ကြီးကို မမြင်ကျဖို့၊ မြေကြီးထဲရောက်သွားဖို့ အရေးကြီးသည်။ ဦးစောကျော်မိန့်ခွန်းကြားသည့် သရကဝံအွေး၊ ရွာပြင်ရွာတွင်းအွေး၊ မသာဆိုင်းတွေ၊ ထုံးစံအတိုင်းတွေ နားလည်ပုံမရ။ စိတ်ဝင်စားပုံမပေါ်။

လူပေလူတေအုပ်စုသည် ကြောင်စီစီမထုံ တက်ခြေးရပ်နေသည်။ ထိုအခါ ဦးခဲ့ထွာကျော်သည်—

"မှင်းတို့ဘဲ့စုက ခေါင်းဆောင်ရော၊ လူကြီးဘယ်သူလဲ"

"ဟိုကလေးအောက်ဘက်ကို ဆင်းသွားပါတယ်။ ခရီးထွက်သွားတာပါခင်ဗျ"

"သူဘယ်တော့ ပြန်လာမှာလဲ။ ဒီအရိုးမှာ ရှိနေဖို့ကောင်းတာပေါ့"

"မသိဘူးခင်ဗျ။ နှစ်ရက်၊ သုံးရက်လောက်တော့ကြာမယ့်ပြောတယ်"

ဦးစောကျော်သည် ခေါင်းမုပ်တွေ စီးကျနေသော အသုဘာကောင်ကြီး၏ မျက်နှာပြာနမ်းနမ်း ညိုမှပ်မှပ်ကြီးကို တစ်ချက်ရွှမ်းနံကြည့်တော့—

"အေး... ဒီအရပ်မှာ မိုးနီနေရင်တော့ ရပ်ရွာ၊ ရွာခံတွေတွေကိုတော့ သိနားလည်ဖို့လိုတယ်။ နေပါဦး မင်းတို့ခေါင်းဆောင်က ရွာထဲမှာ ဒီသန့်နဲ့အေး မကြာခဏလာဝယ်တတ်တဲ့ နဖူးပြောင်ပြောင်၊





ကိုယ်ထိရုံးကိုယ်ဆည်ပင်ကိုဝတ်ဦး ထုဘယ်ဘာက်လကာ်မပြုပ်မှ်နေတဲ့လူသွားလဲ၊ သူရှာမည်ထွယ်သူ"

ထိုအခါ အုပ်စုသည် တစ်ညီတစ်ညွတ်တည်းအသံဖြင့်—

"ဟုတ်ပါတယ်ခင်ဗျ"

"ကိုခွဲဒိုက်၊ ဆရာမြို့အင်ပါခင်ဗျ"

"မြေအေး... သူလာဘ်ရှိလာ သောချာချာ မပြောပြကြ၊ ရုပ်ခေတ် ရွာစံဆေရှ်ထုံးစံကိုလည်းလိုက်နာဖို့"

"ဟုတ်ကဲ့ပါခင်ဗျား မှတ်ထားပါ့မယ်"

"ခံစားရသော ရှင်ကြေငြာလိုက်ပါမယ်"

"ကြားနိုင်မှာ အခုမှမရှိသေးတော့ဘူး။ မင်းတို့မြေကိုကိုခံရတဲ့ အခွင့်လေးကိုလည်းကြိုးစားရမယ် ... နာတတ်ကြတယ်။ ဒါကိုသိတို့ ဖျရှတ်ချွတ်ချဲ ..."

(♦ ...)

... မဟုတ် ဆန်းကြယ်သောတိုက်ဆိုင်မှုလောမသိ။ ရေနက်ကျွင်းချော လျှော့တွေ့အုပ်စုသီးခြား ကြက်တက်မကျွတ်ပဲ အရွှေရာသန်ဆိုကြီးဆုံးစိုးခုံ မကြာခင် ကျွဲရောက်လာတော့မည်ကို ဘယ်သူမျှ မရိပ်မိနိုင်ခဲ့။ ဆိုးရွားသော ကံကြမ္မာသည် ခြေသံမကြားရဘဲ လာရောက်တော့မည်လား မသိနိုင်လား။

ရေနက်ကျွင်းသားတို့၏ အိမ်ဝေဝေ ...

မသွင်းခြင်း၊ တိရစ္ဆာန်အသေကောင်ကဲ့သို့ ဖြစ်သလိုအသုဘချခြင်း၊ ဆိုင်းမပါဝံ့မပါ အသုဘချခြင်းတို့၏နောက်ကွယ် လကွယ်ည၏တစ်ညတာတွင် -

ကျီးကန်းတွေ တစ်ညလုံးလန့်ပြိုနေခဲ့ကြသည်။ ရွာ၏နှစ်ချို့ သစ်ပင်ကြီးများတွင်သာ အိပ်တန်းတက်လေ့ရှိသော ကျီးငှက်များသည် ညနေစောင်း နေဝင်ချိန်မှစတင်ကာ ဂနာမငြိမ် လှုပ်လှုပ်ရှရှဖြစ်နေကြခြင်းဖြစ်သည်။ ကျီးကန်းများသည် တအာအာမြည်ကာ ဝေါခနဲအသံကြီးဖြင့် ကောင်းကင်ပေါ်သို့ ထိုးတက်ပျံသန်းသွားကြပြီး ကောင်းကင်တွင် ဝဲပျံနေကြသေးသည်။ အတန်ကြာဝဲပျံပြီးမှ သစ်ပင်တွေပေါ် ပြန်နားကြ၏။ ထို့နောက် ဝေါခနဲအော်ဟစ်ကာ ပျံသန်းကြပြန်ကာ ကောင်းကင်တွင် စက်ဝိုင်းပုံပျံသန်းကြပြီး ဒေါသတကြီးအော်ဟစ်ဆူညံရင်း ဝဲပျံနေကြပြန်သည်။ ၎င်းတို့သည် ကြောက်မက်ဖွယ်တော တိရစ္ဆာန်တစ်ကောင် (သို့မဟုတ်) မကောင်းဆိုးဝါးကောင်ကိုမြင်၍ လန့်ပြိုနေကြခြင်းလော။ မကောင်းဆိုးဝါးကိုမြင်ကာ လန့်ပြိုနေကြခြင်းသာ ဖြစ်မည်။

ထိုကဲ့သို့ ကျီးကန်းတွေတစ်ညလုံး လန့်ပြိုနေခြင်းသည် ညဉ့်နက်သည်အထိ ဖြစ်သည်။ ကျီးပြိုခြင်းသည် ကောင်းသောအတိတ်နိမိတ်မဟုတ်ရကား တစ်ရွာလုံးမအိပ်နိုင်ဘဲ အိပ်ရာထဲမှပင် ရင်တထိတ်ထိတ်ဖြင့် ငြိမ်သက်စောင့်ကြည့်နေမိကြသည်။

သူကြီးဦးတောကျော်သည် ဒီနေ့မှ ထူးထူးခြားခြား အိပ်မပျော်နိုင်ဘဲ မျက်စိကြောင်ကာ အိပ်ရာပေါ်တွင် ဘယ်ညာလူးလှိမ့်နေမိ





သည်။ ကျီးကန်းတွေက ဘာကြောင့်လန့်ပြိုနေကြတာလဲ။

ခေါင်းမိုးပေါ်မှဖြတ်၍ ပျံသန်းသွားသော ညဉ့်ငှက်တို့၏ အော်သံသာ တစ်ချက်တစ်ချက် ပြတ်တောင်းပြတ်တောင်း ကြားနေရသည်။ သစ်ရွက်တွေကို တရှဲရှဲလေတိုးတိုက်သံကလည်း ညဉ့်နက်လေလေ စိတ်ချောက်ချားစရာကောင်းလာလေလေပင်။

ဦးတောကျော်သည် မျက်စိကိုမှိတ်ကာ အိပ်ပျော်အောင်အိပ်မည်ဟု သံန္နိဋ္ဌာန်ချလိုက်ချိန်တွင် အသံတစ်သံကို ကြားလိုက်ရလေသည်။ နောက်တစ်ချက် ထပ်ကြားရပြန်သည်။

ဦးတောကျော်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ လူးလဲထရန်ပြင်သည်။

သေနတ်သံ၊ သေမင်းခေါ်သံ....။

"ဒိုင်း"

နောက်တစ်ချက်။ ဦးတောကျော်ရုတ်တရက် ထထိုင်သည်။ သေနတ်သံသည် ဟိုးခပ်ဝေးဝေးမှ လေအဟုန်တွင်လွင့်၍ မျောလာသောအသံဖြစ်သည်။ နီးနီးကပ်ကပ် အသံမဟုတ်။

"ဓားပြတိုက်နေပြီထင်တယ်။ သေချာတယ်။ ဓားပြတိုက်နေပြီ"

အားလုံးသေနတ်သံသုံးချက်တိတိ။

ဦးတောကျော်သည် ခုတင်ပေါ်မှ အသာလျောဆင်းသည်။ ပတ်ဝန်းကျင်ကား နက်မှောင်လျက်။

"ကိုတောကျော်"

ရုတ်တရက်အိမ်ရှေ့မှ နိုးလာမိသော သူကြီးအာဏာသိမ်း၏ အသံမှ
ဘုန်းတော်နီးတာ
နဲ့ သင်ရှုပ်ပါး တစ်နေရာမှာ ဓားပြတိုက်နေပြီထင်တယ်။
အိမ်နေရှင်တို့ကို အရပ်မသိစေနဲ့တော်ရေ့

ဦးတောကျော်သည် လေသံဖြင့်
ဓါးသွားမါတော်ယဲ့ဟဲ့။ သေနတ်ယူခဲ့ကွ အမေးကြီးမါး

ဦးတောကျော်သည် ခါးဝတ်ပုဆိုးကို ခပ်တိုတိုဝတ်၍ အိမ်အပြင်ဘက်သို့ ထွက်လိုက်လေသည်။ အိမ်အပြင်ဘက်တွင် မှုတ်ဝန်းကျင် သည် အမှောင်ထုဆောင်းထွက်နေ၍ ကြောင်တက်ဖွယ်ငြိမ်သက်ပျောက်ကွယ်နေ သည်။ မျှော်သိပ်မှုများဖြင့် လှုပ်ရှားနေမှုဖြစ်ပျောက်ကွယ်နေခြင်းသာ ဖြစ်ပေလိမ့်မည်။ တစ်ခါတရံ နိုးကြားစီစီဖြည်နေသောအသံ၊ တရှဲရှဲ တိုက်ခတ်နေသော လေတိုးသံတို့သည် စေးပျစ်မည်းမှောင်နေသော ပတ်ဝန်းကျင်တွင် သက်ဝင်လှုပ်ရှားနေကြသည်။ ပတ်ဝန်းကျင်သည် လောလောဆယ်တို့ဆိတ်ငြိမ်မှုအားလုံးကို ကိုယ်စားပြုထားသည်ဟု ဆိုရပေ မည်။

ရုန်းကြွဆူပွက်နေသည်ဟုထင်ရသော ပတ်ဝန်းကျင်သည် ရုတ်ချည်းအပ်ကျ ပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက် သွားပြန်သည်။ ဦးတောကျော်သည် ကျုံ့ရှုံ့ခါး ခေါင်းဆောင် သူကြီး ဝိသဒ္ဒါပီပီ အိမ်ရှေ့ရှာဖွေမြင်းမှမပေါ်သို့ မည်သို့မည့်ပုံမဝင် ရောက်သွား သည်မသိ။ လက်ထဲတွင်ကား ဖားဆီးဆွဲကိုမည်သို့ရရှိသွားသည်ကိုပင် အမှတ်မထားချင်တော့။





သေနတ်သံတွေ ဆက်၍မကြားရတော့။ ဆိုးသည် အမှောင် ထုမှာပင် မျက်စိအာရုံကို ကျင့်သားရအောင် မှုတ်ခဲ့ပြီးနောက် ရှိ တဲ့သော ရွာလယ်လမ်းမ တစ်လျှောက် ရှုးရှူးစိုက်စိုက်ကြည့်နေသော မျက်ဝင်းအရိပ် တွေ ဖျက်ခနဲ၊ ဖျက်ခနဲ သူ့ဆီသို့ ဝင်လာသည်ကို သူ သတိပြုမိ တော့သည်။

သူကြီး

ကိုဘအောင်လား

ဟုတ်တယ် သူကြီး၊ သေနတ်သံ ဆိုး ချက်ကြားလိုက်တယ်

ထိုအာအောင်သည် ဦးတောကျော်၏ ခိုင်နှင့်ကာပ်ချက်ဖြစ်သည်။ ရပ်ရေးရွာရေးတွင်ပါ အားကိုးရသူလည်းဖြစ်သည်။ ဦးတော ကျော်အားတက်သွားသည်။ အမောခံ ရွာသားတွေ ဆိုင်းရုံလာသည်

ဟုတ်တယ် တစ်နေရာရာမှာ ဓားပြတိုက်နေပြီကွ

ဦးတောကျော်က အမှောင်ထဲမှာပင် မှန်းရွေးဝါးမြင်ရနေသော ကိုဘအောင်ကို လေသံဖြင့် ပြန်ပြောသည်။

ကျုပ်တို့ရွာထဲတော့ မဟုတ်ဘူးထင်ရတယ် သူကြီးရဲ့။ တခြားတစ်နေရာက ....

ထိုစဉ် သူတို့ထံသို့ ဝင်လာကြသော မီးတိုင်တွေ၊ ဓားမ ရှည်တွေနှင့် ရွာသားတွေကို လှမ်းမြင်နေရပြီး သူကြီးအိမ်ဆီ လာရောက် စုရုံးကြခြင်း ဖြစ်သည်။

ဟုတ်တယ် ကိုဘအောင်၊ လက်ပံကုန်းကတော့ မဟုတ်ဘူး ရွာနှစ်ပံကုန်းဘက် ဘေးတယ်။ ရွေးရာကျွန်းထဲက ဖြစ်နိုင်တယ်

"ဟုတ်မယ်၊ ဟုတ်မယ်။ လူဆိုးလူမိုက်တွေဆီ သေချာတယ်။ မနက်ကျမှ သွားစုံစမ်းကြတာပေါ့။ ဒီကောင်တွေ ကျုပ်တို့အစကတည်းက မသင်္ကာနေတာ။ အချင်းချင်း ဝေစုမတည့်တာလား။ အရက်မူးပြီး ပစ်ကြ၊ ခတ်ကြတာလား မသိဘူး သူကြီး"

"ခင်စိန့်ကိုသာ မေးကြည့်တော့သူကြီး"

ခင်စိန်ဆိုသောရွာသားက ရုတ်တရက်ရှေ့သို့ထွက်လာကာ-

"ရေနက်ကွင်းသားတွေ ကပ်တော့ဆိုက်နေပြီသူကြီး။ ကျုပ်တို့လက်ပံကုန်းရွာကို မျိုးစပါးသွားယူရင်း ရေနက်ကွင်းရှေ့က ဖြတ်လာတာ။ နှစ်လောင်းပြိုင် အသုဘဗျို့၊ ကသောကမျောပဲခင်ဗျ။ သုသာန်ဘက်ကို စောင်နဲ့ပတ်ပြီး သယ်သွားကြပြီ။ အကုန်လုံးမျက်စိပျက် မျက်နှာပျက်နဲ့ပဲ"

ဦးတောကျော်သည် မျက်မှောင်တစ်ချက်ကြုတ်ကာ ဆေးပြင်းလိပ်ကို ရှိုက်ဖွာလိုက်လေသည်။ ကိုဘအောင်တို့က ဦးတောကျော်အနီးတွင် ဝိုင်း၍ရပ်နေကြသည်။

"လွန်ခဲ့တဲ့ (၁၀)ရက်ကပဲ ညဘက်ကြီးသေနတ်တွေနဲ့ ပစ်ကြ၊ ခတ်ကြပြီး အခုဘာဖြစ်ပြန်ပြီလဲ"

ခင်စိန်သည် ပုဆိုးကို ပြင်ဝတ်လိုက်လေသည်။

"အခုဥစ္စာက ကျုပ်ထင်တာတော့ ပစ်တာ၊ ခတ်တာ မဟုတ်ဘူးထင်တယ်သူကြီး သေနတ်သံမကြားရဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ"

"ဘုရားမကြိုက် နတ်မကြိုက်တဲ့မိစ္ဆာကောင်တွေ တဖြည်း





ဖြည်းသေကုန်တော့လည်း အေးရောပေါ့။ ကာလနာတွေ သေကြ၊ သေကြ"

ထိုအခါ ကိုဘအောင်ကဝင်၍

"ဒင်းတို့သေကုန်တာ အကြောင်းမဟုတ်ဘူးသူကြီး။ တစ်နယ်လုံး၊ တစ်ကွင်းလုံး နိုက်လာရင် ဒီဘက်ကူးစက်လာမှာ။ ဒီဘက်ရွာတွေဆီ ရောက်လာရင်ဘယ်လိုလုပ်ကြမလဲ။ ဒင်းတို့က အရူးတွေ၊ ဘယ်ကဘယ်လိုရောက်လာကြမှန်းမသိတဲ့ အလေနတောအရူးကောင်တွေ၊ ဂျပိုးတွေ၊ စည်းမရှိကမ်းမရှိ လူတစ်ပိုင်း သရဲတစ်ပိုင်းတွေ၊ ကောင်းရောင်းကောင်းဝယ်လုပ်စားမယ့်လက္ခဏာလည်းမမြင်၊ အသုဘချရင် ရပ်ရေးရွာရေးလည်း မလိုက်နာတဲ့ကောင်တွေ၊ အသုဘကောင်ကို သရဏဂုံမတင်၊ ဆိုင်းမတီးဘဲ ဖျာလိပ်နဲ့ပတ်ချတဲ့ကောင်တွေ ကမ်းကုန်ရော။ ကျွန်တော်ထင်တာတော့ ရောဂါတစ်ခုခုကြောင့် ထင်တယ်။ ဒါမှမဟုတ် ဟိုတစ်နေ့က ပစ်ကြခတ်ကြတုန်းက ဒဏ်ရာရပြီး ခုမှမသာပေါ်တာ ငင်တာပဲဗျ"

စကားဝိုင်းသည် ငြိမ်သက်ခြင်းကား နောင်ဖြစ်ပေါ်လာမည့် ကြောက်မက်ဖွယ်အန္တရာယ်ဆိုးကြီးကို ကြိုဆိုကမ်းလင့်နေသကဲ့သို့ပင်တည်း။

ထိုအချိန်တွင် ရေနက်ကွင်းတဲစုများအတွင်း ကြောက်မက်ဖွယ်အန္တရာယ်ဆိုးကြီးသည် တစ်စတစ်စကြီးထွားရှင်သန်လာသည်ကို မည်သူမျှမရိပ်မိနိုင်ကြသေး။

သို့သော်....

နောက်တစ်နေ့ မနက်စောစော [illegible]
လင်းအရုဏ်ပျိုးစအချိန်တွင်ကား။

◆◆◆

အရှေ့ဘက်ခင်းရောင်နီပျိုးအချိန်
ပတ်ဝန်းကျင်သည် နှင်းမြူတို့ဖြင့် သိပ်သည်းကာ ငြိမ်းချမ်းတိတ်ဆိတ်နေခဲ့သည်။ နံနက်ခင်းနေဝန်းကို [illegible] ကျီးကန်းများ ဥဩငှက်များ၏ အော်မြည်သံသာ သစ်တောအုပ်ဆီမှ လှမ်းဆွဲတော့ဖွယ် ပြန့်လွင့်နေသည်။

ငြိမ်သက်တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကို စတင်ဖြိုဖျက်ဆီးလိုက်သည့်အရာမှာ ရေနက်ကွင်းဧရိယာဘက် ဖြစ်ပေသည်။ လှုပ်ရှားမှုကို စတင်လိုက်သည်မှာ ရွာနှစ်ရွာကြား သစ်တောအုပ်၏အလယ်မှပင် စတင်လိုက်ခြင်းဖြစ်ပေသည်။

[illegible] ရေနက်ကွင်းနှံတောထဲမှ [illegible] ထွက်လာကြသော လူအုပ်စုဖြစ်သည်။

သူတို့သည် ရွာနှစ်ရွာဆီသို့ ဦးတည်ရွေ့လျားကြခြင်း မဟုတ်ဘဲ ရေနက်ကွင်း၏ မြောက်ဘက်စွန်းရှိ ဧရာဝတီမြစ်ကမ်းခြေသို့ သွားနေကြခြင်းသာ ဖြစ်သည်။ သူတို့သည် ရေကြီးသုတ်ပြာယာဖြင့် တစ်ပိုင်တစ်နိုင် ပစ္စည်းပစ္စယများကို သယ်ပိုးကြကာ ရေနက်ကွင်းကို စွန့်ခွာခိုင်းရှိန်ခွာသွားကြခြင်းဖြစ်သည်။

သူတို့အားလုံး (၁၀)ယောက် [illegible] ရှိပေမည်။

သူတို့သည် နောက်ကျောဘက်တွင် ကျန်ရစ်ခဲ့သည့်သူတို့နေထိုင်ခဲ့ရာ





နိုးနားခဲ့ရာ ရေနက်ကွင်းတဲအိမ်များကို ရွံ့ရှာမုန်းတီးဟန်ဖြင့် လှည့်၍ပင် မကြည့်ဘဲ မြစ်ကမ်းဆီသို့ အလျင်စလို ပြေးထွက်သွားကြခြင်း ဖြစ်ပေသည်။

သူတို့၏ လှုပ်ရှားမှုကို ထိန်တောညိုရွာသားများက စောင့်ကြည့်နေကြသည်ကို သူတို့ရိပ်မိကောင်းရိပ်မိပေကြလိမ့်မည်။ သို့သော် ထိန်တောညိုမက လက်ပံကုန်းရွာကပဲ ထွက်ကြည့်ကြည့်၊ ဂရုမစိုက်နိုင်။ သူတို့၏ ခြေလှမ်းများသည် ရေနက်ကွင်းမှ ဝေးလေကောင်းလေဟု သဘောထားနေပုံရသည်။ လျင်မြန်သောအဟုန်ဖြင့် သုတ်ခြေတင် ရွေ့လျားနေကြခြင်း ဖြစ်ပေသည်။ စွန့်အပ်ပြီးသော တံထွေးစက်ကဲ့သို့ သံယောဇဉ်ပြတ်ကာ စွန့်ခွာသွားပုံမျိုးပင်။

'တစ်ခုခုတော့တစ်ခုခုပဲဟေ့'

'ဟုတ်တယ်ဗျို့၊ အကုန်လစ်ပြေးကုန်ကြပြီ'

'အထုပ်အပိုးတွေပါ ပါသွားပုံရတော့ ရေနက်ကွင်းကို လုံးဝပြန်မလာတော့ဘဲ သံယောဇဉ်ပြတ်သွားမယ့်ပုံပဲဟေ့'

ထိန်တောညိုရွာသားများသည် ကွင်းပြင်ထီးထီးကြီးတွင် ခပ်သုတ်သုတ်ထွက်သွားသော လူတန်းကြီးကို လှမ်းကြည့်ကာထင်ကြေး အမျိုးမျိုးပေးနေကြသည်။

ဘာအကြောင်းကြောင့်....။

ဘာကြောင့်....။

ဘယ်လိုလဲ....။

ထိုစဉ် ရေနက်ကွင်းထဲမှ ပစ္စည်းထုပ်တစ်ခုကို လက်မှဆွဲ

လျှက်လှုတစ်ယောက် သုတ်သုတ်ပျာပျာ ထွက်လာသည်ကို ထိန်တောညို့တစ်ရွာလုံး လှမ်းမြင်နေရသည်။ ထိုသူသည် ပထမအုပ်စုထွက်သွားသော မြစ်ဘက်ဆီသို့ လိုက်သွားခြင်းမဟုတ်ဘဲ ထိန်တောညို့ရွာဘက် ထွက်လာခြင်းဖြစ်သည်။ ထူးထူးခြားခြား ခွဲထွက်လာသော လူတစ်ယောက်ဟု ဆိုနိုင်သည်။

'ဟော့....ဒီဘက်ကို ရေနက်ကွင်းသားတစ်ယောက် ချွန်ပြီး ထွက်လာတယ်ကွ။ ထူးခြားတယ်။ ဒီကောင့်ကိုခေါ်မေးကြစမ်း။ ဘယ်လိုဖြစ်ကြတာလဲဆိုတာ'

ဦးတောကျော်၏စကားအဆုံးတွင် အားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ အားလုံး၏ မျက်ဝန်းများက ရွာဘက်သို့ ခပ်သွက်သွက် လျှောက်လာသော ရေနက်ကွင်းသားဆီသို့ အာရုံတွေစူးစိုက်ကျရောက်လျက်ရှိလေသည်။

ရေနက်ကွင်းသားသည် ရွာထဲသို့ အထုပ်ပိုက်ကာဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပေပြီရော။ မျက်စိမျက်နှာပျက်လျက် ဝင်လာခြင်းသာဖြစ်သည်။

ရေနက်ကွင်းသားသည် သူ့ကိုရွာတံခါးဝမှနေကာ ရာပေါင်းများစွာသော မျက်ဝန်းများ၏ စူးစမ်းကြည့်မှု၊ ဖြစ်ပျက်မှုကို သိရှိလိုမှုများဖြင့် ဝန်းရံလာသော နှုတ်ခမ်းများ၊ နားများ၊ အကြည့်များကို ရင်ဆိုင်ရင်း ထိတ်ထိတ်ပျာပျာဝင်ရောက်လာခြင်း ဖြစ်သည်။

'ကဲ....ရေနက်ကွင်းသား မင်းဘယ်လိုဖြစ်ပြီး ရှေ့ကသွားသူတွေနောက်ကို မလိုက်ဘဲတို့ရွာထဲဝင်လာတာလဲ ရှင်းစမ်းပါဦးဟ'





ဆံပင်စုတ်ဖွားဖွား၊ အသားမည်းပြောင်ပြောင် အရပ်ကလန့်ကလားနှင့် ရေနက်ကွင်းသားသည် ရေမွှန်းနေသော ကြွက်စုတ်တစ်ကောင်လို လက်ထဲမှာ လွယ်အိတ်အစုတ်ကလေးကိုကိုင်ကာ ပတ်ပတ်လည်ဝန်းရံထားသော ထိန်တောညို့ရွာသားများကို အသနားခံသောအကြည့်ဖြင့်ကြည့်ကာ အောက်ပါအတိုင်း ဝန်ခံချက်ပေးလေသည်။

'ကျွန်တော်တို့ ဒီနယ်တစ်ဝိုက်ကရွာတွေကိုရှောင်ပြီး ဟိုးခပ်ဝေးဝေးက ရွာတွေကိုစားပြတိုက်စားနေတာကြာပြီ။ ကျွန်တော့်အသက်ကို ချမ်းသာပေးပါခင်ဗျာ'

ရေနက်ကွင်းသားသည် သင်းကွဲမျောက်တစ်ကောင်လို မျက်နှာငယ်ကလေးနှင့် ရင်ဖွင့်လေပြီ။ လက်ကလေးနောက်ပစ်ကာ ဓာတ်ခံ့ခင်းလေပြီ။

'ဒါပေမဲ့ မင်းကိုတို့လက်ဖျားနဲ့တောင် မတို့ဘူး။ ဥပဒေအတိုင်းသွားမှာ။ မင်းရှေ့ကအုပ်စုနဲ့ လိုက်မသွားဘဲ ဘာဖြစ်လို့တစ်ယောက်တည်း ခွဲထွက်လာသလဲဆိုတာပြော'

တစ်ချိန်က လက်ရဲဇက်ရဲ ခိုးဆိုးတိုက်ခိုက်ခဲ့သော ရေနက်ကွင်းသားသည် ခုတော့ရွာသားတွေကြားတွင် ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးဖြစ်နေပြီး သေမှာကြောက်နေပြီ။

'ကျွန်တော်ဘာဖြစ်လို့ရှေ့ကအုပ်စုနဲ့အတူတူ လိုက်မသွားရသလဲဆိုတော့ အဲဒီအုပ်စုထဲမှာ ရောဂါသည်တွေပါသွားတယ်။ ကူးစက်ရောဂါသည်တွေ ပါသွားတယ်။ လူကောင်းတွေကိုပါ ကူးစက်ပြီးအသက်ကို ချွေတော့မှာခင်ဗျ။ ဒါကြောင့် ကျွန်တော်သူတို့နဲ့ လိုက်

မသွားတာပါ’

ဦးတောကျော်သည် အံတစ်ချက်ကြိတ်လိုက်သည်။ ထို့နောက်

‘ဘယ်လို ကူးစက်ရောဂါတွေ ကျားသားမိုးကြိုး ရှင်းပြပါဦး’

ရေနက်ကွင်းသားသည် တံတွေးကိုတစ်ချက်မျိုချသည်။ အားလုံး သူ့အရိပ်အကဲကိုပင်ကြည့်ကာ ဘာပြောမည်ကို စောင့်ကြည့်နေကြလေပြီ။

‘အစအဆုံး ပြောပြပါ့မယ်ခင်ဗျာ၊ ဒီလိုပါ’

‘ပြောကွာ’

‘ဒီလိုပါခင်ဗျာ၊ ကိုမြဒင်က ကျွန်တော်တို့ရဲ့ခေါင်းဆောင်ပါ။ ကျွန်တော်တို့အဖွဲ့မှာ သေနတ်အစစ်တွေရော၊ လုပ်သေနတ်ပါ ငါးလက်၊ ခြောက်လက်လောက်ရှိပါတယ်။ အဲဒါတွေနဲ့ ဓားပြတိုက်စားနေကြတာပါ။ လွန်ခဲ့တဲ့ (၁၀)ရက်လောက်က ဆရာမြဒင်နဲ့အဖွဲ့ ဘိုကလေးအောက်ဘက်ကို လှေနှစ်စင်းနဲ့ ဓားပြသွားတိုက်ကြပါတယ်ခင်ဗျ။ ဒီအချီ တော်တော်ကလေး ပွပေါက်တိုးလာကြတယ်ဆိုရမယ်ခင်ဗျာ။ တိုက်ရာပါပစ္စည်းတွေ တော်တော်ရလာတယ်။ ဒါပေမယ့် သူကြီးမင်းရယ် မတရားရလာတဲ့ပစ္စည်း ဘယ်သန့်ရှင်းပါ့မလဲခင်ဗျာ’

ဦးတောကျော်သည် ထွီခနဲတံတွေးတစ်ချက် ထွေးလိုက်သည်။

‘ထွီ····ခွေးမသားတွေ မင်းကလည်း ဒါကျတော့သန့်ရှင်းတယ်၊ မသန့်ရှင်းဘူး သိနေပါလားကွဟေ’

ရေနက်ကွင်းသား၏ အသံသည် တဖြည်းဖြည်းတိုးတိမ်လာသည်။ တုန်တုန်ရင်ရင်ဖြင့် -





‘သူကြီးရယ် ဒါပေမဲ့ ညကျတော့ အောင်သေအောင်သားစား၊ မူးယစ်ပြီး ဝေစုခွဲကြတော့ တစ်ယောက်နဲ့တစ်ယောက် မကျေမနပ်ဖြစ်ပြီး ခေါင်းဆောင်ကိုမြဒင်နဲ့ သူ့လက်ထောက်တစ်ယောက်တစ်ခွန်းစကားများကြပြီး သေနတ်တွေနဲ့ ပစ်ကြပါလေရောသူကြီးခင်ဗျာ’

‘ဒါကြောင့် သေနတ်သံတွေကြားရတာကိုး၊ သုံးချက်တောင်’

‘ဟုတ်ပါတယ်ခင်ဗျာ၊ ကိုမြဒင်က စပစ်တာပါ။ မူးမူးနဲ့ ပစ်တော့ ချက်ကောင်းကိုမထိဘူး။ ညကလည်း တော်တော်မှောင်မည်းနေတာကိုးခင်ဗျ။ ကိုမြဒင်ပစ်ပြီး ထွက်ပြေးသွားတော့ သူ့နောက်ကို လက်ထောက်နဲ့တစ်ယောက်ကလိုက်ပြီး ပစ်ကြတယ်လေ။ နှစ်ချက်ဆင့်ပစ်တာ’

‘မြဒင်ကို ထိသွားသလား’

ရေနက်ကွင်းသားသည် ခေါင်းတစ်ချက်ယမ်းရသည်။

‘ကျွန်တော်မသိဘူး။ ဘယ်သူမှလည်း သိမှာမဟုတ်ဘူးခင်ဗျ။ ကိုမြဒင်နောက်ကို လိုက်သွားတဲ့နှစ်ယောက်က မနက်မိုးလင်းခါနီးမှ ရောက်လာတယ်။ ကိုမြဒင်ထွက်ပြေးလွတ်မြောက်သွားသလား၊ ဒဏ်ရာရသွားသလားဆိုတာ မသိရဘူးဗျာ။ ဘယ်သူမှလည်း ရဲရဲတင်းတင်း မမေးရဲကြဘူး။ အခြေအနေတွေက တော်တော်ရှုပ်ထွေးနေကြပြီ သူကြီးမင်း။ ကျွန်တော်လည်း ဆရာကိုမြဒင်ကို သံယောဇဉ်ရှိပေမယ့် မမေးရဲဘူး။ ကျွန်တော်ပါ အဆစ်ပါမှာစိုးလို့။ အဲဒီကစပြီး ဆရာကိုမြဒင်ပျောက်သွားတာ ခုချိန်အထိ၊ ရေနက်ကွင်းသားတွေ ပြိုကွဲ

တဲ့အထိပါပဲခင်ဗျ။ ဘယ်ရောက်သွားသလဲ မသိပါဘူးသူကြီး'

'ကဲပါ....ဆက်ပြောပါဦး။ ကူးစက်ရောဂါအကြောင်း ဘယ်လိုဖြစ်သလဲဆိုတာ'

ပြောဆိုကာ လက်ထဲမှာညှပ်ထားသော ဆေးပေါ့လိပ်ကို မီးခြစ်ခြစ်၍ ညှိသည်။

'သူကြီးမင်း ခင်ဗျာ။ တိုက်ရာပါပစ္စည်းတွေ ဝေစုမတည့် ဖြစ်ပြီး ပစ်ကြခတ်ကြပြီး သိပ်မကြာဘူးခင်ဗျာ။ လေး၊ ငါးရက်လောက်မှာ ဒုတိယခေါင်းဆောင်မိုးနက်နဲ့ အောင်သူက ရေနက်ကွင်းအနောက်ဘက် နွံတောထဲက စပါးကြီးမြွေကြီးတစ်ကောင် ဖမ်းလာတယ်။ အကောင်ကြီးက သေနတ်နဲ့ပစ်လို့ သေတောင်သေနေပါပြီ ခင်ဗျ'

ရွာသားများသည် တဖြည်းဖြည်းစုစုဝေးဝေးဖြစ်လာကြလေပြီ။ သူကြီးဦးတောကျော်သည် ရေနက်ကွင်းသား၏ ရှင်းလင်းဝန်ခံချက် လွတ်လွတ်လပ်လပ်ပြောနိုင်ရန် ပရိသတ်ကို ချုပ်ငြိမ်းရသည်။

'ကဲ....သိပ်မအုံကြနဲ့။ ဒီကောင်လန့်ပြီး ရူးသွားဦးမယ်။ ခပ်ဝေးဝေးနေကြ'

ပရိသတ်နည်းနည်းကြဲသွားသည်။ ကိုယ်ရှိန်သတ်သွားကြသည်။

'ကဲ....ဆက်ပါဦး။ စပါးကြီးမြွေသေကြီးကို ဘာဆက်လုပ်ကြသလဲ'

'ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်တို့အုပ်စုမှာ လူက (၂၀)လောက်





ရှိတော့ မိုးနက်နဲ့အောင်သူက ချက်ပြုတ်စားသောက်ဖို့ ပြင်ဆင်ပါလေရောခင်ဗျာ'

ရွာသားတစ်ယောက်က လူလည်ဝင်လုပ်သေးသည်။

'စပါးကြီးသားက ချက်တတ်ရင်စားလို့ကောင်းတယ်ကွ၊ ကြက်သားနဲ့မလဲဘူး'

ရေနက်ကွင်းသားက ဆက်၍ပြောသည်။

'စပါးကြီးမြွေကြီးကို ခုတ်ထစ်ပိုင်းထစ်ပြီး ချက်ဖို့ပြင်ကြတာပေါ့။ သည်းခြေကိုတော့ ထုတ်ထားတယ်။ သည်းခြေကဆေးဝင်တာကိုး'

စပါးကြီးသည်းခြေထုတ်ပြီး အောင်သေအောင်သားစားဖို့ ပြင်ဆင်ကြ၊ မူးကြရူးကြနှင့် ရေနက်ကွင်းတွင်းရှိ တဲစုများသည် သီးခြားကမ္ဘာတစ်ခုသဖွယ် အုန်းအုန်းကျွတ်ကျွတ်ဖြစ်နေလေသည်။ အော်ကြ၊ ဟစ်ကြ၊ ဆဲဆိုကြနှင့်။

'မြွေသားချက်ပြီးရင် အရက်ပုန်းတွေ ယူခဲ့ကြဟေ့။ မြဒင်လွတ်ပြေးသွားတော့ ကျူပ်ကခေါင်းဆောင်ဖြစ်ပြီ၊ ဗိုလ်ဖြစ်ပြီပေါ့ကွာ ဟား....ဟား....ဟီး....ဟီး'

မီးဖိုမီးလျှံအောက်တွင် မိုးနက်၏အဆီပြန်နေသော မျက်နှာပြဲပြောင်ပြောင်ကြီးသည် သရဲဝင်ပူးနေသလို ယိမ်းထိုးနေသည်။ ပါးပြောင်တွင် သွားရည်တွေစီးကျလျက်။

'ဟေ့ နေကြဦး။ မနက်က ခူးထားတဲ့ တဲနောက်က ကနစိုးသီးတွေယူခဲ့ကြစမ်း၊ အရက်နဲ့မြည်းကြမယ်။ ကနစိုးသီးရယ်၊ မြွေသား

ရယ်၊ အရက်ရယ် အလိုက်ဖက်ဆုံးကွ"

မိုးနက်၏အဆိုကို ကန့်ကွက်မည့်သူမရှိ။ ကျေနပ်ကြ၏။

"ဟုတ်တယ် ကနစိုးသီးချဉ်ချဉ်ကလေးနဲ့ မြွေသားဟင်း လိုက်ဖက်တယ်။ အရက်ကလေးထည့်လိုက်တော့ နတ်သုဒ္ဓါဖြစ်သွား ကရော ဟီး....ဟီး....ဟီး"

ရေနက်ကွင်းသည် တစ်ခဏချင်းမှာပင် စပါးကြီးမြွေသား၊ ကနစိုသီးချဉ်ချဉ်၊ အရက်ပြင်းပြင်းတို့ဖြင့် ဆူညံပွက်လောရိုက်သွား လေသည်။

ရေနက်ကွင်းသားသည် ရုတ်တရက်ငိုင်တွေသွားတော့သည်။

"သူကြီးမင်း အဲဒီမှာ သောက်ကြစားကြ၊ တိုက်ရာပါပစ္စည်း တွေ တပြုံပြုံနဲ့ ဖြစ်ချင်တိုင်းဖြစ်ပြီး မနက်တောင်မိုးမလင်းသေးပါဘူး။ ဝမ်းလျှောကြတော့တာပါပဲ"

ရွာသားတစ်ယောက်က-

"နေကပြင်းတယ်လေ၊ ကနစိုသီးက မိုးကလေးတစ်ပြိုက်၊ နှစ်ပြိုက်ရွာမှ ချိုတာ၊ မိုးရွာဖို့ဆိုတာ အပုံကြီးလိုသေးတာကိုး။ နေပူပူ နဲ့ ဓာတ်တွေသွားကုန်ကြတာပေါ့"

ရေနက်ကွင်းသားသည် သူကြီးကိုမော်ကြည့်ရှာသည်။

"ဓာတ်လျှောတော့ နေလည်းထွက်ရော ဒုတိယခေါင်းဆောင် မိုးနက်နဲ့သူ့တပည့်ကျော်အောင်သူ အသက်မြော့မြော့ပဲရှိတော့တယ်။ ကျွန်တော်တို့ တတ်သမျှ မှတ်သမျှ ရှိသမျှဆေးဝါးတွေနဲ့ လုပ်ကြတာ ပါပဲ။ လွန်နေပြီ။ မနက်ကိုးနာရီလောက်မှာ နှစ်ယောက်စလုံး ဆုံးရှာ





တော့တာပဲ။ ဒါနဲ့ ရရာဓောင်တွေ ဖျာတွေနဲ့ ပတ်ထုတ်ပြီး ခပ်မြန်မြန် ပဲ အသုဘချလိုက်ရတယ်ခင်ဗျ။ အင်း သိပ်မကြာပါဘူး။ နောက် ထပ်တစ်ယောက်ပြီးတစ်ယောက် ရောဂါကူးစက်ပြီး ရေနက်ကွင်းထဲ မနေရဲကြလို့ စွန့်ခွာထွက်ပြေးကြရတာပါပဲ သူကြီး။ မြစ်ဘက်ကို ထွက်သွားတဲ့လူတွေထဲမှာ ဝမ်းသွားပြီး မသေမရှင်လူတွေပါသွားတယ်။ ဒါနဲ့ ကျွန်တော်က ရောဂါကူးမှာကြောက်ပြီး ဒီဘက်ကို တစ်ယောက် တည်း ထွက်လာတာပါ"

"ကောင်းကရောပဲ"

"အစိမ်းသေ သရဲတစ္ဆေတွေတော့ ရေနက်ကွင်းထဲမှာ ပြည့် နေမှာပဲဟော့"

◆ ◆ ◆

ရေနက်ကွင်းကား သီးခြားကမ္ဘာတစ်ခုလို မသွားအပ်၊ မလာ အပ်၊ မပတ်သက်အပ်သော အရပ်ဒေသအဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားသည် အမှန်ပင်။ ဝမ်းပျက်ဝမ်းလျော ကာလဝမ်းရောဂါ ဆိုးကြီးသည် လူပေလူတေအုပ်စုကို ဝင်ရောက်မွှေနှောက်ကာ အသက် ပေါင်းများစွာကို နုတ်ပယ်သွားခဲ့သည်။ ကူးစက်ပြန့်နှံ့လွယ်သော ရောဂါဆိုးကြီးသတင်းကြောင့် ရေနက်ကွင်းအတွင်းသို့ ဝင်ဖို့နေနေသာသာ ကွင်းရှေ့မှပင် မည်သူမျှဖြတ်လျှောက်မရဲတော့၊ မသွားရဲကြတော့။

သို့တစေ လကွယ်ညများတိုင်းဆိုလျှင် သုသာန်တစ်စပြင် နယ် ကြောက်မက်ဖွယ်ခြောက်သွေ့နေသော ရေနက်ကွင်းသည် သေနတ်သံများ ကြားရခြင်းနှင့်အတူ ရောဂါများကို သယ်ယူလာသော

ရောမယင်ကောင်အုပ်ကြီးများသည် တစ်ခါတရံတွင် ဝေါခနဲ၊ ဝုန်းခနဲ ထပျံသည်မှာ ငှက်အုပ်ကြီးထပျံသလို ကြောက်ခမန်းလိလိပင်။ အော်ဟစ်ဆူညံနေသော လူသံသူသံများကို သိုးသိုးသဲ့သဲ့ကြားနေရသည်ဟုဆိုသည်။ နေဝင်ရီတရောဆိုလျှင် မျက်စိလည်လမ်းမှား၍ ဖြတ်သွားဖြတ်လာရှိတတ်သော ခရီးသွားများသည် ဦးခေါင်းပြောင်ပြောင်၊ တုတ်ခိုင်သောခန္ဓာကိုယ်ဘယ်ဘက်လက်ပြတ်နေသော လူတစ်ယောက်ရပ်နေတတ်သည်ကို တွေ့ရသည်ဟု ဆိုသည်။

‘အစားမတော်တော့ ပူပြင်းတဲ့ရာသီမှာ ကနစိုသီးစားပြီး သေတဲ့မသာတွေ အများကြီးပဲ။ ဒီကွင်းကကြမ်းတယ်။ အစောင့်အရှောက်ရှိတယ်ဆိုတာ အားလုံးအသိ။ ကနစိုသီးစားပြီး ကာလနာတိုက်လို့ကတော့ အသုဘမြန်မြန်ချတော့။ ဆိုင်းမပါ၊ ဗုံမပါနဲ့ မြန်မြန်သာချ။ ကူးစက်ရောဂါကြောင့် ရွာလုံးပြုတ်သွားမယ်မှတ်။ ကနစိုသီးမဟုတ်ဘူး။ ဗုံမပါသီးဟ။ ဗုံမလိုဘူးဟေ့။ ဗုံတောင်မတီးနိုင်တော့ဘူး။ နေ့ခင်းဘက်ဆိုရင် ရောမယင်ကောင်အုပ်ကြီးတွေက တဝုန်းဝုန်းပဲဟေ့’

မည်သူမျှ မထိတို့ရဲ၊ မပတ်သက်ရဲသော ရေနက်ကွင်းသည် ‘လပေါင်းများစွာကြာသောအခါမှ ဦးတောရကျော်နှင့် ရွာသားအချို့ ရေနက်ကွင်းထဲဝင်ရန် ဆုံးဖြတ်ချက် ချဖုံတော့သည်။ ဒီလိုနှင့် ရွာသား ၁၀ ယောက်ခန့် ရေနက်ကွင်းထဲသို့ မဝံ့မရဲဝင်လာကြသည်။

◆ ◆ ◆

ရေနက်ကွင်းထဲတွင် တဲ (၁၀)လုံးခန့်သည် ဖရိုဖရဲလွင့်ကြဲ





လျက်ရှိသည်။ အားလုံးဓနိမိုး၊ ထရံကာများ၊ အချို့ဖျဉ်များဖြင့် ကာရံထားသည်။ တဲပေါ်တွင် စားအိုးစားခွက်များ၊ သောက်လက်စသေရည်ပုလင်းများ၊ ပန်းကန်များသည် ပိုးလိုးပက်လက်နေရာအနှံ့၊ လူတို့စွန့်ခွာသွားသော ရွာပျက်ပမာ သံဝေဂတို့ဖြင့် ထုံမွမ်းလျက် ကြောက်မက်ဖွယ်တိတ်ဆိတ်လျက်။

ဦးတောကျော်သည် အနီးဆုံးတဲဆီသို့ လျှောက်သွားကာ ဖျဉ်ချပ်တွေကို သေသေချာချာကြည့်သည်။

‘ဒီမှာ လာကြည့်ကြစမ်းဟေ့၊ ဒီဖျဉ်ပြားတွေက တစ်မျိုးပဲ။ မသင်္ကာစရာပဲကွ’

အားလုံးက ဦးတောကျော်ညွှန်ပြရာသို့ စုဝေးလာကြပြီး လှေလာကြည့်ရှုကြသည်။

‘ဖျဉ်ချပ်တွေက ကမ္ဘည်းစာ၊ နာမည်တွေနဲ့ပဲ။ ဘုရား၊ ဘုရား ဒါ....ဒါ....ဒါတွေနဲ့ တဲတွေဆောက်ထားကြတာကိုး’

ဦးတောကျော်သည် ရွံ့ရှာစက်ဆုပ်ဟန်ဖြင့် နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်။

‘တကယ်အာဂလူတွေပဲဟေ့။ ဒါလူသေခေါင်းကဖျဉ်တွေပေါ့။ အသုဘခေါင်းဖျဉ်တွေဟေ့’

‘ဟင်’

‘ဟုတ်တယ် သင်္ချိုင်းနဲ့နီးတော့ လွယ်လွယ်ကူကူ သွားဖော်ယူကြမှာပေါ့ကွာ’

‘နာမည်တွေတောင် မပျက်သေးဘူး။ ဒီမှာ ဒေါ်ပြားကြီး

အသက် (၇၀)ဆိုပါလား"

"ဟုတ်တယ် တဲအားလုံး ဒီလိုခေါင်းပျဉ်တွေနဲ့ ကာထားတာပဲနေမှာ။ ရွှံ့စရာကောင်းလိုက်တာကွာ၊ ကာစရာ၊ မိုးစရာရှားရသလား၊ ပျဉ်မှန်သမျှ သင်္ချိုင်းထဲက ပစ္စည်းတွေချည်းပဲ"

"အင်း ဗုံမပါသီး၊ ကနစုံးသီးကြောင့် ရေနက်ကွင်းတဲစုပြုတ်တော့တာပဲဟေ့၊ ကြောက်စရာပဲကွ"

ထိန်တောညိုရွာသားတွေ ရေနက်ကွင်းထဲမှာ မိနစ်ပေါင်းများစွာကြာ လှည့်ပတ်ကြည့်ရှုခဲ့ကြသည်။ တစ်လုံးတည်းသော ထီးထီးကြီးရှိနေသည့် သပ်သပ်ရပ်ရပ်တဲတစ်လုံးရှေ့တွင် ကျည်ဆန်ခွံတွေ တွေ့ရသေးသည်။ ထို့နောက် သွေးစွန်းသွေးကွက်တွေဖြင့် ခြောက်သွေ့နေသော ပေါက်တူးတစ်လက်၊ ဓားတို၊ ဓားရှည်တွေလည်း တဲထရံတွေမှာ အနှံ့အပြားစိုက်လျက် တန်းလန်းရှိသည်။ ရေနက်ကွင်းသားအားလုံးကြောက်မက်ဖွယ်အန္တရာယ်ဆိုးကြီးကြောင့် ရုတ်တရက် စွန့်ခွာသွားကြမှန်း သိသာသည်။

သို့သော် ထိန်တောညိုရွာသားအားလုံး ခံစားနေရသည့် တူညီသော ခံစားချက်တစ်ခုကတော့ ရှိသည်။ ထိုအရာကား သူတို့အုပ်စုအပြင် နောက်ထပ်လူအုပ်စုတစ်စု သူတို့နားတွင် ရှိနေသည်ဟု ခံစားရခြင်း၊ တစ်စုံတစ်ယောက်သောသူတစ်ယောက်က သူတို့၏လှုပ်ရှားမှုမှန်သမျှကို စောင့်ကြည့်နေသည်ဟု ခံစားရသော ခံစားမှုဖြစ်သည်။

ဦးတောကျော်သည် ဟိုဟိုသည်သည် အထိတ်တလန့် ဝေ့ဝဲကြည့်ရင်း....





ပထမဦးဆုံး ရပ်တန့်နေသော ခြေအစုံကို စတင်လှမ်းလိုက်သည်နှင့် ခန္ဓာကိုယ်တွင်းရှိ အင်အားများ၊ မျှော်လင့်ချက်များ၊ မမျှော်လင့်နိုင်သည့် အနာဂတ်ကာလတစ်ခုဆီမှ မသေချာလှသော လိုအင်ဆန္ဒတစ်ခုကို ရင်နှင့်အမျှ ထမ်းပိုးမျိုသိပ်ပွေ့ပိုက်ထားသော အရာဝတ္ထုများသည် မီးလျှံမီးစွယ်များပမာ ရှန်းကြွလာခဲ့သည်။

"အခန်းထဲကို ဝင်လိုက်ပါသမီး"

အသက်ကြီးကြီး မိန်းမတစ်ယောက်၏ နူးညံ့တည်ငြိမ်သော အသံကို ထပ်မံကြားလာရပြန်ကာ ခြေလှမ်းကို ခပ်ရဲရဲစတင်လှမ်းလိုက်ပြီး အသံလာရာဆီသို့ကြည့်ရင်း ဦးခေါင်းကိုညင်သာစွာ ညိတ်ပြလိုက်မိသည်။

နင်းလျှောက်လာသော ဖျာများ၏အစွန်းသို့ ရောက်သည်နှင့် ကြမ်းပြင်နှင့်ခြေဖဝါး စတင်ထိတွေ့လာသည့်အသိကို ခံစားလိုက်ရသည်နှင့် မျက်လုံးပေါင်းမြောက်မြားစွာ၏အကြည့်ကို လွန်မြောက်သွားပြီဟု နားလည်လိုက်ပြီးလျှင် ရင်ထဲမှာ ပေါ့ပါးသောအသိတစ်ခုကို ပထမဦးဆုံးအကြိမ် ခံစားလိုက်ရသည်။ မျက်လုံးပေါင်းများစွာသည် ရွှေလျားငြိမ်သက်အောက်စိုက်ရင်း အခန်းအပြင်တွင် ကျန်ရစ်ကာ ပြန်လည်ငြိမ်သက်သွားကြပြန်သည်။ ရည်ရွယ်ချက်ကိုယ်စီဖြင့် ပြန်လည်ငြိမ်သက်သွားကြခြင်း ဖြစ်သည်။

သူမသည် အပြာရောင်ဓာခန်းဆီးကလေးရှေ့တွင် မဝံ့မရဲရပ်တန့်လိုက်သည်နှင့်-

"ဝင်ခဲ့ပါ"

အသံတစ်သံ၊ ယုံကြည်ချက်ခိုင်မာဟန်ရှိသောအသံဟု ခံစားရသည်။ ထို့အတူ မိန်းမအိုကြီးတစ်ယောက်၏ တည်ငြိမ်သောအသံ။

"ဟုတ်ကဲ့ရှင့်"

သူမထံမှ ပထမဦးဆုံး အသံထွက် ပေါ်လာသည်။ မငုံမရဲ တိုးညက်လှသည်။ ငုံ့ကြည့်လိုက်စဉ်မှာပင် ရေနံဆီမီးခွက်ကြီး၏ ရှေ့တွင် ထိုင်နေသော မိန်းမအိုကြီးတစ်ယောက်ကို စတင်မြင်မိလိုက်သည်နှင့် ရင်ထဲမှာ ဖြစ်တည်နေသော အစိုင်အခဲများသည် အသံမြည်ကာ လွှပ်ရှားသွားသည်။

သူမသိချင်တာတွေ သိရတော့မည်။ မေးချင်တာတွေ မေးမြန်းရတော့မည်။ ထိုဆန္ဒတွေ အကောင်အထည်ဖော်ရန် ရက်ပေါင်းများစွာ သူမကြိုးစားခဲ့ရသည် မဟုတ်ပါလား။ မျှော်လင့်ခဲ့ရသည် မဟုတ်ပါလား။

"ထိုင်ပါသမီး"

မိန်းမအိုကြီးဆီမှအသံ။ ကြည်လင်အေးမြကာ ကရုဏာတရားတွေ ထုံမွှန်းနေသည်ဟု ခံစားရသည်။ ရင်ထဲမှာ စိတ်သက်သာရာရသွားကာ စောစောပိုင်းက ခံစားနေရသည့်မွန်းကြပ်မှုများသည် လွင့်စင်သွားသည်။ ဦးနှောက်ထဲမှာ ပေါ့ပါးသွားသည့်အလျောက် အဘွားကြီး၏ ရှေ့တည့်တည့် သင်ဖြူးဖျာချောပေါ်တွင် အသာအရာပင် ဝင်ထိုင်လိုက်မိသည်။

အခန်းသည် ကျယ်ဝန်းလှသော်လည်း အမှောင်ဘက်ဆီသို့ အင်အားများနေကာ အရာဝတ္ထုများသည် မှုန်ဝါးဝါးအလင်းရောင်





အောက်ဘက်တွင် ငြိမ်သက်တိတ်ဆိတ်ပိပြားလျက်ရှိသည်။ ငြိမ်သက်လျက်ရှိနေခြင်းသည် အနက်အဓိပ္ပာယ်တစ်မျိုးဖြင့် ညွှန်းဆိုဖော်ပြနေခြင်းဟု ခံစားရသည်။ ဆံပင်ဖြူဖြူတွေကို သေသပ်စွာထုံးနှောင်ဖွဲ့ကာ အင်္ကျီအဖြူရောင်၊ ယောဂီရောင်ထမီဝတ်ဆင်ထားသော မိန်းမအိုကြီးသည် ယခုအချိန်မှာတော့ သူနှင့်မျက်နှာချင်းဆိုင်တွင် ရောက်ရှိနေပေပြီ။ မေးခွန်းများကို ဖြေဆိုရန် အသင့်ဖြစ်နေလောက်ပေပြီ။

သူမတွေ့ချင်နေသောရက်ပေါင်းများစွာ မျှော်လင့်နေခဲ့ရသောလိုအင်ဆန္ဒတစ်ခုသည် ယခုပြည့်ဝတော့ပေမည်တကား။ မုချမသွေသိရှိလိုသော ရင်ထဲမှာ မွန်းကြပ်စွာ ခံစားနေရသည့်ဆန္ဒများသည် ပြည့်ဝပေတော့မည်တကား။

သူမသည် ခေတ်ပညာတတ်မိန်းကလေးတစ်ယောက်ဖြစ်သည်။ မဟာသိပ္ပံဘွဲ့ကို ပူပူနွေးနွေးရရှိထားသည်မှာ ခြောက်လသာကြာမြင့်သေးသည်။ ခေတ်မီသိပ္ပံပညာရပ်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသော မမြင်ရသည့်ကိစ္စများ၊ ဝိညာဉ်များ၊ ပရလောကသားများကို ယုံကြည်သူမဟုတ်။ သို့သော် အယူသီးသူလည်းမဟုတ်ပေ။ သို့သော် ထိုအရာများနှင့် အကြောင်းတိုက်ဆိုင်စွာ မလွဲမသွေရင်ဆိုင်တွေ့ကြုံလာရသောအရာသည် ယုံကြည်ရန် သဘောထားပျော့ပျောင်းလာရတော့သည်။

ညသည်မှုန်ရီအေးစက်လာသည်။ တစ်စတစ်စ နက်ရှိုင်းလာသည်။

ပတ်ဝန်းကျင်တွင် ရံဖန်ရံခါတိုးတိတ်စွာ အော်မြည်နေသည့်

ပုရစ်သံများမှအပ တိတ်ဆိတ်နေသည်။ ညဥ့်ငှက်တွေ မကြာခဏ ဖြတ်ပျံသွားသည်ကို ကြားနေရသည်။

မိန်းမအိုကြီးနှင့် သူမကြားရှိ ရောမရေနံဆီမီးခွက်ကြီးသည် ဝါကျင်ကျင်အဆင်းဖြင့် ပတ်ဝန်းကျင်ကို အလင်းပေးနေသော်လည်း အလင်းရောင် ပြည့်ပြည့်ဝဝရနေသည်မဟုတ်။ မီးညွန့်ဝါဝါများ တလူးလူး တလွန့်လွန့်လွင့်တက်နေရာ ဝိညာဉ်တစ်ကောင် ပူးဝင်ကာ ကခုန်နေသယောင် ရှိသည်။ မီးညွန့်နှင့်မီးစာထိစပ်နေသည့် လောင်စာဆီပို့ရာနေရာတွင် ငရုတ်ကောင်းစေ့နီးပါးရှိ မှိုင်းသီးများ သီးထနေပုံမှာ သန့်စွမ်းလှသော ခရမ်းချဥ်ပင်မှ ခရမ်းသီးတွေသီးပုံနှင့်တူသည်။ မှိုင်းသီးတွေ ပွတ်သိပ်ထနေသည်။

သူမကြောင်ငေးကာ လှုပ်ရှားကခုန်နေသော မီးညွန့်ဝါဝါကို စိုက်ကြည့်နေရာမှ မီးညွန့်ငြိမ်သက်ကာ မှိုင်းမီးခိုးမည်းမည်းများသည် အထက်သို့ တလူလူလွင့်တက်နေသည်မှာ အနက်ရောင်ခြုံလွှာဝတ်ထားသော စုန်းကဝေတွေ ကခုန်နေသည်နှင့်တူသည်။

သူမတစ်ချက် ငေးကြည့်နေဆဲမှာပင်-

"သမီး ဘာမေးချင်တာလဲ"

မိန်းမအိုကြီးဆီမှ တိုးငြိမ်သောစကား-

ထိုအခါမှ သူမရောက်လာရခြင်း၏ အကြောင်းရင်းအတွက် ရုတ်တရက် နိုးထသွားကာ ပုဆစ်တုတ်ထိုင်ရင်းမှ-

"သေသူအတွက် မေးစရာလေးတွေ လုပ်ပေးစရာလေးတွေ ရှိနေလို့ပါအမေ"





သူမ၏ဆန္ဒကို ထုတ်ဖော်ရင်း အမေပဲဟု တရင်းတနှီးခေါ်လိုက်မိသည်။

"မေးပါ၊ သေဆုံးသူနဲ့ ဘာတော်သလဲသမီး"

မေးသည့်အသံက ကရုဏာသံပါသည်။ သားသမီးချင်း ကိုယ်ချင်းစာနာသည့်အသံဟု ခံစားရသည်။ မိန်းမအိုကြီး၏ မျက်ဝန်းများတွင် ကြင်နာမှုတရားကို သိသာထင်ရှားစွာ မြင်နေရသည်က သူမအတွက် အားတက်စရာဟု ထင်သည်။

ရုတ်တရက် ညဥ့်ငှက်တစ်ကောင်၏ စူးစူးဝါးဝါး မြည်တွန်သံတစ်ချက် ကြားလိုက်ရပြီး မြောက်ဘက်စူးစူးအရပ်သို့ ပျံသန်းသွားသည်။

"သေသူရဲ့ဇနီးပါအမေ"

မိန်းမအိုကြီးက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"သမီးအမျိုးသားနဲ့ အိမ်ထောင်ကျတာ တစ်လကျော်ကျော်ပဲ ရှိပါသေးတယ်။ ခင်ပွန်းသည် ရုတ်တရက်ရေနစ်သေဆုံးတဲ့ အတွက် ဒီကိုလာမေးရတာပါ။ ရန်ကုန်ကနေ အဝေးကြီးလာမေးရတာပါ။ ခင်ပွန်းသည် သေဆုံးတာကတော့ ရန်ကုန်မှာ မဟုတ်ပါဘူး။ ဧရာဝတီတိုင်း မြို့တစ်မြို့မှ တာဝန်ထမ်းဆောင်ရင်း ထမ်းဆောင်ရင်း-"

စကားပြောရင်း ရင်ထဲမှာ ဆို့ကြပ်လာသည်။ ကြေကွဲမှု၊ နှမြောတသမှုတို့ဖြင့် တန်ဆာဆင်ထားသော စကားလုံးများသည် ရင်ညွန့်တွင် စုပြုံကျရောက်တိုးဝှေ့နေပေရာ နှုတ်ခမ်းမှ ပြင်ပလေထုထဲသို့ တိုးထွက်ဖို့ရန် ရုတ်တရက် မထွက်နိုင်ဘဲ တစ်ဆို့နေခြင်းဖြစ်သည်။

ဝေဒနာ၏ကိုယ်စား စကားလုံးများသည် နှုတ်ဖျားမှ မပျံသန်းနိုင်ခဲ့။ လွန်ခဲ့ပြီဖြစ်သော တစ်လကျော်ကျော်ခန့် နာတာရှည်ညများသည် အသစ်တစ်ဖန် ပြန်လည်နိုးထလာပြန်သည်။ ဝေဒနာအစွမ်းများသည် တောက်လောင်နေသော မီးလျှံများပမာ ပြန်လည်ရှန်းကြွလာသည်။

ဝဲဝေ့လာသော မျက်ရည်စများကို ပုတ်ခတ်၊ ပုတ်ခတ်လုပ်ရင်း အမြန်သိမ်းပစ်မိသည်။ ဝိညာဉ်နှင့် ပတ်သက်သောမေးခွန်းတွေ မေးလျှင် မငိုရဟူသော စည်းကမ်းချက်ရှိသည်။

'ဖြည်းဖြည်းပြောပါ သမီး'

'ဟုတ်ကဲ့'

သူမအသံက ကြေကွဲမှုဖြင့် တိုးတိတ်လျက်ရှိသည်။ အားယူ၍-

'ရေနစ်သေဆုံးခဲ့တာပါ။ သူက ရေကူးကျွမ်းကျင်တဲ့ လူတစ်ယောက်ပါအမေ။ သေတော့ ရေနစ်သေဆုံးတယ်ကြားရတော့ တုန်လှုပ်အံ့သြမိပါတယ်။ သူ့အလောင်း ရရချင်းကြည့်လိုက်တော့ လည်ပင်းမှာ ဒဏ်ရာတစ်ချက်တွေ့တယ်။ ဆရာဝန်ရဲ့ ဆေးစစ်ချက်ကတော့ လည်ပင်းမှာရရှိတဲ့ သေလောက်တဲ့ဒဏ်ရာကြောင့် သေရတာလို့ ပြောတယ်ဆိုတယ်ပေါ့အမေ။ ကျွန်မထင်တာတော့ သေဆုံးတာ ရိုးရိုးမဟုတ်ဘဲ အသတ်ခံရတယ်လို့ထင်တယ်။ လုပ်ကြံခံရတယ်ထင်တယ်။' ရာဇဝတ်မှုခင်းဖြစ်လို့ တိုင်ချက်ဖွင့်ထားတယ် အမေရယ်''

မိန်းမအိုကြီးသည် အနည်းငယ်တွေ၍နေသည်။

'ကောင်လေးမှာ ရန်ငြိုးရန်စရှိသလား'





မီးခွက်ဆီမှ ယိမ်းယိုင်နေသော မီးညွန့်ဝါနောက်နောက်တွေကို တစ်ချက်မျှ ကြည့်မိသည်။ မီးညွန့်တွေထဲမှ ဖော်ဇင့်ဝိညာဉ်များ ခုန်ထွက်လာလေမလား။

'ကျွန်မသိရသလောက်ကတော့ ဘယ်ရန်ငြိုးရန်စမှ မရှိဘူးထင်ပါတယ်ရှင်။ ဒါပေမယ့် အမေ လူ့စိတ်ဆိုတာ ခန့်မှန်းရခက်တယ်လေ။ ကိုယ့်ကို မကျေနပ်တဲ့လူ ရှိချင်ရှိနေမှာပေါ့။ ဘယ်သိပါ့မလဲ။ ရန်ငြိုးရှိမယ်လို့တော့ မထင်ပါဘူး။ ပြောလို့တော့ မရပါဘူး။ ရဲကတော့ မှုခင်းတွေ အစအဆုံး ခြေရာခံစစ်ဆေးနေတယ်။ သူက အစိုးရရုံးတစ်ရုံးမှာ ဌာနစိတ်မှူး တာဝန်နဲ့ပါအမေ။ ရင်းနှီးတဲ့လူတွေရောစစ်ဆေးနေပါတယ်။ အမှုနဲ့မပတ်သက်တဲ့လူတွေကို မေးမြန်းနေမယ်ဆိုရင် အားနာစရာပေါ့။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။ တာဝန်အရပေါ့။ အခုထိတော့ အမှုနဲ့ပတ်သက်လို့ အကြောင်းမထူးသေးပါဘူး။ ကျွန်မလူသတ်တရားခံကို သိချင်တယ်။ ဘာဖြစ်လို့ ကျွန်မခင်ပွန်းကို သတ်သလဲဆိုတာ သိချင်တယ်အမေ။ ဒါကြောင့် အမေ့ဆီကို ဟိုးအဝေးကြီးကနေ တကူးတက လာရတာပေါ့အမေ။ ကျွန်မကို တတ်နိုင်သလောက် အမေ့ပညာနဲ့ကူညီပါနော်'

မိန်းမအိုကြီးဆီမှ ခပ်ငွေ့ငွေ့အပြုံးကို တွေ့လိုက်ရသည်။

'အမေ့ပညာလို့ ဆိုလို့မရပါဘူးကွယ်။ အမေက ကြားခံဆက်သွယ်ပေးတဲ့ကိစ္စပါ။ သေသူ့ဝိညာဉ်နဲ့ မကျွတ်မလွတ်တဲ့ ပုဂ္ဂိုလ်နဲ့ ကာယကံရှင်ကို အမေက ဆက်သွယ်ပေးရတာပါ။ သေသူ ဝိညာဉ်လိုအပ်တာတွေ၊ ဖြစ်ချင်တဲ့ဆန္ဒတွေကို ဖြစ်နိုင်တဲ့ဘက်က အမေက

ဆောင်ရွက်ပေးရတာပါ။ ကြားခံပါ။ ကဲ....သမီးခင်ပွန်းသည်ရဲ့ ဝိညာဉ်နဲ့ တွေ့ကြရအောင်ကွယ်။ သူဘယ်လိုသေရတာလဲ။ လက်ရှိ ဘယ်ဘဝရောက်နေတယ်ဆိုတာ စစ်တမ်းထုတ်လိုက်ရအောင်ကွယ်။ သေသူ့ဝိညာဉ်ကိုခေါ်ပြီး သူဘယ်လိုသေတယ်၊ ဘာကြောင့်သေတယ်၊ အခု ဘယ်ဘုံဘဝသားဖြစ်နေတယ်ဆိုတာ မေးကြည့်ရအောင်ကွယ် သမီး"

သူမခေါင်းညိတ်လိုက်မိသည်။

"ဟုတ်ကဲ့အမေ"

◆ ◆ ◆

အခန်းကလေးသည် တဖြည်းဖြည်း နက်ရှိုင်းလာသော အမှောင်အောက်တွင် ရုတ်ခြည်းရင့်ရော်သွားလေသည်။ အခန်းတွင်းရှိ အရာဝတ္ထုအားလုံးသည် မလှုပ်မယှက်ငေးငိုင်သောအကြည့်များဖြင့် သူမကို ကြည့်နေကြသည်ဟု ခံစားမိသည်။

"ကဲ....အမေမေးမယ့် မေးခွန်းတွေကို တိတိကျကျမှန်မှန် ကန်ကန် ဖြေပေးတော့"

"ဟုတ်ကဲ့"

အခန်းကလေးသည် ရုတ်တရက်တိတ်ဆိတ်သွားသည်။

မိန်းမအိုကြီးသည် သူ့ရှေ့ရှိ ဝါကျင်ကျင်မီးတောက်လူးလွန့် ရေနံဆီမီးခွက်ကြီးကို ဟုပ်ခနဲမြည်အောင်မှုတ်၍ ငြိမ်းလိုက်လေသည်။

အခန်းသည် ရုတ်တရက်မှောင်သွားသည်။ အရာဝတ္ထုအားလုံးသာမက သူမတို့နှစ်ယောက်စလုံးပင် အမှောင်ထုထဲတွင် နစ်မြုပ်





ကျွံဝင်သွားခဲ့သည်။ သူမရင်ထဲတွင် ရုတ်တရက်ဝင်ရောက်လာသည်က ကြောက်ရွံ့မှု။ ထိုကြောက်ရွံ့မှုသည် သူမ၏ အသိဉာဏ်လင်း တစ်ဝက်မှိန်တစ်ဝက်ကို တူးဆွနေသည်။

သူမဘာကိုကြောက်လန့်စိုးထိတ်နေရပါသလဲ။ အခုလာတာ မောင့်အတွက်ပဲ မဟုတ်လား။ မောင်နဲ့တွေ့ချင်တယ်ဆို၊ မောင့်ဝိညာဉ် နှမ်းပါးပါးနှင့် တွေ့ချင်တယ်ဆို၊ ခုတွေ့ရတော့မယ်လေ။

အခန်းတစ်ခုလုံး အမှောင်ထုထဲတွင် စီးပျော်ဝင်သွားသည်။ တိတ်ဆိတ်မှုတွင် အသံရှိသည်။ ကြောက်မက်ဖွယ်အသံ၊ ထိတ်လန့် ဖွယ်အသံ၊ ထိုအသံများသည် အခန်းတွင်းသို့ မြွေတစ်ကောင်လို တိတ်တဆိတ်တဖြည်းဖြည်းတွားလာလေပြီတကား။ တိတ်ဆိတ်မှုသည် အလင်းဖျော့လွှာတစ်ခုလို ဖျက်ခနဲကွဲကြေတော့မည်ကဲ့သို့ ဖြစ်နေသည်။

◆ ◆ ◆

ဇော်ဇင်(ခေါ်)ကိုကိုလတ်သည် သူမထက် တစ်နှစ်ကျော် ကျော်ခန့်ငယ်သည်။ ဇော်ဇင်သည် ငယ်ရွယ်သော်လည်း လူကြီးဆန် သည်။ စကားပြောလျှင် လေသံအေးအေးနှင့် ပြောတတ်သည်။ ဇော် ဇင်ထံတွင် သူမငြင်းပယ်ရလောက်သည့် အပြစ်အနာအဆာများ မတွေ့ ရသလောက်ဖြစ်သဖြင့် ဇော်ဇင်က လက်ထပ်ခွင့်တောင်းသောအခါ အသာတကြည် ခေါင်းညိတ်လက်ခံခဲ့ရခြင်းကပင် ဇော်ဇင့်အပေါ် အချစ် တွေ၊ သံယောဇဉ်တွေဖြင့် လွှမ်းမိုးချုပ်ကိုင်ထားသောကြောင့်ပင် မဟုတ် လား။

တကယ်တော့ သူမနှင့်ဇော်ဇင် တွေ့ဆုံရခြင်း၊ ချစ်သူသက်

တမ်း အချစ်တွေဖြင့် နှောင်ဖွဲ့ရခြင်းသည် ကာလတိုလှသည်။ တကယ်တော့ ရယ်စရာလည်းကောင်းလှသည်။

'မမ မောင်တို့လက်ထပ်ကြရအောင်နော်'

'ကောင်းသားပဲမောင်ရေ၊ ခုလားဟင်'

သူမရယ်စရာအဖြစ် ဇော်ဇင်၏မျက်ဝန်းများ ရုတ်တရက် ရွှန်းလက်တောက်ပသွားသည်။

သူမခစ်ခနဲ တစ်ချက်ရယ်လိုက်သည်။ ရယ်သံသည် ပေါ့ပါးစွာဖြင့် ပတ်ဝန်းကျင်လေထုထဲသို့ စိုက်ဝင်သွားသည်။

ဇော်ဇင်သည် သူမ၏လက်ဖျားကလေးတွေကို မြတ်နိုးစွာ ဖျစ်ညစ်ကိုင်ရင်း ကလေးတစ်ယောက်လို မြူးကြွစွာဖြင့် မြောက်ခနဲခုန်ကာ-

'ဟေး....ပျော်လိုက်တာ၊ ဒါဆိုမောင်အမြန်ဆုံး စီစဉ်လိုက်မယ်နော် မမ'

'ကောင်းပါရဲ့ မောင်'

ဒီလိုနှင့် ဇော်ဇင်နှင့်သူမ ရန်ကုန်မြို့တရားရုံးတွင် အကျဉ်းချုံးကာ လက်ထပ်ဖြစ်သည်။ မိဘဆွေမျိုးများ၊ သူငယ်ချင်းအပေါင်းအသင်းများကို ဖိတ်ကြားကာ ညှော့ခံပွဲကလေး လုပ်ကြသည်။

ဇော်ဇင်နှင့်သူမသည် ချစ်သူဘဝရောက်ကတည်းက နာမည်အရင်းတွေကို ဘယ်တော့မှမခေါ်၊ မသုံး။ သူမနာမည်ရင်း မြနှင်းဆီဖြစ်သော်လည်း မြနှင်းဆီဟု ဘယ်သောအခါမှ မခေါ်ခဲ့။ မသုံးနှုန်းခဲ့သော ဇော်ဇင်။ သူမကလည်း ဇော်ဇင်နာမည်ကို ဘယ်သောအခါ





မှ မခေါ်ဘဲ မောင်ဟုသာ ခေါ်သည်။ ဇော်ဇင်ကလည်း မမဟုသာ ခေါ်သည်။

လက်ထပ်ပြီး အပျော်ရက်ကလေးတွေ အနည်းငယ်သာ ကြာလိုက်သည်။

ကြောက်မက်ဖွယ် ကံကြမ္မာဆိုးကြီးက နှစ်ယောက်တစ်လောကထဲသို့ တိတ်တဆိတ် ဝင်ရောက်လာခဲ့သည်။

ဇော်ဇင်နှင့်လက်ထပ်ပြီး ရက်ပေါင်း ၄၀ ခန့်တွင် ကံကြမ္မာမိုးမှောင်ကျခဲ့ခြင်းဖြစ်ပေသည်တကား။

ဇော်ဇင်သည် ရေကူးကျွမ်းကျင်သော ဧရာဝတီတိုင်းသားတစ်ယောက်ဖြစ်သည်။ ရွာကလေးတစ်ရွာသို့ လုပ်ငန်းတာဝန်နှင့်သွားရောက်ခဲ့ရာမှ ညနေဘက် ရေဆင်းကူးစဉ် ရေနစ်သေဆုံးခဲ့ရခြင်းဖြစ်သည်။ နှစ်ရက်ကြာမှ အလောင်းပေါ်လာသောအခါ လည်ပင်းတွင် ဒဏ်ရာပါလာသည်။ ဆရာဝန် ဆေးစစ်ချက်အရ ရေနစ်သည့်အကြောင်းတရားဖြင့် သေဆုံးရခြင်းမဟုတ်ဘဲ လည်ပင်းရှိဒဏ်ရာကြောင့် သေဆုံးရသည်ဟု မှတ်ချက်ပြုသည်။

'ကျွန်မ ဒီကိစ္စကို လုံးဝမကျေနပ်ဘူး။ မောင်သေဆုံးရတာ တစ်ယောက်ယောက် လုပ်ကြံတာသေချာတယ်'

သို့သော် အမှုအတွက် မည်သို့မျှ တရားခံရှာဖွေမရဘဲ လက်စပျောက်နေသည်။ ပြီးတော့ သူမသည် ဇော်ဇင်လုပ်ငန်းနှင့် ပတ်သက်သည့်ဝန်းကျင်နှင့် စိမ်းသည်။ မရင်းနှီးပေ။ ဒီတော့ ပတ်ဝန်းကျင်အခြေအနေကို မသိနားမလည်။ လူသတ်တရားခံ ဘယ်သူ

လဲဆိုတာမသိ။ ထိုအရာသည် အကြီးမားဆုံးသော အခက်အခဲဖြစ်နေခဲ့သည်။

ဒီတော့ မိန်းမသားပီပီ အားကိုးရာကို ရှာမိသည်။ ဆွဲမိဆွဲရာ ကောက်ရိုးပင်ကလေးတစ်ပင်ကလည်း အားကိုးရာ အင်အားတစ်ရပ် မဟုတ်လား။

ဒီလိုနှင့် -

'နတ်မေးပါလား'

'မြနှင်းဆီရယ် ဗေဒင်မေးကြည့်'

'သေသူနဲ့ဝိညာဉ်ချင်း ဆက်သွယ်လို့ရတဲ့ပုဂ္ဂိုလ်တွေရှိတယ်'

ဒီလိုနှင့်တစ်ယောက်တစ်မျိုးစီ အသံတွေထွက်လာလေသည်။ တချို့က တတ်သမျှ၊ ကြားရသမျှ အကူအညီတွေပေးကြသည်။ သတင်းစာ၊ ဂျာနယ်များပါ နာမည်ကျော် နက္ခတ္တဟောပြောသူများ၊ ခေါင်းစွဲများနှင့် တွေ့ဆုံမေးမြန်းကြရန် အကြံဉာဏ်တွေ ပေးကြလေသည်။

'မြနှင်းဆီရေ သေတဲ့ဝိညာဉ်နဲ့ တွေ့ဆုံမေးမြန်းလို့ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုတာရှိတယ်။ ပဲခူးတိုင်းထဲမှာတဲ့။ အဲဒီမှာ နင့်ယောကျ်ားဘယ်လိုသေတယ်၊ သူများသတ်တယ်ဆိုရင်လည်း သတ်တယ်ပေါ့ဟာ။ မေးလို့ရတာရှိတယ်။ တရားခံကို ပြောလိမ့်မယ်'

အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်က အားတတ်သရော အကြံပြုသည်။ သူမသည် ဇဝေဇဝါအတွေးဖြင့် -

'ငါမသိဘူးလေ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ'





'ဒီလိုဟယ် မကျွတ်မလွတ်ဖြစ်နေတဲ့ ဝိညာဉ်နဲ့ဆက်သွယ်ပြောကြားပေးတဲ့ ကြားခံပုဂ္ဂိုလ်ကိုပြောတာဟယ်။ ဒီလောက်နာမည်ကြီးနေတာ မသိဘူးလား မြနှင်းဆီရယ်'

သူမအရိုးခံအတိုင်း ခေါင်းခါမိသည်။ တကယ်မသိရိုးအမှန်ပင်။

'မသိဘူး'

'မသိရင်မှတ်ထား၊ နတ်လေချွန်'

သူမမျက်မှောင်ကုတ်လိုက်သည်။ နာမည်က ဆန်းပြားနေသည်။

'ဘာရယ် နတ်လေချွန်ဟုတ်လား'

'ဟုတ်တယ် လေချွန်နတ်လို့လည်းခေါ်တယ်'

◆ ◆ ◆

ဤသို့ဖြင့် နတ်လေချွန်အကြောင်းကို စေ့ငုမိတော့သည်။ စုံစမ်းမေးမြန်းရတော့လေသည်။

နတ်လေချွန်ဆိုသည်မှာ လေချွန်၍ဝင်လာတတ်သော ပရလောကသားတစ်ဦးဟု ယေဘုယျပြောနိုင်ပေသည်။ တချို့က သရဲလေချွန်ဟု ပြောကြသည်။ ဘာပဲဖြစ်ဖြစ် အထက်နတ်မဟုတ်သည်ကတော့ သေချာပေသည်။

မြန်မာပြည်တစ်ဝန်းတွင် နတ်လေချွန်ဟု ကျော်ကြားသော ပုဂ္ဂိုလ်ပေါင်း မြောက်မြားစွာရှိကြသည်ဟု ဆိုကုန်သည်။ မမြင်ရသော ပုဂ္ဂိုလ်က လေချွန်သံပြုကာ ကြားခံပုဂ္ဂိုလ်မှနေ၍ ဖြစ်ခဲ့သမျှ

ကို မချွင်းမချန် ပြောပြတတ်ရာ ရာနှုန်းပြည့်နီးပါး မှန်ကန်သည်ဟု လူပြောများသည်။

စင်စစ် နတ်လေချွန်(သို့မဟုတ်) လေချွန်နတ်ဟူသည် အပါယ်ဘုံသားနှယ်ဝင် ပြိတ္တာမျိုးနွယ်သာဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘဇိဒ္ဓိအတန်အသင့်ရှိသော ပရလောကသားဟု ဆိုရပေမည်သာ။ အဆိုပါ လေချွန်နတ်သည် ကွယ်လွန်ပြီး မကျွတ်မလွတ်သူနှင့် ကျန်ရစ်သူတို့ကို ဆက်သွယ်မှုပေးရာတွင် တိကျသေချာမှုရှိခြင်း၊ ဘဝတစ်ပါးသို့ ရောက်ရှိသွားသူက သူ၏လိုအပ်ချက်၊ ရယူလိုသည့် ဆန္ဒများကို တောင်းဆိုတတ်ပေရာ လေချွန်နတ်က ကိုယ်စားလှယ်သဘောမျိုး ကြားဝင်ဆောင်ရွက်ပေးတတ်သည်။

ထိုအခါ လာရောက်တွေ့ဆုံမေးမြန်းသူတိုင်း စိတ်ကျေနပ်မှုရှိကြသည်ကို လေ့လာတွေ့ရှိရပေသည်။

ဘဝခြားလေသူ တမလွန်ဘဝမှ မကျွတ်မလွတ်သူက ကာယကံရှင်သာသိသည့် အကြောင်းအရာများ၊ လျှို့ဝှက်ချက်များကို မှန်ကန်စွာ ဟောပြောနိုင်ပေရာ ထူးဆန်းအံ့သြစရာ ကောင်းလှသည်။

ထိုသို့ မေးမြန်းရာတွင် ညဘက်တွင်သာ တွေ့ဆုံမေးမြန်းလေ့ရှိသည်ကို တွေ့ရသည်။ လေချွန်နတ်ရောက်လာလျှင် နတ်ဝင်သည်က မြန်မာစကားနှင့်ပင် ဘာသာပြန်ခြင်းအမိပ္ပာယ် ဖွင့်ဆိုခြင်းများကို ကြားခံဆောင်ရွက်ပေးပေသည်။

အချို့က လေချွန်နတ်သည် ပရဘုံသား သရဲတစ္ဆေကြီးအားတစ်ပတ်တစ်ကြိမ် သားစိမ်း၊ ငါးစိမ်းများ ကျွေးမွေးရသည်ဟု ဆို





သည်။ လေကလေး တချွန်ချွန်နှင့် ရောက်လာတတ်သော ပရလောကသားသည် ဘဝခြားလေသူ၏ အမည်၊ နေရပ်၊ မိသားစုအကြောင်းကို နိုက်နိုက်ချွတ်ချွတ် တိကျမှန်ကန်စွာ ပြောနိုင်သည်မှာ ထူးခြားသော ဖြစ်ရပ်စိတ်နယ်လွန်ဖြစ်ရပ်ပင်။

ဘာပဲဖြစ်ဖြစ် ရုတ်တရက် သေဆုံးခဲ့ရသည့် ရင်နာဖွယ်ဖော်ဇင့်ဖြစ်ရပ်သည် မည်သူမျှကယ်နိုင်လိမ့်မည်မထင်။

ထူးဆန်းသော နတ်လေချွန် သို့မဟုတ် လေချွန်နတ် သို့မဟုတ် သရဲလေချွန်ပုဂ္ဂိုလ်သာ ကယ်နိုင်တော့မည်တကား။ ပဟေဠိကို ဖော်ထုတ်နိုင်တော့မည်တကား။

သွားရမည်။ လေချွန်နတ်ရှိရာကိုသွားရမည်။ ရင်ထဲမှ အစိုင်အခဲတွေကို ဖြေလျှော့ရမည်။

ဒီလိုနှင့်····။

◆ ◆ ◆

မိန်းမအိုကြီးဆီမှ မည်သည့်အသံမျှ မကြားရတော့ချေ။ စက္ကန့်ပေါင်းများစွာ ကြာမြင့်သွားသည်။ သူမ၏ အသက်ရှူသံကိုပင် သူမပြန်ကြားနေရသည်။

တငီငီမြည်သော ပိုးပုရွက်များအသံ၊ အခန်း၏ အပြင်ဘက်တွင် သူမလိုပင် မျှော်လင့်ချက်များဖြင့် စောင့်ကြည့်နေသူအချို့၏ ချောင်းဟန့်သံ၊ တစ်ခါတစ်ရံ တီးတိုးစကားပြောသံကို တစ်ချက်တစ်ချက် ကြားနေရသည်။

'သမီး'

'ရှင် အမေ'

'သမီးအမျိုးသား သေဆုံးသူရဲ့နာမည်ပြောပါ'

သူမထံမှ တိုးသဲ့ကြေကွဲသောအသံ ထွက်ပေါ်လာသည်။

'ကိုဇော်ဇင်ပါ'

မိန်းမအိုကြီးက-

'ဟုတ်ပြီ၊ မောင်ဇော်ဇင်'

သူမ မိန်းမအိုကြီးရှိရာသို့ မှန်းဆပြီး ကြည့်နေမိသည်။ ပိန်းပိန်းပိတ်မှောင်နေသောအမှောင်။ သူတို့နှစ်ယောက်စလုံး အမှောင်ထုထဲတွင် နစ်မြုပ်နေကြခြင်းဖြစ်သည်။ မည်သည့်အလင်းစက်တစ်စက်တလေမျှ အခန်းထဲသို့ ယောင်မှား၍ဝင်မလာပေ။

မိန်းမအိုကြီး ထိုင်နေရာမှသာ အသံတွေ တည်ငြိမ်စွာ ထွက်ပေါ်နေခြင်း ဖြစ်သည်။

'ပြီးတော့ သူ့အသက်'

'၂၃-နှစ်'

အခန်းသည် အမေးအဖြေအသံများဖြင့် ဆက်လက်ရွေ့လျားနေလေသည်။

'သေတဲ့ရက်ကိုပြောပါ'

သူမအသံက တိုးခိုက်စွာ ထွက်ပေါ်လာသည်။ တစ်ကိုယ်လုံး အဖျားဝင်သလို တဆတ်ဆတ်တုန်လာသည်။ သူမ မဖြေချင်ဆုံး မေးခွန်းတွေဖြစ်သည်။

'နိဝင်ဘာလ၊ (၃)ရက်'





သူမအားယူ၍ ကြိုးစားပြောသည်။

'ဟုတ်ပါပြီ မြုပ်နှံတဲ့သင်္ချိုင်း'

'ရောဝတီတိုင်း ဖျာပုံခရိုင် ရှမ်းကွင်းကြီးကျေးရွာကသုသာန်'

သူမလေးပင်နွမ်းရိစွာ သက်ပြင်းချလိုက်သည်။

'အဟမ်း'

မိန်းမအိုကြီးဆီမှ ချောင်းဟန့်လိုက်သံ-

တိတ်ဆိတ်သည့်ညယံတွင် ချောင်းဟန့်သံက ကျယ်လောင်လွန်းလှသည်။

'သင်္ချိုင်းမှာ အလောင်းကို မြေမြုပ်သလား ဒါမှမဟုတ် မီးသဂြိုဟ်သလား'

သူမရုတ်တရက် ကြောင်ငေးသွားမိသည်။

ဆွံ့အသလို ဖြစ်သွားခြင်းဖြစ်သည်။ ထို့နောက်အားယူ၍ ဖြေလိုက်သည်။

'မြေ မြေမြှုပ်'

ရင်ထဲမှ စွမ်းအားတွေကို တစ်စုံတစ်ခုက ဆွဲယူသလို ခံစားရသည်။ ဖြေရမှာ ဝန်လေးနေမိသည်။

'ရပါပြီ'

အမေးအဖြေအသံများ ရေငုံနှုတ်ပိတ်တိတ်ဆိတ်ခြင်းသည် တစ်စတစ်စ နက်ရှိုင်းသထက် နက်ရှိုင်းလာ၊ အလင်းစက်သည် ကွယ်ပျောက်ရင်းကျဆုံး။

နှစ်ဦးကြားရှိ တိတ်ဆိတ်ခြင်းနှင့် အမှောင်သည် စိတ်ချောက်

ချားစရာကောင်းလာသည်။ သန်းခေါင်ယံနိဒါန်း အစခရီးသို့ တဖြည်းဖြည်းဝင်ရောက်စပြုလာပြီ။

တိတ်ဆိတ်မှုသည် ရုတ်တရက်ပြိုကွဲသွားသည်။

အသံတစ်သံ....

ထူးခြားသောအသံတစ်သံ-

မြွေတွန်သံကဲ့သို့ တရှီရှီမြည်လာသော လေချွန်သံဖြစ်သည်။

"ရှီ....ရှီ....ရှီ"

"ရှီ....ရှီ....ရှီ"

သိသာထင်ရှားသည့် တရှီရှီမြည်သော လေချွန်သံသည် မှောင်မိုက်လှသော ပတ်ဝန်းကျင်တွင် ရုတ်တရက်ပေါ်လာခြင်းဖြစ်သည်။ အိမ်ခေါင်မိုးဆီမှ ထွက်ပေါ်လာခြင်းပင်တကား။ လေချွန်သံသည် ငှက်ကလေးတစ်ကောင်လို ဝဲဆင်းကျလာသည်။

"ရှီ....ရှီ"

"ရှီ....ရှီ"

လေချွန်သံသည် အိမ်အပြင်ဘက်ခေါင်မိုးဆီမှ ထွက်ပေါ်လာပြီး ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ ဝင်လာလေပြီကော။ ဖွင့်ထားသော ပြတင်းပေါက်မှ အိမ်ထဲသို့ တရှီရှီလေချွန်ရင်း ဝင်ရောက်လာခြင်းပင်။

ပတ်ဝန်းကျင်သည် ရုတ်တရက်ငြိမ်သက်တိတ်ဆိတ်သွားသည်။ အခန်း၏ အပြင်ဘက်တွင်ရှိသော ညှော်သည်များဆီမှ အသံသည်လည်းကောင်း၊ ပတ်ဝန်းကျင်ပြင်ပမှ အသံသည်လည်းကောင်း





တိခနဲပြတ်ကာ ဝင်လာသောလေချွန်သံကို နားစိုက်ရင်း ငြိမ်သက်သွားကြခြင်းပင်-

လေချွန်သံသည် တဖြည်းဖြည်းနိမ့်ဆင်းလာရာမှ မိန်းမအိုကြီးနှင့် သူမတို့အနီးသို့ ရောက်လာလေပြီ။

"ရှီ"

"ရှီ"

"ရှီ"

အသံသည် သူမတို့နှင့် မဝေးကွာလှသော နေရာမှာ ရပ်တန့်သွားသည်။

သို့သော် တရှီရှီလေချွန်သံကား အဆက်မပြတ် ထွက်ပေါ်နေဆဲပင်။

သူမရင်ထဲမှာ တထိတ်ထိတ်ခုန်လျက်ရှိသည်။

ပတ်ဝန်းကျင်ကား မှောင်မိုက်လှသည်။

သူမသည် မိန်းမအိုကြီးရှိမည်ထင်ရသည့်နေရာဆီသို့ မှန်းဆကာ ကြည့်နေမိသည်။ အချိန်ကာလက အေးခဲငြိမ်သက်လျက်ရှိဆဲ။ အပြင်ဘက်တွင်တော့ သုံးရက်လသည် ခေါင်မိုးအစွန်းနှင့် တွယ်ငြိနေပေလိမ့်မည်။ တိတ်ဆိတ်ငြိမ်သက်နေသော အခန်းထဲတွင်တော့ လေချွန်သံမှအပ အရာအားလုံးသည် ဒဏ်ရာရနေသော ရေအိုးတစ်လုံးနှင့် သဏ္ဍာန်တူသည်။ အသက်ရှူသံပြင်းပြင်းအောက်မှာပင် ကျိုးပဲ့ပျက်စီးသွားနိုင်သည်။

"ရှီ....ရှီ"

ထူးဆန်းသောလေချွန်သံက အဆက်မပြတ်-

လေချွန်သံသည် တခြားတစ်နေရာဆီသို့ ရွေ့လျားသွားလာခြင်းမရှိတော့ဘဲ သူမတို့နှစ်ယောက်အနီးတွင် ရပ်တန့်ကာ အော်မြည်လျက်ရှိနေသောတကား။ လိပ်ပြာကလေးတစ်ကောင်ကို ဟိုသည် ဝဲပျံနေလေသည်တကား။

'မေးခွန်းမေးတော့'

မိန်းမအိုကြီးဆီမှ တိုတောင်းပြတ်သားသည့် အသံကို ပထမဦးဆုံးစတင်ကြားလိုက်ရလေသည်။ ရင်တွေတထိတ်ထိတ် အခုန်မြန်လာသည်။

သူမ မည်သည့်မေးခွန်းမေးရမည်မသိဘဲ ရုတ်တရက်ကြောင်အသွားသည်။ သို့သော် အသိစိတ်နှင့် ခန္ဓာကိုယ်ကို လွှင့်စဉ်မသွားအောင် ထိန်းချုပ်နေမိသည်။ သူမထံမှ စကားတစ်ခွန်း ထွက်ကျသွားသည်။

'ခု ဘယ်သူလဲ'

'ရှီ····ရှီ····ရှီ'

လေချွန်သံ ထွက်ပေါ်လာသည်။ တစ်ဆက်တည်းမှာပင် မိန်းမအိုကြီးဆီမှ အသံထွက်ပေါ်လာသည်။ သူမ ရုတ်တရက် လေဖြတ်ခံရသူလို ကြောင်အသွားသည်။ ဘုရား····ဘုရား····ဘုရား။

'မောင်လေ'

ဘုရားရေ····မောင်တဲ့။ အလို မောင့်အသံပါလား။ မောင်ရောက်နေပြီလားဟင်။





မီးခွက်ရောင်ဖြင့် နှစ်ဦးစကားပြောနေကြစဉ် ကြားရသည့် မိန်းမအိုကြီး၏အသံမဟုတ်တော့။ မှောင်မိုက်လှသော်လည်း မိန်းမအိုကြီး၏ အဖြူရောင် အင်္ကျီအရိပ်စွန်းကိုတော့ ဝိုးတဝါးမြင်နေရသေးသည်။ အံ့ဩစရာ မောင်အသံကိုနားနှင့် ဆတ်ဆတ်ကြားလိုက်ရသည်။

ထူးခြားသည်က အသံဖြစ်သည်။ မိန်းမအိုကြီး အသံမဟုတ်တော့။ မောင်အသံစစ်စစ် ဖြစ်နေပေသည်တကား။ ကြည့်စမ်းကွယ် မောင်တဲ့။

'မောင်' ဆိုသော စကားသည် သူမနှင့်ဇော်ဇင် သုံးနေကျစကားလုံးသာ ဖြစ်သည်။ မိန်းမအိုကြီး ဘယ်လိုမှ မသိနိုင်။ ယခုတော့ မိန်းမအိုကြီးဆီမှ မောင့်အသံထွက်ပေါ်လာပေပြီ။

သူမရင်ထဲမှ ဖြန်းခနဲပြိုကွဲသွားသည်။ နမြောတသစိတ်၊ ကြေကွဲစိတ်၊ မောင်နှင့်ပတ်သက်သည့် နလုံးကြေကွဲလွမ်းဆွတ်စိတ်သည် တစ်ဖန်ဝင်ရောက်လာပေပြီ။ ပြီးတော့ 'မောင်လေ'ဟူသော အသံသည် မိန်းမအိုကြီး၏ မူရင်းလေသံမဟုတ်။ မောင်၏ ပင်ကိုယ်အသံစစ်စစ်ဖြစ်နေပေသည်တကား။ မိန်းမအိုကြီးသည် လူယောင်ဖန်ဆင်းထားသော နတ်မိစ္ဆာကြီးပေလော။ ရင်ထဲမှာ ရုတ်တရက်ဆို့နင့်သွားမိသည်။

မောင့်အရိပ် ဇော်ဇင့်အရိပ်ကို မြင်လိုမြင်ငြား ကြိုးစားကြည့်သေးသည်။ မိန်းမအိုကြီး၏ မှုန်ဝါးဝါးအဖြူရိပ်သဏ္ဍာန်မြင်နေရသည်။ ရက်ပေါင်းများစွာ ကြာမြင့်စွာ မကြားရကြာပြီဖြစ်သော နှောင်

သည်ဘဝမှာ ဘယ်တော့မှ ပြန်လည်ဆုံတွေ့ရန် နောက်ထပ်တွေ့ရှိရန် မဖြစ်နိုင်တော့သော မောင့်အသံ။ ကြေကွဲစရာကောင်းလှသည်။

သူမနောက်ထပ်မေးခွန်းတစ်ခုမေးရန် ကြိုးစားလိုက်ရသည်။

'မောင် ဘာကြောင့် ရုတ်တရက် သေရတာလဲ'

'ရှီ····ရှီ····ရှီ'

'ရှီ····ရှီ'

လေချွန်သံထွက်ပေါ်လာပြန်သည်။ ထို့နောက် မိန်းမအိုကြီးဆီမှအသံ-

'မောင် ရေနစ်သေတာလေ မမ'

အို မောင့်အသံမှမောင့်အသံစစ်စစ်။ ဘုရား····ဘုရား မောင် ရေနစ်သေတာတဲ့။ မဖြစ်နိုင်ဘူး။ မောင် အသတ်ခံရတာ။ ပြီးတော့ 'မမ'တဲ့။ သူမနှင့် မောင်ဇင်ကြားရှိ အသုံးအနှုန်းတွေကို မိန်းမအိုကြီး မသိနိုင်။ ဘယ်လိုမှ မသိနိုင်သော အသုံးအနှုန်း။

သူမ၏ ခန္ဓာကိုယ်မှ ထိန်းချုပ်ရမည့် အသိတရားတစ်ခု ခန္ဓာကိုယ်မှ ရုတ်တရက်လွင့်စဉ်သွားသည်။ ငိုချင်စိတ်ကို တားဆီးမရတော့။ ရင်ထဲမှာ ဆို့နင့်လာသည်။ 'ဟင့်' ခနဲ တစ်ချက်ရှိုက်လိုက်မိသည်။

ရုတ်တရက် လေချွန်သံတိခနဲရပ်သွားသည်။

'ဟယ်····မရတော့ဘူး။ ထွက်သွားပြီ'

မိန်းမအိုကြီးဆီမှအသံ။ စိတ်ပျက်လက်ပျက်ဖြစ်သွားသည့်အသံ။





လေချွန်သံကား ပျောက်ကွယ်သွားလေပြီ။

မိန်းမအိုကြီးဆီမှ မီးခြစ်ခြစ်သံ ထွက်ပေါ်လာပြီး အခန်းသည် ဝါကျင်ကျင် မီးရောင်ဖြင့် ပြန်လည်လင်းလက်လာပြန်သည်။

'ဒီလို ဝိညာဉ်ဝင်ပူးပြီး မေးမြန်းနေချိန်မှာ မငိုရဘူး သမီးရယ်။ ငိုရင် ဝိညာဉ်ကမကြိုက်ဘူး။ ပြန်ထွက်သွားရော။ မငိုပါနဲ့။ စိတ်ထိန်းပါ'

သူမရင်ထဲမှ စိုးရိမ်စိတ်ဖြစ်ပေါ်လာသည်။ သတိလက် လွတ်ဖြစ်သွားခြင်းပင်။

'ဒါဆို ဝိညာဉ်ကို ပြန်ခေါ်လို့မရတော့ဘူးပေါ့'

'ပြန်ခေါ်လို့ ရပါတယ်။ စောစောကလိုပဲ ထပ်ပြီး စောင့်ကြတာပေါ့ကွယ်။ ဒီတစ်ခါ ဝိညာဉ်ဝင်လာရင် မငိုပါနဲ့'

သူမခေါင်းတစ်ချက်ညိတ်လိုက်မိသည်။

'စိတ်ချပါ အမေ၊ ကျွန်မ မငိုမိအောင်ထိန်းပါ့မယ်'

မိန်းမအိုကြီးသည် မီးခွက်ကို တစ်ဖန်ပြန်မှုတ်လိုက်သည်။

အခန်းသည် ရုတ်တရက်အမှောင်အောက်တွင် နစ်ဝင်သွားပြန်သည်။

စက္ကန့်ပေါင်းများစွာ ကြာသွားသည်။

လေချွန်သံ တရှီရှီကြားလာရပြန်လေပြီ။ တစ်စတစ်စ နီးကပ်လာသည်။

တော်ပါသေးရဲ့။ မောင်ပြန်လာပြီ။

သူမသည် ကြေကွဲစိတ်ဖြင့် ကျောက်တုံးတစ်တုံးကို ငြိမ်သက်

နေမိသည်။

"ရှိ····ရှိ"

"ရှိ····ရှိ····ရှိ"

လေချွန်သံသည် အိမ်ခေါင်မိုးမှတစ်ဆင့် ပြတင်းပေါက်မှ ဝင်လာပြန်လေပြီ။ ထို့နောက် လေချွန်သံသည် တရှိုးရှိုးမြည်ကာ သူတို့နှစ်ယောက်ကြားသို့ ဝင်လာသည်။

"ရှိ····ရှိ"

"ရှိ····ရှိ"

သူမမေးခွန်းတွေမေးရန် သတ္တိကိုမွေးလိုက်သည်။

"ဆရာဝန်ဆေးစစ်ချက်အရ မောင်ရေနစ်သေတာ မဟုတ်ဘူးလို့ ပြောတယ်"

မိန်းမအိုကြီးနှုတ်မှ ဖော်ဇင်အသံထွက်ပေါ်လာသည်။

"မောင်ရေထဲကို ဒိုင်ဗင်ထိုးချလိုက်ချိန်မှာ ရေအောက်ကကျောက်ဆူးငုတ်နဲ့ လည်ပင်းကို ထိုးမိသွားတယ်။ မောင်ရေပေါ်ကို ပြန်မတတ်နိုင်တော့ဘူး။ အဲဒီဒဏ်ရာနဲ့ပဲ မောင်သေသွားရတာပါ။ မမ ဘယ်သူ့ပယောဂမှ မပါပါဘူး"

သူမတစ်ချက်တွေဝေသွားမိသည်။ မမတဲ့။ ရင်ထဲမှာ ဖြန်းခနဲ ဖြစ်သွားမိသည်။

"ဒါဆို မောင့်ကိုသူများလုပ်ကြံသတ်ဖြတ်တာ မဟုတ်ဘူးပေါ့။ မောင့်ဘာသာမောင် ထိခိုက်မိပြီး သေတာပေါ့ ဟုတ်လား မောင်"





"ရှိ····ရှိ····ရှိ"

မိန်းမအိုကြီးဆီမှအသံ–

"ဟုတ်ပါတယ်၊ ဘယ်သူ့ပယောဂမှ မပါပါဘူး။ မောင့်လုပ်ဖော်ကိုင်ဖက်တွေကို အထင်မလွဲပါနဲ့မမ။ အမှုကို ပြန်ရုပ်သိမ်းနိုင်းလိုက်ပါ"

သူမ ဘာဆက်ပြောရမှန်းမသိအောင် ကြောက်ကွဲနေမိသည်။ ဖော်ဇင်အသံကိုရှင်လျက်နှင့် နားနှင့်ဆတ်ဆတ်မလွဲ ကြားနေရသကဲ့သို့ ခံစားရသည်။ ယခု ချက်ချင်းပင် မျက်နှာချင်းဆိုင်စကားပြောနေရဘိသကဲ့သို့ ရှိသည်။

သို့သော် ဖော်ဇင်၏ဘဝသည် မကျွတ်မလွတ် အပါယ်ဘုံသားဘဝ။ တစ်ဆင့်ကြားခံပုဂ္ဂိုလ်မှ ပူးကပ်ကာ ပြောဆိုနေရသည့်ဘဝ။ ပြီးတော့ မှောင်နှင့်မည်းမည်းကြီးထဲမှာ အသံသာကြားနေရသည်။ ထူးခြားဆန်းကြယ်လှသည့် အခြေအနေ။

ဒါပေမယ့် ဖောဇင့်အသံက အက်ကွဲတုန်ရီနေသည်ဟု သူမခံစားရသည်။ ယခုတော့ မှောင်နှင့်မည်းမည်းထဲမှာ ဖော်ဇင့်အသံတွေက သူမ၏အူ၊ အသည်းနှင့် သွေးသားနံရံတွေကို မီးလျှံလက်သည်းတွေနှင့် ကုတ်ခြစ်နေတာနှင့်တူသည်။

သူမ အံကြိတ်ထားမိသည်။ မငိုမိအောင်၊ ရှိုက်သံမထွက်မီအောင် ထိန်းချုပ်နေမိသည်။ ထိန်းချုပ်ရသောအလုပ်သည် တောင်တစ်လုံးကို နေရာရွှေ့ရသည်နှင့် တူသည်။ လွန်မင်းစွာ ပင်ပန်းလှပါသည်။

မောင့်ဝိညာဉ် မမြင်ရသည့်ဇော်ဇင့်ဝိညာဉ်။ သက်သောင့်သက်သာ ရှိပါစေ။ သွားလမ်းလာလမ်းဖြောင့်ပြီး မွန်မြတ်တဲ့ဘုံဘဝ ရောက်ပါစေ။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေ။

'မောင့်အတွက် ဘာလုပ်ပေးရမလဲ ပြောပါ'

'နှီ····နှီ····နှီ'

'နှီ····နှီ····နှီ'

'ဘုန်းကြီးငါးပါး သင်္ကန်း၊ ဆွမ်းလှူပေးပါ။ အစား ကောင်းကောင်းမစားရလို့ ဆွမ်းလှူပါ မမ'

သူမကြေကွဲစွာ ငြိမ်သက်နေမိသည်။

'စိတ်ချ လုပ်ပေးမယ်မောင်၊ မောင်အခု ဘယ်မှာရောက်နေသလဲဟင်'

'နှီ····နှီ····နှီ'

'နှီ····နှီ'

လေချွန်သံ အဆက်မပြတ်ထွက်ပေါ်လာပြန်သည်။ ညအမှောင်ကား ဆက်လက်စီးမျောနေဆဲပင်။ မိန်းမအိုကြီးဆီမှ အသံထွက်ပေါ်လာသည်။

'အဝေးကြီးကနေ မောင်လာရတာ မောလိုက်တာ မမရယ်၊ မောင် ပြန်ချင်လှပြီ'

ထိုအခါ သူမပျာပျာသလဲ တောင်းပန်မိသည်။

'မောင်ရယ် နေပါဦး၊ မောင်အခု ဘယ်မှာနေသလဲ'

'နှီ····နှီ'





'မောင်အခု ရေနစ်တဲ့ကမ်းပါးထိပ်က လမုပင်ကြီးဆီမှာ နေတယ်။ မောင်တစ်ယောက်တည်းတော့ မဟုတ်ဘူး။ မောင့်ထက်က အကြီးအကဲနဲ့နေတယ်လေ မမ။ သူ့ခွင့်ပြုချက်နဲ့ လာရတယ်။ သူ့ အမိန့်မရဘဲ ဘယ်မှသွားလို့မရဘူး မမ။ မမ မောင်ပြန်ချင်လှပြီ။ မောတယ်။ ခရီးဝေးတယ်'

'မောင့်အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေ လုပ်ပေးပါ့မယ်။ သာဓုခေါ်နိုင်အောင် ကြိုးစားပါမောင်'

'စိတ်ချ မမရေ····မောင်သွားပြီ'

လေချွန်သံ ရပ်တန့်သွားသည်။ သူမရင်ထဲမှာ ကွက်လပ်ကြီးတစ်ခုလို လစ်ဟာ၍ ကျန်ရစ်ခဲ့သည်။ ရင်ထဲမှာ ပြောချင်သည့်စကားတွေ ပြွတ်သိပ်ကြပ်ခဲနေသဖြင့် ပါးစပ်ပေါက်မှ ထွက်မလာဘဲ လည်ချောင်းထဲသို့ စကားလုံးတွေ နောက်ပြန်လှည့်သွားခဲ့ပြီထင်သည်။

မိန်းမအိုကြီး၏ ပတ်ဝန်းကျင်တွင်တော့ မူလအတိုင်း ပိန်းပိတ်ထူသည့်အမှောင်သာ ဝန်းရံဖိပိုးထားသည်။

'မောင်ဇော်ဇင် ပြန်သွားပြီ'

စကားသံနှင့်အတူ မိန်းမအိုကြီး၏ နွေးထွေးတည်ငြိမ်သော မူလအသံထွက်ပေါ်ပြီး မီးခြစ်ခြစ်သံ၊ မီးခွက်ဆီမှ မီးညွန့်ဝါဝါလင်းလက်လာကာ အခန်းသည် ပြန်လည်နိုးကြား၍ လာလေသည်။ ဇော်ဇင်နှင့် ယူဇနာပေါင်းများစွာ ကွာဝေးသွားရပြီဟု ခံစားရသည်။

ဇော်ဇင်ဝိညာဉ် လွင့်စင်ထွက်သွားသည်နှင့် သူမ၏ ခန္ဓာကိုယ်တစ်ခုလုံး အလွမ်းများကြေကွဲမှုများဖြင့် ပြန်လည်အသက်ဝင်လာ

သည်။ ပန်းပွင့်တစ်ပွင့်ကို မြားနှင့်အပစ်ခံရသကဲ့သို့ ခံစားရသည်။

'မောင် ပြန်သွားပါပြီကွယ်'

ထိုအခါမှပင် သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်ပူတွေ တရဟော သွန်ကျလာတော့သည်။ အပြင်ဘက်တွင် ဆောင်းကောင်ကင်သည်မိုးတိမ်များဖြင့် ဆိုင်းဖွဲ့အီနေပေသည်။ စူးရှလှသော နှင်းလေကြမ်းက သစ်သားပျဉ်ချပ်တွေကြားမှ တိုးဖောက်စိမ့်ဝင်လာပြီး လေ၏အနံ့အသက်မှာ လတ်ဆတ်မှုမရှိဘဲ ငြီးစီစီရနံ့မျိုး ဖြစ်နေပေသည်။

သေကွဲ ကွဲရခြင်းကို ရင်ဆိုင်ရန် အဆင့်သင့်မဖြစ်သေးသော သူမအဖို့ ဇော်ဇင်၏အသံ၊ အရိပ်များသည် ကြေကွဲဆို့နှင့်စရာများချည်းပင်။ လွမ်းစရာများချည်းပင်တည်း။

သာယာလှပမည်ဟု ထင်ခဲ့ရသော ချစ်ခရီးသည် ပန်းမဝင်ခင် မတိုင်မီ လမ်းခုလတ်မှာပင် အရှုံးနှင့်လဲကျခဲ့ရသည်။ အရှုံးသည် နာလန်မထူနိုင်တော့။

'မောင် ကောင်းရာမွန်ရာ ရောက်ပါစေ'

◆ ◆ ◆

ဇော်ဇင်တစ်စုံတစ်ယောက်၏ လုပ်ကြံခြင်းခံရခြင်းဖြစ်မည်ဟု တစ်ထစ်ချ ယုံကြည်နေသောသူမသည် ဇော်ဇင်ကွယ်လွန်နေရာသို့ သက်သေနိုင်နိုင်မာမာရရန် သွားခဲ့သေးသည်။ ရေကူးကျွမ်းကျင်သော လူတစ်ယောက်ကို ရေငုပ်၍ဆင်းစမ်းစေရာ တံငါလှေပျက်တစ်စီးကို ရေအောက်၌ တွေ့လိုက်ရသည်။ လှေပျက်၏ ပတ်ပတ်လည်တွင် သစ်ငုတ်ချွန်များ၊ သံဖြင့်ပြုလုပ်ထားသည့် ကျောက်ဆူးပျက်အဆွေးများ၊ ထိုးထိုးထောင်ထောင် ဖြစ်နေသည့် သံတိုသံစများကို တွေ့လိုက်ရခြင်းဖြင့် မမြင်ရသော ရေအောက်နစ်မြုပ်နေသည့် သံတိုသံစအငုတ်များ၊ သစ်သားဆွေးစများက ဇော်ဇင်၏ အသက်ကို နုတ်ယူသွားဟန်ရှိသည်။ ရေကူးကျွမ်းကျင်သောဇော်ဇင်သည် ရေနစ်မသေဘဲ ဒိုင်ဗင်ထိုးစဉ် ရေအောက်ရှိ ပစ္စည်းတစ်ခုခုနှင့် ပြင်းထန်စွာ ထိခိုက်ပြီး ရုတ်တရက် သေဆုံးခြင်းမှတစ်ပါး အခြားမဖြစ်နိုင်တော့။

ဤသို့ဖြင့် ဇော်ဇင်၏အမှုသည်လည်း ပိတ်သိမ်းလိုက်ရသည်။

◆ ◆ ◆

လောကတွင် ထူးဆန်းသောအရာများနှင့် ပြည့်နှက်နေတတ်သည်။ နတ်ဝင်သည်(သို့မဟုတ်)နတ်လေချွန်၏ အကူအညီဖြင့် ဝိညာဉ်ပူးကပ်လာသောအခါ မိန်းမအိုကြီး၏ မူလအသံပြောင်းလဲသွားခြင်း၊ ကွယ်လွန်သူနှင့် ပတ်သက်သည့်ဖြစ်ရပ်များ၊ အမည်၊ နေရပ်စသည်တို့သည် မယုံကြည်နိုင်လောက်ဖွယ် တူညီနေခြင်းသည် မည်သို့မျှအဖြေရှာမရသော အချင်းအရာများသာ ဖြစ်နေပေသည်။

နတ်လေချွန်သည် နတ်အနွယ်ဝင်ပုဂ္ဂိုလ်လော။

ဒါမှမဟုတ်····

သရဲတစ္ဆေ၊ ပတာလောကမှ ပုဂ္ဂိုလ်လော····။

ယနေ့ထက်တိုင် မည်သူမျှတိတိကျကျအဖြေ မထုတ်နိုင်သေးပေ။

မင်းဘုန်းသိခ်သူ



## သေမထူး နေမထူး အာပေတူး

ဟောင်းနွမ်းအိုမင်းနေသည့် ဇရပ်ပျက်ကြီးသည် ညအချိန်တွင် ကြောက်မက်ဖွယ်အသင်းသဏ္ဌာန်ဖြင့် ရပ်တည်နေမည်မှာ သေချာသည်။ အိုမင်းဟောင်းနွမ်းခြင်း၊ အထီးကျန်ခြင်း၊ အရိပ်မိုရန် မဝံ့မရဲဖြစ်ခြင်းတို့သည် ဇရပ်အိုကြီးတို့၏ ဝိသေသ လက္ခဏာများပင် ဖြစ်လိမ့်မည်ထင်သည်။





နေ့အခါမဆိုထားနှင့်ညဥ့်မှာပင် တိတ်ဆိတ်ခြင်း၊ ကြောက်မက်ဖွယ်အဆင်းတို့ဖြင့် ငြိမ်သက်နေသော ဇရပ်အိုကြီးသည် ဘယ်အချိန်ကြည့်ကြည့်၊ သင်္ချိုင်းစောင့် ပြိတ္တာအိုကြီးနှင့် သဏ္ဌာန်တူသည်။ ရွာ၏ အနောက်ဘက်အစွန်အဖျားတွင်ရှိ၍ အနီးပတ်ဝန်းကျင်မှ သက်ရှိလူသားမဆိုထားနှင့် ကျွဲ၊ နွားတိရစ္ဆာန်ပင် ယောင်မှားစွာ ဤနေရာသို့ လာဝံ့မည်မထင်ချေ။ လာရဲမည်မဟုတ်ချေ။

ဝူပျက်ဝူဆွေးနှင့် မှတ်တိုင်ပျက် မြေပုံဟောင်းများသည် ဇရပ်အိုကြီးကို ဝန်းရံကာဆီးထားပုံမှာ သူတောင်းစားအဘိုးအို၏ သေအံ့ဆဲဆဲ ဝေဒနာကို ကရုဏာဖြင့် ဝိုင်းဝန်းကြည့်ရှုနေကြသည့် လမ်းဘေးနေ ပျံကျအပေအတေကောင်လေးတွေနှင့် သဏ္ဌာန်တူသည်။ ချုံပုတ်များ၊ သင်္ချိုင်းတွင်ရှိ နှစ်ချို့တောစိုးသစ်ပင်ကြီးများသည် ငေးငြိမ်းနေကြလျက် အရိပ်မည်းကြီးများက ချောက်ချားမှုကို ပံ့ပိုးနေသကဲ့သို့ ထင်ရသည်။ ကြောက်လန့်မှုကို အရောင်ဆိုးပေးနေကြသည်။

သင်္ချိုင်းမြေတွင်းတွင် သစ်ကိုင်း အကျိုးအပဲ့များ အုတ်ဂူပျက်များမှ ထွက်လာသော အုတ်ကျိုးအုတ်ပဲ့ အင်္ဂတေစများသည် နေရာအနှံ့ ကြဲပြန့်နေသည်။ အမိုးပေါ်ရှိ သစ်ကိုင်းအကျိုးများကလည်း ဇရပ်ခေါင်မိုးပေါ်တွင် တစ်စွန်းတစ်စတင်နေသေးသည်။ ခေါင်မိုးသွပ်ပြားများလည်း လန်ထွက်နေကာ အချို့ရာသီဥတုဒဏ်က နှစ်ပရိစ္ဆေဒဒဏ်တို့ကြောင့် သံချေးအထပ်ထပ် စွဲထင်နေပြီး တွန့်လိမ်ကောက်ကွေးလျက်ရှိလေသည်။ ခေါင်စွန်းအလယ်ရှိ သွပ်တစ်ချပ်မှာ ဗလာကျင်းနေပြီး တစ်နေရာသို့ အလင်းရောင်စူးစူးက တည့်မတ်စွာ ကျရောက်နေသည်။

ဤဇရပ်ပျက်ကြီးထဲသို့ သူရောက်နေသည်မှာ ကြာလေပြီ။ မနေ့ညက ရောက်ခဲ့ပြီး ယနေ့ နေ့လည်တိုင်ပေရာ နာရီပေါင်းနှစ်ဆယ် ခန့်ရှိပေပြီ။ သို့သော် အချိန်ကာလအားဖြင့် တွက်ကြည့်ပါက ခဏ ကလေးသာ အထင်ရသော်လည်း သူ့အဖို့က ကမ္ဘာပေါင်းများစွာ ကြာလိမ့်မည်ဟုထင်သည်။ သူ့ဝမ်းဗိုက်ထဲမှာ အသက်ဇီဝ ဆက်လက် ရပ်တည်ရန်ဆို၍ ငှက်ပျောချဉ်သုံးလုံးသာ ဝမ်းဗိုက်ထဲမှာ ရှိနေသည်။ ထိုငှက်ပျောသီးသုံးလုံးကို တောကြောင်တစ်ကောင် သို့မဟုတ် ငှက် တွေချီသယ်လာခြင်းသာ ဖြစ်နိုင်သည်။ ထိုအစာကို စားခြင်းသာဖြစ် သည်။

ဇရပ်၏ ကြမ်းခင်းပြင်များသည် ဖုန်အလိမ်းလိမ်းထူတက်နေ ကာ ပေါက်သည့်နေရာက ပေါက်နေပြီ။ မဆင်မခြင်တက်နင်းပါက မြေကြီးလက်ခတ်မခွဲ ကျွံကျမှာ သေချာသည်။ သူက ဇရပ်ကြမ်းပြင် ဖုန်ထုထူထဲတွင် လှည်းကျင်းခြင်းမရှိဘဲ ထိုင်ချနေသည်။ သူ့အသွင် အပြင်ကိုကြည့်လျှင် စိတ်ဓာတ်ရေးရာ ညှိုးနွမ်းကျဆင်းနေသည့် လူတစ် ယောက်၏ အသွင်သဏ္ဌာန်မှန်း သိသာလေ၏။ ဇရပ်တိုင်ကိုမှီပြီး မလှုပ်မယှက်ထိုင်နေပုံမှာ ရုတ်တရက်ကြည့်လိုက်လျှင် ဦးနှောက်သွေး ကြောပြတ်ကာ သေဆုံးနေသည့် လူတစ်ယောက်နှင့် တူပေလိမ့်မည်။ ဒါပေမဲ့ ခန္ဓာကိုယ်က ဇရပ်ကြမ်းပြင်တွင် ထိုင်နေသော်လည်း သူ့ အာရုံက ရွက်ကြွေတစ်ရွက်လို လွင့်ချင်ရာ လွင့်နေသည်။

ရုတ်တရက် လေပြင်းတစ်ချက် တိုက်လိုက်သဖြင့် အမိုး သွပ်ပြားတွေက တကျွီကျွီမြည်ကာ လှုပ်ယမ်းသွားသည်။ အလင်း ရောင်ချို့တဲ့လွန်းလှသော ဇရပ်၏တစ်နေရာမှ လင်းနို့ချေးနံ့က စူးရှပျံ့





လွင့်လာသည်။ ထုပ်တန်းတစ်နေရာတွင် လျှို့ဝှက်တွယ်ကပ်နေသော ကိုယ်လုံးစိမ်းပြာရောင်တောက်တဲ့တစ်ကောင်ကလည်း သူ၏ လှုပ်ရှား မှုကို တစ်ချိန်လုံး စောင့်ကြည့်နေသကဲ့သို့ ရှိလေသည်။

အချိန်ကား ညနေစောင်းလာပေပြီ။ သူ့အတွက် သေခြင်း တရားကို ရင်ဆိုင်ရန် လက်တစ်ကမ်းသာ လိုတော့ပေသည်။ နောက် ထပ် နာရီအနည်းငယ်ဆိုလျှင် သူသည် ဘဝသစ်တစ်ခုသို့ ရောက်ရှိ တော့မည်မှာ သေချာသည်။ သည့်အတွက်လည်း ဝမ်းမြောက်ခြင်း မဖြစ်သလို ကြေကွဲခြင်းလည်းမဖြစ်ပါ။ သူ၏ ဘဝဝဋ်ကြွေးကံတရား ၏ စီမံဒဏ်ခတ်မှုသာဟု နှလုံးသွင်းနေမိတော့သည်။ သူ့ဘဝနိဂုံးအဆုံး သတ်ဖို့ဖြစ်ပေါ်လာသည်မှာ လွန်ခဲ့သည့် နာရီပေါင်းနှစ်ဆယ်ကျော် ကျော်၊ ဒါမှမဟုတ် ကစားဝိုင်းသိမ်းပြီးခါကဟုဆိုက တိကျပေလိမ့် မည်။

ကစားဝိုင်းဟု ဆိုလိုက်သည်နှင့် ရင်ထဲက တဆစ်ဆစ်နာကျင် လာသည်။ တကယ်တော့ ကစားပွဲသည် သူ့ဘဝဆက်လက်အသက် ရှင်ဖို့ ဒါမှမဟုတ် သေဆုံးဖို့ ကိရိယာတစ်ခုသာဖြစ်ခဲ့သည့် ဆုံးဖြတ် ချက်ချခဲ့သည့် ကစားပွဲတစ်ခုသာဖြစ်ခဲ့သည်။ ယခုတော့ ထိုအရာများ သည် ကျန်ရစ်ခဲ့တော့မည်။

ဪ .... အမေနှင့်ညီမလေး။

သူ့အမိက ထားရစ်ခဲ့ရသည့် သက်ရှိ လူသားနှစ်ဦးမှာ အမေ နှင့် ညီမလေးဖြစ်သည်။ အမေသည် မျက်မမြင် မိခင်အို မုဆိုးမ၊ ညီမလေးက ရွာ၏ဈေးတွင် ဈေးရောင်းသည့် ဈေးသည်လေးတစ်ဦး သာဖြစ်သည်။ သူတို့ မိသားစုတွင် လယ်ကလေး (၃)ဧကရှိသည်။

နွားတစ်ရှဉ်းရှိသည်။ နွားတစ်ရှဉ်းသည် လယ်ယာလုပ်ငန်းအတွက် သူတို့၏ မှီခိုအားထားရာ ယန္တရား အသက်အိုးအိမ်ဖြစ်သည်။

ယခုတော့ ····

သူ၏ မိုက်မဲမှုကြောင့် နွားတစ်ရှဉ်းသည် ကစားဝိုင်းတွင် ပါသွားပြီ။ အရှုံးနှင့် ရင်ဆိုင်ခဲ့ရပြီ။ ဒီအတွက် ကိုယ့်ကိုယ်ကိုယ် သက်သေဖို့သာ ကောင်းသည်။ သူသည် ရိုးသားသူတစ်ယောက်၊ ပညာမဲ့ကျေးတောသားတစ်ယောက်။ မဟုတ်မခံစိတ်ရှိသူတစ်ယောက်၊ သို့သော် ဖဲဝိုင်းမြင်လျှင်ကား တားမရ၊ ဆီးမရအောင် ထမင်းမေ့ ဟင်းမေ့ ဖဲချက်များအပေါ် တွယ်တာစိတ်က သူ့အသက်ကို ချွေတော့မည်။ နွားတစ်ရှဉ်းလုံး ဖဲဝိုင်းမှာ ဆုံးရှုံးအောင် ကစားခဲ့သည့် သူ့အဖြစ်ကို အမေနှင့် ညီမလေးသိလျှင်····။

သူ ဆက်မတွေးရဲတော့။ မစဉ်းစားရဲတော့ပေ။ ဖဲဝိုင်းသည်လည်းကောင်း၊ ဖဲချပ်များသည်လည်းကောင်း သူ့ခန္ဓာကိုယ်ရှိ အကုသိုလ်ပိုးများနှင့် ပူးပေါင်းကာ သူ့အသက်ကို ချွေတော့မည်။

သူသည် ခါးပုံစထဲမှ နဖားကြိုးချည်သည့် ကြိုးခွေကို ထုတ်လိုက်လေသည်။ သည်ကြိုးခွေသည် ဖဲဝိုင်းတွင် သူရှုံးနိမ့်ခဲ့သည့် ဒိုင်၏ လက်သို့ ထိုးအပ်ခဲ့ရသည့် နွားနှစ်ကောင်ကို ချည်နှောင်သည့် နဖားကြိုးများဖြစ်သည်။ ယခုတော့ နဖားကြိုးများကပင် သူ့ကို လှလှကြီးဒဏ်ခတ်တော့ပေမည်။ နောက်ထပ် မိနစ်အနည်းငယ်ဆိုလျှင် လူ့ဘဝမှ စွန့်လွှတ်ရပြီး ဘဝသစ်တစ်ခုသို့ ရောက်ရမည်မှာ သေချာသည်။ သူ့အလောင်းကိုတော့ လူတွေ ချက်ချင်းတွေ့နိုင်ပါ့မလား။ လူသူဖြတ်သွားဖြစ်လာနည်းသည့် သင်္ချိုင်းဇရပ်အိုကြီးထဲတွင် သူ၏





လည်ပင်းကြိုးတန်းလန်းနှင့် ရုပ်အလောင်းကို ရက်ပေါင်းတော်တော်ကြာမှ လူတွေတွေ့ကြလိမ့်မည်။ ထိုအခါတွင်တော့ သူ့အလောင်းသည် ပုပ်ပွရိရွဲကာ ပိုးလောက်တွေ တဖွားဖွားတက်နေပေလိမ့်မည်။ ထိုအခါမှပင် အမေနှင့် ညီမလေးသိရှိကာ ကြေကွဲကြတော့မည်။

လောလောဆယ် သူ့ရင်ထဲမှာ သေချင်စိတ်သာရှိသည်။ သေမှ ဝဋ်ကျွတ်မည်။ ဗီဇဉာဏ်ဆိုးသည် သေမှ ဇီဝိန်ချုပ်မှ ဝဋ်ကျွတ်တော့မည်။ သေပါစေ- ငါမြန်မြန်သေပါစေ····။

ငါးတောင်ခန့် ရှည်လျားသည့် နွားနဖားကြိုးဖြူဖြူသည် သူ၏ လက်ချောင်းများကြားတွင် အဆိပ်ပြင်းထန်သော မြွေတစ်ကောင်လို ပါလာသည်။ ယဉ်တော့ ကြိုးဖြူဖြူသည် သူ့အား တမလွန်လောကဆီသို့ ယခုပင် ပို့ဆောင်ပေးတော့မည့် အမြန်ယာဉ်တစ်စီးပေတကား။

◆ ◆ ◆

သူ ဇရပ်ထုပ်တန်းကို မော့ကြည့်လိုက်သည်။ ညနေခင်းနေချိုချိုအောက်တွင် ပီသစွာ မြင်နေရသေးသည့် ထုပ်တန်းသည် လက်ခုပ်တစ်ဖောင်မက မြင့်မားသည်။ ကောင်းသည်။ အဲဒါမှ ခပ်မြန်မြန်သေမည်။

သူသည် လျှာတန်းလန်းနှင့် မျက်လုံးကြီးပြူးထွက် ကျွံကျနေမည့် သူ့ဟန်သွင်ကို စိတ်ကူးဖြင့် မြင်ယောင်ကြည့်လိုက်သေးသည်။

'ကြာတယ်ကွာ ထုပ်ပေါ်တက်ပြီး ကြိုးချည်မှ'

သူသည် ဇရပ်တိုင်မှ ဖက်တွယ်ကာ ထုပ်လျှောက်ပေါ်တက်

လာသည်။

"အား....အား....အား"

ရုတ်တရက် ဇရပ်အပြင်မှ ကျီးကန်းများ တအားအား အော်သံထွက်ပေါ်လာသည်။ ဇရပ်ထောင့်တစ်နေရာမှ အိမ်မြှောင်တစ်ကောင်က စုတ်ထိုးပြန်သည်။ မျက်လုံးစိမ်းနှင့် ဇရာမတောက်တဲ့ကြီးက သူ့ကို နားမလည်ဟန်ဖြင့် စိုက်ကြည့်နေသည်။ ဂီးခနဲ ငှက်ဆိုးအော်သံထွက်ပေါ်လာသည်။

သူတစ်ချက် တွေဝေသွားသေးသည်။ သေမယ့်လူက ဘာတွေ စဉ်းစားနေတာလဲ။ သေမှာဖြင့် မြန်မြန်သေတာပဲကောင်းတယ်။ ကဲ....သေကြစို့....မြန်မြန်သေကြစို့။

ကြိုးဖြူကို ထုပ်တန်းမှာ ခပ်နိုင်နိုင်ချည်သည်။ လည်ပင်းကိုစွပ်ရန် ကွင်းလျှောကိုတော့ မနက်ကတည်းက ပြုလုပ်ပြီးသားဖြစ်သည်။ ထုပ်တန်းမှာ ကြိုးနိုင်ပြီဆိုလျှင် လည်ပင်းကို စွပ်ပြီး ခုန်ချလိုက်ရုံသာ။

ထုပ်တန်းပေါ်မှာ အောက်ကိုငုံ့ကြည့်လိုက်လျှင် လူတစ်ရပ်မက မြင့်သည့် အကွာအဝေးကို သူချိန်ဆနေသည်။ ဒါဆိုလည်ပင်းကိုကြိုးကွင်းစွပ်ပြီး ဒူးကွေးစရာမလိုဘဲ ခုန်ချလိုက်လျှင်ပင် လွှဘဝပြတ်ပြီ။ သူသည် ကွင်းလျှောကြိုးကို လွယ်ကူစွာ အဆင်ပြေမပြေ ကြည့်ရှုစစ်ဆေးပြီး လည်ပင်းဆီသို့ ကွင်းလျှောကို သူ၏ လက်များက တိတိကျကျ၊ မိမိရရရောက်ရှိသွားချိန်တွင် တစ်စုံတစ်ယောက်၏ ညည်းညူသံလား၊ စုတ်သပ်သံလား၊ မသဲကွဲသော အသံတစ်သံသည် သူ့နားထဲသို့ ပီပီသသ တိုးဝင်လာသည်။ ထို့ကြောင့် ကြိုးကွင်းကို





မစွပ်သေးဘဲ အသံလာရာ ဇရပ်ထောင့်အမှောင်ဆုံးနေရာဆီသို့ သူ၏ မျက်လုံးများက ရောက်ရှိသွားတော့သည်။ တစ္ဆေလား။

ပထမတော့ တောတိရစ္ဆာန်တစ်ကောင်၏အသံ၊ လေတိုးသံဟု ထင်မှတ်ခဲ့သေးသည်။ အသံသည် သချိုင်း၏ ဇရပ်အိုထောင့်တစ်နေရာမှ သေချာစွာထွက်ပေါ်လာခြင်းဖြစ်ရကား တစ္ဆေဖြစ်သည်မှာ သေချာပေပြီ။ ခုတော့ ကြိုးဆွဲချကာနီး လူတစ်ယောက်ကို တစ္ဆေခြောက်လေပြီကော။

သူ အသံလာရာဆီသို့ အာရုံလွှင့်နေဆဲမှာပင် ထူးဆန်းအံ့ဩစရာကောင်းသော ဒါမှမဟုတ် ထိန့်လန့်စရာကောင်းသည့် ဖြစ်ရပ်တစ်ခုက ဖြစ်ပွားသွားခဲ့သည်။

"ဟေ့....လူမိုက်"

ကျယ်လောင်စူးရှသော လူတစ်ယောက်၏ အော်သံ၊ ထိုအော်သံကြောင့်ပင် သူသည် လက်ထဲမှာကိုင်ထားသော သေမင်းတမန်နဖားကြိုးကို လွှတ်ချလိုက်မိသည်။ ဒါမှမဟုတ် လွှတ်ကျသွားတာလည်းဖြစ်နိုင်သည်။ အသံလာရာသို့ ငုံ့ကြည့်လိုက်သည်။ လူတစ်ယောက်၊ စောင်အညိုကြီးခြုံထားသော လူတစ်ယောက်။ သူ ထုပ်တန်းပေါ်မှပင်မဆင်းသေးဘဲ ငုံ့ကြည့်နေသည်။ သရဲခြောက်တာ သေချာလေပြီ။ ထိုစဉ် ဇရပ်တောင့် အမှောင်ထဲမှလူသည် ထုပ်တန်းအောက်သို့လျှောက်လာသည်။ ထိုအခါ သူထင်ထင်ရှားရှားမြင်လိုက်ရကာ မှတ်မိသွားသည်။ စိတ်သက်သာရာ ရသွားသည်။

"လက်စသတ်တော့ ဦးဂေါ်လီကြီးကိုး"

သူထုပ်တန်းပေါ်မှ လွှားခနဲ ခုန်ချလိုက်သည်။ ဦးဂေါ်လီကြီး

နှင့် မျက်နှာချင်းဆိုင်သည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်က ရွာသို့ ထူးဆန်းစွာရောက်ရှိလာသော အရူးလိုလို လူကြီးတစ်ယောက်၊ ဆံပင်ရှည်၊ မုတ်ဆိတ်မွေးရှည်ကြီးများနှင့် ညှဉ်းသိုးသိုးလူကြီးတစ်ယောက်။ လူတွေက ပေါ၊ အရူးကြီးဟု သတ်မှတ်ထားသည့် ကျုပ်မပြည့်သည့် လူကြီးတစ်ယောက်က သူ့ကိုလူမိုက်ဟုခေါ်နေချေပြီကော။ သူ့အဖြစ်သည် သေဖို့သာကောင်းသည်။

‘လူမိုက်....ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တာ မဟုတ်လား’

‘ဟုတ်တယ်.... စိတ်ညစ်လို့ဗျာ၊ သေချင်တယ်’

‘စိတ်ညစ်တိုင်းသာ သတ်သေရရင် လူ့ပြည်မှာ လူတောင် မရှိတော့ဘူးကွ အရူးရဲ့’

ဟား....ဟား....ဟား.... အရူးကသူ့ကို အရူးပြန်ခေါ်နေရချေပြီကော။ ဒါပေမဲ့ သူပြန်လှန်မေးခွန်းတွေမေးရန် ပြောရန်ခွန်အားမရှိ။

‘ခင်ဗျား သက်သက်မဲ့ နှောင့်ယှက်တာပဲ ဦးဂေါလီ။ ကျုပ်သေချင်လို့’

ဦးဂေါလီသည် ပြာနှမ်းနှမ်း နှုတ်ခမ်းကြီးကို တစ်ချက်မျှ ရွဲ့လိုက်လေသည်။

‘မင်း ခုထက်ထိ နှောင်တမရသေးပါလားကွ၊ မင်းဘာဖြစ်လို့ ကိုယ့်ကိုယ်ကို သတ်သေချင်ရတာလဲဆိုတာ ငါသိတယ်။ ဟောကောင် မင်းဖဲရှုံးလို့ မှတ်လား’

‘ဟုတ်တယ်။ ဖဲကကျုပ်ကိုကောင်းကျိုးမပေးမှန်းသိပေမည့်





လည်း ကျုပ်ဖဲရိုက်ချင်တဲ့ ဇိဇကို မချိုးနှိမ်နိုင်ဘူး။ ရှုံးလေရိုက်လေပဲ။ တစ်ခါမှလည်း ဖဲရိုက်လို့ နိုင်တယ်မရှိပါဘူး ဦးဂေါလီ။ ရှုံးတာချည်းပါပဲ။ ခု နွားတစ်ရှဉ်းကုန်အောင် ဖဲရှုံးလို့ အိမ်မပြန်ရဲဘူး။ သတ်သေရအောင် မနေ့ညကတည်းက ဒီကိုရောက်နေတာ’

‘ဒီလိုမှန်းသိ မတားပါဘူး။ လူမိုက်၊ သေလိုက်ပါလားကွာ’

သူငြိမ်နေလိုက်သည်။ ဆက်၍ မေးပြန်သည်။

‘မင်း နာမည်ဘယ်လိုခေါ်သတုံး လူမိုက်ရဲ့’

ဦးဂေါလီကို သူတစ်ချက်စိုက်ကြည့်သည်။

‘ပေတူး... သေချင်ပါတယ်ဆိုမှ မေးခွန်းတွေလာမေးနေပြန်ပြီ’

‘ဘာရယ်’

‘ပေတူး’

‘ဟား....ဟား....ဟား.... ရယ်ရတယ်။ ပြည့်ပြည့်စုံစုံပြောစမ်းပါကွာ၊ မင်းနာမည် အာပေတူး၊ ဟုတ်တယ်။ အာပေတူးမှတ်လား။ လူက ရိုးပုံရိုးလက်၊ မဟုတ်မခံစိတ်ရှိပုံနဲ့ ကိုယ်နဲ့မဆိုင်ဘဲနေရာတကာ ဝင်ဝင်အာချောင်လို့ ပြဿနာဖြစ်ပေါင်းများပြီ။ ဒါကြောင့် အာပေတူးလို့ခေါ်တာမဟုတ်လား။ လူမိုက်....သေလိုက်လေ’

‘ခင်ဗျားက ရူးတယ်သာဆိုတယ်။ ကျုပ်အကြောင်းကို ဂဃနဏ သိနေပါကလားဗျ’

လူတကာက အရူးဟု သတ်မှတ်ထားပြီး ပေါက်ရတွေ တတွတ်တွတ်တောင်စဉ်ရေမရတွေ ပြောတတ်သည့် လူရူးတစ်ယောက်က ခုချိန်မှာတော့ တူတူတန်တန် လူကောင်းတစ်ယောက်ကဲ့သို့ စကား

တွေ ပြောနေပါပကောလား။ သူသည် ဦးဂေါလီကြီးကို သံသယစိတ်ဖြင့် စိုက်ကြည့်နေမိသည်။ ဒီအရူးကြီးဟာ ဘာလဲ။ တမင်းရူးချင်ယောင်ဆောင်နေတဲ့ လူကြီးလား’

‘အာပေတူး’

‘ပြောလေ....ဦးဂေါလီ’

‘မင်း.... ဖဲမရိုက်ဘဲနေလို့မရဘူးလား’

‘မရဘူး ဖဲဝိုင်းမြင်တာနဲ့ အသားထဲရိုးတွင်းချဉ်ဆီထဲက ဖဲပိုးတွေဟာ ရှုစိရှုစိတက်လာပြီး ဦးနှောက်ကို ကိုက်ခဲတော့တာပဲဗျို့’

ဦးဂေါလီသည် ခြုံထားသောစောင်ကြီးကို ဖယ်လိုက်ပြီး ကြမ်းပြင်ပေါ်ထိုင်ချလိုက်သည်။ ဇရပ်၏ ကြမ်းပြင်သည် ဖုန်အလိမ်းလိမ်းဖြစ်နေသော်လည်း နှစ်ယောက်စလုံး ပြိုင်တူထိုင်လိုက်ကြခြင်းဖြစ်သည်။

‘မင်းက ဦးနှောက်နည်းတဲ့ကောင်ပဲ၊ ရိုးသားတယ်။ ထုံထိုင်းတယ်ဆိုတာပဲ မင်းမှာရှိတယ်။ ပြီးတော့ ကလိမ်ကကျစ်မကျတတ်ဘူး။ သူတစ်ဖက်သားကို သနားကြင်နာတတ်တယ်။ ဟုတ်တယ်မှုတ်လား’

သူ ဦးဂေါလီကြီးကို အံ့သြတကြီး ငေးကြည့်နေမိသည်။ ဒီအရူးကြီးက သူ့အကြောင်းတွေကို သိနေပါပေါ့ကလား။ ဘယ်လိုအရူးကြီးပါလိမ့်။

‘ဖဲရိုက်တယ်ဆိုတာ နိုင်ချင်လို့ပဲ၊ ပြိုင်ဘက်တွေကို သနားကြင်နာစိတ်ရှိနေရင် ဖဲဝင်မရိုက်နဲ့တော့။ မင်းမှာရှိတာသာ အလကားပေးလိုက် ကုသိုလ်ရမှာ။ အေး....မှတ်ထားကွ၊ ဖဲရိုက်တယ်ဆိုတာကံကော၊ ဉာဏ်ကော ပါရတယ်။ ကောက်ကျစ်ချင် ကောက်ကျစ်ရ





မှာပဲ။ အေး သတ္တိတော့ ရှိဖို့လိုတယ်ဟေ့။ မင်း ဖဲရိုက်တာကို မစွန့်နိုင်ရင် သူများထက် နှစ်တစ်ဖျားသာအောင်လုပ်ဟေ့၊ အာပေတူး’

သူဟုတ်ကဲ့ဟု ဝန်ခံချက်ပေးလိုက်မိသည်။ ဦးဂေါလီသည် ဇရပ်အပြင်တွင် အမှောင်ပင်ဖုံးစပြုလာသည်။

‘မင်း နွားတစ်ရှဉ်းဖဲရှုံးလို့ ဒိုင်လက်ထဲကိုထည့်ပြီး ပြန်ထွက်သွားပြီးတဲ့ နောက်တိုင်းမှာ ဖဲဝိုင်းထဲမှာ ဘာတွေဖြစ်ပြီး ကျန်ရစ်ခဲ့သလဲဆိုတာ မင်းသိလား’

‘မသိဘူး.... ကျုပ်ဖဲဝိုင်းထဲက ထလာတော့ ကျန်ရစ်တဲ့လူတွေက ဆက်ရိုက်ကြတယ်။ ကျုပ်ဝိုင်းထဲမှာနေဖို့ ခွန်အားမရှိတော့ဘူး။ ဒါကြောင့်ထလာပြီး ဒီဇရပ်ထဲမှာ လာအိပ်နေတာပေါ့။ သေချင်တယ်ဗျာ။ သေချင်တယ်’

ဦးဂေါလီသည် တဟားဟားရယ်ပြန်လေသည်။

‘ဟီး...ဟီး...ဟီး...မင်း ဖဲဝိုင်းက ထလစ်သွားတော့ သိပ်မကြာလိုက်ဘူး။ ပြဿနာတွေ တက်တော့တာပဲဟေ့ကောင်၊ အာပေတူး’

သူ အံ့သြသွားသည်။ ဘာတွေဖြစ်သွားခဲ့ပါလိမ့်။

‘ဘာတွေ ဆက်ဖြစ်သလဲဆိုတာ ပြောပြပါဦး’

‘ဘာတွေ ဆက်ဖြစ်ရမှာလဲကွ ဒိုင်က ဖဲလိမ်ရိုက်မှုတွေပေါ်ကုန်ပြီး၊ ခုတ်ကြ၊ ထစ်ကြ လူသတ်ပွဲကြီး ဆက်ဖြစ်တာပေါ့ကွာ။ ဒိုင်က ဒီရွာကမဟုတ်ဘူးမှုတ်လား၊ သူနဲ့ အဖော်နှစ်ယောက်ပါလာသေးတယ်။ ဘာပြောကောင်းမလဲ’

‘ဟုတ်လား....ဘာတွေ ဆက်ဖြစ်သြလဲ ပြောစမ်းပါဦး

ဦးဂေါလီ'

'ရွာခံတွေက ဆော်ကြတာပေါ့၊ သုံးယောက်စလုံး ဒိုင်အပါ အဝင် ပွဲချင်းကိုပြီးရောပဲ'

သူအံ့ဩထိတ်လန့်သွားသည်။ မထင်မှတ်နိုင်သည့် စကားတွေ၊ ဒီအရူးအပေအတေကြီးက ဘယ်လို ဒီစကားတွေ ကြားသော ရပါလိမ့်မယ်။

'ဘယ်လိုဖြစ်ကြတာလဲဗျာ'

'ဘယ်လိုဖြစ်ရမှာလဲ ညဏ်နဲ့ဖဲလိမ်ရိုက်ကြတော့ ရွာက သိတော့ ဝိုင်းချတာပေါ့'

'ဦးဂေါလီက ဘယ်လိုလုပ်သိ'

'အဲဒီဝိုင်းနားမှာ ငါရှိတယ်။ ငါလာတော့ မင်းထွက်သွားပြီ၊ နွားနှစ်ကောင်ကို ဖဲဒိုင်ကို ထိုးအပ်ပြီး ထွက်သွားပြီ'

'ဒိုင်နဲ့ နှစ်ယောက်ကို ဝိုင်းချကြတာ ပွဲချင်းချင် ပြီးပဲလား'

'ဩော်.... ကျားကိုက်တာတောင် အပေါက်ကလေးနဲ့ လား မေးသလိုဖြစ်နေပြီ'

သိချင်စိတ်က များနေသည်။ ဖဲဝိုင်းမှာ ဘာတွေဖြစ်သွားတာလဲ။

'ဒါနဲ့....ဆက်ပြောပါဦး ဦးဂေါလီ၊ ဘာတွေဆက်ဖြစ်သေးလဲ'

'ဖဲလိမ်ရိုက်ပါပြီဆိုမှ ရှေ့ကဆော့ကစားထားတာတွေလည်း ပြန်လျော်ပေါ့ကွ'

'ဟာ... ဟုတ်လား၊ ကျွန်တော့်ရဲ့နွားနှစ်ကောင်ကော'





'ကာလသားတွေ မင်းအိမ်ကို သွားပို့လိုက်ကြပြီ။ ဟော့ကောင် ...လူမိုက်၊ မင်းသေချင်စိတ်ရှိသေးလား'

သူ ခေါင်းခါလိုက်သည်။ အဖြစ်အပျက်တွေက မြန်ဆန်ပြောင်းလဲလွန်းလှသည်။ ကံတရား၏ လှည့်စားမှုက မျက်လှည့်ဆန်လွန်းလှချေသည်တကား။ တကယ်လို့များ သူဆွဲကြိုးချသေသွားခဲ့လျှင် ဦးဂေါလီပြောပြသည့် အဖြစ်အပျက်တွေကို သူသိနိုင်တော့မည်မဟုတ်။ အသက်တစ်ချောင်းအချည်းနှီးဖြစ်ရမည့်ကိန်းမှအရူးကြီးတစ်ယောက်က ဝင်ကယ်ခဲ့သည်။ ဆိုလျှင် သည်အချိန်မှာ အရူးကြီးဟု သတ်မှတ်ထားသူတစ်ယောက်က စကားအတည်တွေပြောနေတာကလည်း ထူးဆန်းသည်။

သူ ဦးဂေါလီကြီးကို ကျေးဇူးတင်မိသွားသည်။

'လူမိုက်'

'ပြောလေ ဦးဂေါလီ'

'မင်း ဘာငေါင်နေတာလဲ'

'ငါ့ကိုကျေးဇူးမတင်နဲ့၊ ကံတရားကို ကျေးဇူးတင်စမ်း လူမိုက်'

'ဘာပဲဖြစ်ဖြစ်၊ ဦးဂေါလီက ကျွန်တော့်ကျေးဇူးရှင်ပဲလေ'

'ငါ ဘယ်သူ့ကျေးဇူးမှ အတင်မခံချင်ဘူး'

စကားစပြတ်သွားသည်။ ညကား တဖြည်းဖြည်း မှောင်ရီအေးစက်လာလေပြီ။ သံချိုင်းမြေသည် သစ်ပင်ကြီးများ ထူထဲပိတ်မှောင်နေခြင်း၊ လူသူကင်းဝေးကာ တိတ်ဆိတ်နေခြင်း၊ သံချိုင်းတွင် အိပ်တန်းဝင်သည့် ငှက်များ၏ အသံသာရှိနေခြင်းသည် ချောက်ချားဖွယ်ရာဖြစ်စေသည်။

'အု … ဝူး….ဝူး….'

ခွေးလေးခွေးလွှင့်တစ်ကောင်၏ ရုတ်တရက်အူသံ၊ ဦးဂေါ်လီကြီးသည် ဇရပ်ပေါ်မှ ဆင်းသွားကာ လှေကားထစ်အောက်တွင် ထင်းပေါက်တွေဖြင့် မီးဖိုလေသည်။ လေစိမ်းတွေ ဇရပ်ထဲသို့ လွင့်ဝဲလာသည်။ ထိုအခါမှ သူချမ်းရမှန်းသိလာသည်။ ဆာရလောင်ရမှန်းသိလာသည်။ မီးပုံမှ မီးတောက်စွဲသည်နှင့် ဦးဂေါ်လီဇရပ်ပေါ် ပြန်တက်လာသည်။ သူ့ကို စကားမပြောတော့ဘဲ အထုပ်တစ်ထုပ်ကိုဖြေကာ ရေတစ်ခွက်နှင့် အားရပါးရ စားလေသည်။ တစ်လုတ်နှင့်တစ်လုတ်စားပြီးသည်နှင့် သူ့ကိုလှမ်းကြည့်သည်။

'လူမိုက် ဗိုက်ဆာရင် လာစား၊ ဟင်းကတော့ မကောင်းဘူး။ ထမင်းဆိုင်ကနေ တောင်းလာတာပေါ့'

သူလှမ်းကြည့်လိုက်တော့ ဟင်းက ချွေးနေသည်။ မဆလာနံ့ရသည်။ လျှာကို နှုတ်ခမ်းနှင့်ထိကာ သိမ်းလိုက်မိသည်။ ဝမ်းထဲမှာ တကြွတ်ကြွတ် ဝင်မြည်လာသည်။ ဝမ်းမီးတောက်စက်ဖြစ်သည့် အစာအိမ်အသေးစားလေးဆီမှ အင်ဂျင်အသေးစားလေး၏ မောင်းနှင်သံပဲဖြစ်လိမ့်မည်။ လူသည် ဝမ်းမီးစက် အဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် ဘဝတစ်လျှောက်ရုန်းကန်ခဲ့ရသည်။ တိုက်ပွဲတွေနွှဲခဲ့ရသည်။ လူးလိမ့်အောင်ခံခဲ့ရသည်။

'လာလေကွာ'

သူ ရုတ်တရက်တွေသွားသည်။ ရင်ထဲမှာ မကျေနပ်စိတ်က ရုတ်တရက် ရုန်းကြွသွားသည်။ ဘာကို မကျေနပ်တာလဲ၊ ဟုတ်တယ်။ ဒိုင်ကိုင်သည့်ကောင်နှင့် သူ့ပါတနာများ။ တစ်နည်းအားဖြင့် ဖဲလိမ်





ရိုက်သည့် လူယုတ်မာများ။ ဘယ်လိုများ ဖဲလိမ်ရိုက်ကြပါလိမ့်။ ဖဲဝိုင်းတွင် လက်ရင်းနှင့်လက်ဖျားသည် ဒိုင်၏ လူများ၊ နေရာမရွေး တဖြည်းဖြည်းသယ်ယူသွားသည့် ငွေပုံကြီးထဲမှာ သူ၏ နွားနှစ်ကောင်၊ နိုင်းနွားနှစ်ကောင် ပါသွားခဲ့သည်မဟုတ်ပါလား။ ကံကောင်း၍သာ နိုင်းနွားနှစ်ကောင် ပြန်လွတ်လာခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အိမ်ကိုရုတ်တရက်တော့ မပြန်ချင်။ ဒါကလည်း သူ၏ ရှုးသွပ်မှု၊ ဖဲအပေါ် သေချင်လောက်အောင် မြှုပ်နှံမိသည့် စိတ်ကြောင့်ပဲဖြစ်သည်။ ခွေးမြီးကောက် ကျည်တောက်စွပ်ဆိုသော စကားသည့် သူ့အတွက်ပဲဖြစ်လိမ့်မည်ထင်သည်။

ဦးဂေါ်လီသည် သူ့ကို ခပ်တွေတွေ စိုက်ကြည့်ကာ နောက်ဆုံး ထမင်းလုတ်ကို သွတ်သွင်းလိုက်ပြီး အကြွင်းအကျန်တွေကို စုသိမ်းကာ ဇရပ်အောက်သို့ ဆင်းသွားသည်။ ခဏကြာတော့ ပြန်တက်လာသည်။ ဇရပ်အောက်တွင် မီးတောက်မီးလျှံတွေ တောက်လောင်နေသော မီးဖိုက အရှိန်ရစ ပြုလာပေပြီ။

ဦးဂေါ်လီသည် ဇရပ်ထောင့်ရေအိုးမှ အုန်းမှုတ်ခွက်ကိုယူကာ ရေသောက်သည်။

'လူမိုက်….မင်း…. မှတ်လား'

သူတွေငိုင်သွားသည်။ ဘာဆက်ပြောရမလဲ။ ဦးဂေါ်လီက လူမိုက်လို့ပဲ ဆက်ပြောမှာ။ သူမဖြေ၊ ဦးဂေါ်လီကြီးကိုမော့ကြည့်သည်။ ဦးဂေါ်လီက သူ့နားမှာ ဝင်ထိုင်ကာ လေချဉ်တစ်ချက်ပျို့လိုက်သည်။ စုတ်တစ်ချက်သပ်သည်။

'အေး မင်း ဖဲအပေါ်သံယောဇဉ်မပြတ်နိုင်ဘူး။ သေတာ

တောင် နောင်ဘဝအထိ ဖဲဆက်ရိုက်မယ့်ကောင်ပဲ၊ ကဲကွာ မင်းကို ငါကူညီမယ်။ ကတိသစ္စာတော့တည်ဖို့လိုတယ်။ မင်းက အပေအတေ လူရှိုးလူဖြောင့်မို့ ငါကူညီမှာ'

သူ ဆက်ခနဲ့ မော့လိုက်သည်။ သူ့မျက်ဝန်းထဲမှာ ဦးဂေါလီကို အထင်အမြင်သေးသည့် ပုံရိပ်တွေ၊ မျက်လုံးများက သေးကြုံ့သွားကာ လှောင်ပြုံးတစ်ချက်ပြုံးလိုက်၏။ အပေအတေခြေသလုံးအိမ်တိုင်အရှူး၊ စိတ်မမှန်သူတစ်ယောက်က ဘာအကူအညီပေးနိုင်မှာတုံး၊ သူ ဇဝေဇဝါ မျက်လုံးအကြည့်များနှင့်တွေ့၍ ကြည့်နေမိသည်။ ဇရပ်ပေါ်တွင် အလင်းရောင်မှုန်သဲ့သဲ့သာရှိသည်။ ဇရပ်ခေါင်းမိုးစွန်းပေါ်ရှိ တစ်နေရာမှ တောက်တဲ့၏ အော်သံ၊ ငှက်အချို့၏ တောင်ပံခတ်သံများကို စတင်ကြားနေရပေပြီ။ မီးဖိုဆီမှ အဝါရောင်မီး၏ အလင်းပြန်သာ ဇရပ်ပေါ်လွှင့်ပြန့်လာတတ်သည်။

'ဦးဂေါလီလိုလူက ကျုပ်ကို ဘယ်လိုများ အကူအညီပေးနိုင်မှာတုန်း။ ကျုပ်က သေချင်နေတဲ့လူဗျ'

'ဟား…ဟား…ဟား… မင်းသေချင်တာငါသိတယ်။ လူမိုက် ဖဲနဲ့အကျိုးမပေးလို့မှတ်လား၊ ကဲ ဒီလိုလုပ်ကွာ၊ မင်း ဒီလောက်တောင် ဝါသနာဗီဇ မစွန့်လွှတ်နိုင်ဘူးဆိုရင် ဖဲမှော်ဝင်ပါ'

သူ အံ့သြသွားသည်။

'ဘာလဲဗျ။ ဦးဂေါလီရဲ့ ဖဲမှော်ဆိုတာ'

ဦးဂေါလီစုတ်တစ်ချက်သတ်သည်။

'ဒါကြောင့်မို့ မင်းကို တုံးတယ်လို့ ပြောတာပေါ့။ မှော်ဆိုတာ တန်ဖိုးသိဒ္ဓိပဲကွ။ လူစင်စစ်ကနေ သိဒ္ဓိတန်ခိုးရနေတာပေါ့'





သူ ငေးကြောင်နေမိသည်။ မီးအလင်းပြန်ကာ အဆီပြန်နေသော ဦးဂေါလီ၏ မျက်နှာပြင်ကို အရောင်တင်ပေးသကဲ့သို့ရှိသည်။ ဇရပ်အပြင်ဘက်တွင် ပြင်းထန်သောလေက တိုက်ခတ်စပြုလာသည်။ မီးဖိုမှ မီးညွန့်များက အလိပ်လိုက်အလိပ်လိုက် တက်နေပုံမှာ တစ္ဆေတွေကနေသည်နှင့်တူသည်။ တဖျစ်ဖျစ်မြည်နေသော လောင်ကျွမ်းဆဲသစ်တိုသစ်စများကလည်း စိတ်မနှံ့သည့် မိန်းကလေးတစ်ယောက်၏ တောင်စဉ်ရေမရ စကားပြောသံနှင့်တူသည်။

'ကျုပ်မသိဘူးဗျာ'

'ခု သိပြီမှတ်လား။ ဒီမှာ မင်းဖဲမှော်ဝင်ပါ။ လူမိုက်အာပေတူး။ ဖဲမှောင်မင်းအောင်ပြီသာဆိုရင် စားပေတော့ပဲ၊ အေး ဒါပေမဲ့ ကတိတော့ တည်ရမယ်။ ဒီအစီအရင်က သစ္စာရှိဖို့တော့ လိုတယ်။ ဉာဏ်လွှာသုံးတတ်ရမယ်။ မဲမှော်ဆိုတာ လူတစ်သောင်းမှာ တစ်ယောက်အောင်မြင်ခဲ့တယ်။ မအောင်မြင်ရင်လည်း အသက်မရှည်တတ်ဘူး အာပေတူး'

ဦးဂေါလီ၏ ဖဲမှော်သည် စိတ်ဝင်စားစရာ၊ အားရှိစရာကောင်းလှသည်။

'ကျုပ်က ပင်ပင်ပန်းပန်းနဲ့ မိခင်နဲ့ညီမကို ရှာဖွေကျွေးမွေးနေရသူပါ။ လယ်ယာအလုပ်ဆိုတာ ပင်ပန်းပါတယ်။ ပင်ပန်းသလောက် အကျိုးမရှိ အမြတ်လည်းနည်းပါတယ် ဦးဂေါလီ'

'ဒါပေမဲ့ ကတိတည်ရမယ်။ ငွေဘယ်လောက်ရရင် ဖဲရိုက်ခြင်းကို ရပ်ရမယ်။ ဆက်ရိုက်လည်း မင်းဖဲမှော်က ဘာမှ အစွမ်းအာနိသင်မရှိတော့ဘူး။ နိုင်တုန်းကရတဲ့ ပိုက်ဆံတွေတောင် ပြန်ပါ

သွားနိုင်တယ်ကွ၊ မင်း ဖဲမှော်ဝင်ပါ ငါနည်းပေးမယ်'

သူရင်ထဲတွင် မီးညွန့်မီးလျှံတွေကို တဖျပ်ဖျပ်လှုပ်ရှားလာသည်။

'ဘာလဲ မင်း ဖဲမှောင်ဝင်ရမှာ ကြောက်နေပြီလား၊ ယောက်ျား ပဲကွာ'

'မဟုတ်ပါဘူး ဦးဂေါလီ၊ ဖဲရိုက်တိုင်းရှုံး၊ နိုင်တယ်လို့ မရှိတဲ့ ကျုပ်ဘဝ ရင်နာလွန်းလို့ပါ။ ဒါကြောင့် အရှုံးတွေနဲ့ချည်းသာရှိလို့ သေတာပဲကောင်းတလို့၊ သေကြောင်းကြံမိတာပါ။ ကျုပ် ကြိုးစားပြီး ဆောင်ရွက်ပါ့မယ်။ အောင်မြင်ရင် ဦးဂေါလီကို ကျေးဇူးမမေ့ပါဘူး။ မအောင်မြင်လို့ သေသွားရင်လည်း သေပါစေ။ ကျုပ်က သေချင်နေတာကိုးဗျ။ သေလှုပါဗျာ'

'ကဲ ... သေချင်ရင် နောက်မှသေ၊ နောက်နှစ်ရက်ကျရင် ဒီနေရာကို ပြန်လာခဲ့ အာပေတူး၊ မင်း ဘယ်လိုအစီအစဉ်တွေလုပ်ရမယ်ဆိုတာ ပြောပြမယ် ဖဲမှော်ဝင်တော့'

'စိတ်ချ ဦးဂေါလီ၊ ကျုပ် ဖဲမှော်ဝင်မယ်'

◆ ◆ ◆

ညဉ့်က တဖြည်းဖြည်းနက်လာလေပြီ။ ဇရပ်အပြင်ဘက်တွင် ပေါက်ရောက်နေကြသော သစ်ပင်ကြီးများသည် ကင်းစောင့် တစ္ဆေကြီးတွေလို တန်းစီရပ်ရင်း ဇရပ်ထဲရှိ သူတို့ကို စောင့်ကြည့်နေကြဟန်ရှိသည်။

'ကဲ အစီအစဉ်ကိုပြောပြမယ် နားထောင်'

'ဟုတ်ကဲ့ ကျုပ်နားထောင်နေပါပြီ၊ ဦးဂေါလီခင်ဗျား'





အပြင်ဘက်တွေ လေတိုက်သဖြင့် မီးညွန့်တွေ ယိမ်းယိုင်ကာ မီးပွားတွေ တဖွားဖွားလွင့်ပျံနေပြီ။

'ပထမဦးဆုံး ဖဲမှောင်စီရင်ဖို့က အင်မတန် အခြောက်အလှန့်ကြီးပြီး သစ်ပင်ကြီးတွေ ထူထပ်တဲ့ သင်္ချိုင်းကုန်းဖြစ်ရမယ်။ လူမိုက်ရာ'

သူ ပခုံးကို တစ်ချက်တွန့်လိုက်သည်။ အဲဒါမှ လန့်ဖျပ်ပြီး မြန်မြန်သေမှာဟု တွေးလိုက်သည်။

'ပြီးရင် အဲဒီ သင်္ချိုင်းဟာ ဖဲသမားတွေသေပြီး အမြုပ်အနံ့များတဲ့ သင်္ချိုင်းဆိုရင် ပိုကောင်းတယ်လူမိုက်။ အဲဒီလို သင်္ချိုင်းမျိုးတွေ ဘယ်မှာရှိသလဲဆိုတာရှာကွာ'

သူအနည်းငယ်တွေးလိုက်သည်။ ဖဲသမားတွေသေလို့ မြှုပ်တဲ့ သင်္ချိုင်း။

'အဲဒီသင်္ချိုင်းကတော့ ကျုပ်တို့ရွာ အနောက်ဘက်က သင်္ချိုင်းပဲ ဖြစ်ရမယ်ထင်တယ်။ မနေ့က ဖဲဝိုင်းမှာသေတဲ့ ဒိုင်လုပ်တဲ့သူနဲ့ သူ့လူနှစ်ယောက်လည်း ဒီရွာအနောက်ဘက်မှာပဲ မြှုပ်လိမ့်မယ် ဦးဂေါလီ၊ ပြီးတော့ ရေနစ်သေတဲ့ကောင် ဟိုးတစ်မြန်နှစ်ကပေါ့ သိန်းအောင်ဆိုတဲ့ကောင်လည်း ဖဲသမားပဲ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သံတုတ်ဆိုတဲ့ကောင်လည်း ဖဲချိုးပဲ။ ဒီကောင်လည်း ကားပေါ်က အရက်မူးပြီး ပြုတ်ကျသေတာ။ ရိုးရိုးဖျားနာပြီးသေတဲ့ကောင်တွေထဲမှာလည်း ဖဲသမားတွေပါတာပဲဗျို့။ ကျုပ်အထင်တော့ အနောက်သင်္ချိုင်းထဲက သင်္ချိုင်းမှာတင် ဖဲသမားအယောက်ချည်း အယောက်နှစ်ဆယ်မကဘူးဗျို့'

'ဟုတ်ပြီ.... ဒီလောက်ဆိုရပြီပေါ့၊ ကဲ အစီအစဉ်ကို နောက်နေ့မှဆက်ပြောမယ်။ မင်း ယူလာဖို့ကတော့ ဖဲထုပ်အသစ်တစ်ထုပ်ရယ် ညဘက်သင်္ချိုင်းကုန်းမှာထွန်းဖို့ ဖယောင်းတိုင်ရယ်၊ မီးခြစ်ရယ်၊ မှတ်ဖို့သားဖို့ ဗလာစာအုပ်နဲ့ ဖောင်တိန်(သို့မဟုတ်) ခဲတံတစ်ခုခုပေါ့ကွာ၊ အဲဒါ မမေ့မလျော့ ယူလာရမယ်။ ငါမှာတဲ့ ပစ္စည်းတွေက မင်းအတွက်မခက်ခဲပါဘူး။ လူမိုက်အာပေတူးရေ'

'ဟုတ်ကဲ့ပါခင်ဗျာ။ ကျုပ် ဆက်ဆက်ယူလာပါ့မယ်။ ဖဲမှော်အောင်ဖို့သာ ကျုပ်ကို ကူညီဆောင်ရွက်ပါ ဦးဂေါ်လီရယ်။ ကျေးဇူးမမေ့ပါဘူးဗျာ'

'စိတ်ချ မင်းကို ငါကူညီမယ်။ မင်းဘက်က သတ္တိရှိဖို့ရယ်၊ လိမ္မာပါးနပ်ဖို့ရယ်ပဲလိုတယ်။ အဲ ... စီရင်ချိန်မှာ မင်းကြောက်ရင်၊ မအောင်မြင်ရင် အသက်သေလိမ့်မယ်။ အဲဒါ မင်းကြိုးစားရမယ်။ သေမထူး၊ နေမထူး၊ အာပေတူးပေါ့ကွာ၊ ဟုတ်လား .... လူမိုက်'

ပထမဦးဆုံးအနေနှင့် သူရယ်မောလိုက်သည်။

'ဟုတ်တယ်....ကျုပ်ဘဝက သေမထူးနေမထူး အာပေတူးပဲ'

'ဟား....ဟား....ဟား....'

'ဦးဂေါ်လီ ဖဲသမားတွေမြှုပ်တဲ့ သင်္ချိုင်းထဲမှာ ဘာလုပ်ရမယ်ဆိုတဲ့ စီရင်ပုံကလေး အနည်းအကျဉ်းလောက် ကျုပ်ကို ပြောမပြနိုင်ဘူးလားဗျာ။ စတီလောက်ပေါ့'

'ပြောပြနိုင်တာပေါ့ကွ၊ အဲဒီဖဲသမား အသုဘတွေ များများမြှုပ်တဲ့ သင်္ချိုင်းထဲမှာ မင်း ဖဲရိုက်ရမှာ'





သူနည်းနည်းဖြုံသွားသည်။ သင်္ချိုင်းထဲမှာ ဖဲရိုက်ရမည်တဲ့။

'ဟုတ်လား... ဖဲရိုက်ရမယ်'

'ဟုတ်တယ် ဖဲရိုက်ရမှာ၊ အဲဒီသင်္ချိုင်းထဲမှာ မနေ့ကလောလောလတ်လတ်သေသွားတဲ့ ဖဲသမားလူလိမ် သုံးယောက်ရယ်၊ မြွေကိုက်သေတဲ့ဖဲသမား၊ ရေနစ်သေတဲ့ ဖဲသမား၊ ကားပေါ်က အရက်မူးပြီး ပြုတ်ကျတဲ့ ဖဲသမား၊ ဓားထိုးခံရလို့ သေတဲ့ဖဲသမား။ ရောဂါနဲ့သေတဲ့ ဖဲသမား၊ မိန်းမနဲ့ဖဲ ဘယ်သူ့ပိုချစ်သလဲမေးရင် ဖဲကို ပိုချစ်တဲ့ဖဲသမား၊ ခုနစ်ရက်ခုနစ်လီ ဖဲဝိုင်းကမထဘဲ ဆီးချုပ်၊ ဝမ်းချုပ်ထိုင်တဲ့ဖဲသမားမသာ၊ အဲဒီ မသာတွေနဲ့ မင်း ဖဲရိုက်ရမယ်'

သူခေါင်းကို တူနှင့်ထုလိုက်သလို ခံစားလိုက်ရသည်။

'ဦးဂေါ်လီရာ ဒီကောင်တွေက လူသေတွေလေ၊ လူ့ပြည်မှာမရှိတော့တဲ့ကောင်တွေ၊ ဒီကောင်တွေနဲ့ ကျုပ်က ဘယ်လိုလုပ် ဖဲရိုက်လို့ရမှာတုန်း'

ဦးဂေါ်လီ ကျွတ်ခနဲ စုတ်သပ်လိုက်လေသည်။

'လူမိုက်ရယ် အဲဒါကြောင့် ခက်တာပေါ့။ ဖဲသမားသေရင် တစ္ဆေဖြစ်တာများတယ်ကွ၊ လောဘက ဦးစီးနေတာကိုး။ အဲဒီ မကျွတ်မလွတ်အစိမ်းသေတဲ့ သရဲ၊ ရိုးရိုးသေတဲ့ ဖဲသမားတစ္ဆေ အပေအတေဖဲသမားတွေနဲ့ မင်း ဖဲရိုက်ရမှာ'

သူ ပန်းတစ်ချက်တွန့်လိုက်သည်။ လက်ဖျားခြေဖျား အေးစက်လာသည်။

'ကြောက်စရာကြီးဗျာ၊ ဖဲသမားသရဲတွေနဲ့ ညဘက်သင်္ချိုင်းကုန်းထဲမှာ တစ်ယောက်တည်းဖဲရိုက်ရမယ်ဆိုတော့ အဟင်း...ဟင်း

ကြောက်တယ်ဗျို့’

‘ကြောက်ရင် အောင်မြင်မှာမဟုတ်ဘူး။ သေကိန်းနီးတယ် လူမိုက်’

နှုတ်ခမ်းတစ်ချက်ကိုက်ကာ စဉ်းစားမိလိုက်၏။ ရင်တွေ အခုန်မြန်နေပြီ။ တစ်ခုခုကို လိုချင်လျှင် တစ်ခုခုကို ရင်းနှီးရမယ်။ စွန့်လွှတ်ရမယ်။ ဟုတ်တယ်လေ။

‘ကျုပ်အစကတည်းက ဖဲမှော်ဝင်မယ်လို့ ကတိပေးထားပြီးပြီ လေ ဦးဂေါလီ၊ ကျုပ်မကြောက်ပါဘူး။ ဒူးတုန်တာပဲရှိပါတယ် အဟီး…ဟီး…ဟီး’

‘ကဲ…ကဲ… နောက်နှစ်ရက်ကျရင် ဖဲမှော်ဝင်ဖို့ ပြင်ဆင်တော့ဟေ့၊ မနက်ဖြန်ကျရင် အသေးစိတ် ထပ်ပြောပြတာပေါ့။ အာပေ့တူး လူမိုက် ဟေ့ကောင်သတ္တိရှိနော်’

‘သတ္တိရှိပါတယ်ဗျ၊ ကျုပ်လက်ခုံမှာ ဆေးမင်ကြောင်ထိုးထားတယ် တွေ့လား။ မကွေးမြသလွန်ဘုရားပွဲမှာ သတ္တိဆိုပြီး ဆေးမင်ကြောင်ထိုးထားတယ်။ ဟီး…ဟီး…ဟီး… သတ္တိဗျ…သတ္တိ’

‘ဟုတ်ပြီ….ဟုတ်ပြီ မနက်ဖြန်ထပ်တွေ့မယ်’

‘ရွာအနောက်ဘက်က သင်္ချိုင်းဆိုရင် ပိုအဆင်ပြေမယ် ဦးဂေါလီ’

‘ဖဲသမား တစ္ဆေသရဲတွေပေါလေ ကောင်းလေပဲ သစ်ပင်ကြီးတွေလည်း ရှိတယ်မဟုတ်လား။ အဲဒီမှာ ဇရပ်လည်းရှိရမယ်။ အဲဒီမှာ ဖဲဝိုင်းထောင်ရမှာ’

‘ဖဲသမား ယောက်ျားသရဲတင်မကဘူး။ မိန်းမဖဲသမား သရဲမ





ကြီး ဒေါ်တင်အေးတောင်ရှိတယ်ခင်ဗျ။ အဲဒီသရဲမကြီးက ခုထိ မကျွတ်သေးဘူး’

◆ ◆ ◆

ညကား ထူထဲသိပ်သည်းကာ နက်မှောင်လှလေပြီကော။ ကြည့်လေရာရာ ပတ်ဝန်းကျင်တွင် အမှောင်ထုသာ ဖိမိုးကာဆီးထားသည်ကို တွေ့ရသည်။ သို့သော် ဇရပ်အပြင်ဘက်တွင်တော့ အလင်းမှုန်သဲ့သဲ့ကတော့ ရှိနေသည်။ ကြယ်ရောင်များဖြင့် ထင်သာမြင်သာရှိနေသေးသည်ဟု ဆိုရပေမည်။ ကောင်းကင်ယံမှ ကြယ်တွေ ပြည့်နက်နေလေသည်။

ဇရပ်ပတ်လည်တွင် ကုက္ကိုပင်၊ သပြေပင်အိုကြီးများနှင့် ကျွန်းပင်ကြီးများမှာ လေတိုက်တိုင်း တရှဲရှဲမြည်ကာ ကုက္ကိုသီးမှည့်များသည် တဖြုတ်ဖြုတ်ကြွေပြီး ဇရပ်ခေါင်မိုးပေါ်သို့ တဒုန်းဒုန်း ကြွေဆင်းကျကုန်သည်။ တစ်ခါတစ်ရံတွင် ကိုင်းခွေးကလေးများ၏ ကြွေကျသံလည်း ကြားနေရသည်။ မြေပြင်တွင် ဖွေးဖွေးလှုပ်လျက်ရှိနေကြသော ရွက်ကြွေပေါင်းစုံကတော့ လေနှင့်ရာသို့ တဖျောဖျော မြည်ကြွေးကာ လိုက်ပါသွားကြပုံများ ဝိညာဉ်တွေ တပျော်တပါး အော်ဟစ်ပြေးလွှားသံနှင့်တူသည်။

အာပေတူးသည် သင်္ချိုင်းတွင်းရှိ ဇရပ်ပေါ်သို့ မှော်ရိပ်မြူး အချိန်ကပင် ကြိုတင်ရောက်ရှိနေခြင်းဖြစ်သည်။ ယခုသင်္ချိုင်းသည် သူနှင့် ဦးဂေါလီကြီးတွေ့ဆုံရာ ဒရယ်မြောင်ကျေးရွာ၏ အနောက်ဘက်သင်္ချိုင်းမဟုတ်၊ ဒရယ်မြောင်သည် သူတို့ရွာ၏ တစ်ခုတည်းသင်္ချိုင်းဖြစ်သော်လည်း ယခုသင်္ချိုင်းကတော့ ဒရယ်မြောင်၊ ကျွတ်တီး

ကုန်း၊ ညောင်ခြေထောက်သုံးရွာစလုံးမှ နာရေးကိစ္စရှိလျှင် လာရောက်မြှုပ်နှံလေ့ရှိသော ရွာသုံးရွာ၏ သင်္ချိုင်းဖြစ်သည်။ ရောမသစ်ပင်ကြီးများလည်း ပေါက်ရောက်ကြသည်။ ပြီးတော့ ဦးဂေါ်လီညွှန်ကြားသည့် အင်္ဂါရပ်တွေနှင့်လည်း ပြည့်စုံသည်။

ဦးဂေါ်လီဆိုသော အရူးအပေအတေကြီးကား ထူးဆန်းသော လူကြီးတစ်ယောက်ပင်ဖြစ်ပေသည်တကား။ ရွာစဉ်ရွာတန်းတွေကို ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာနေသည်သာမက အဆက်အစပ်မရှိ၊ တောင်စဉ်ရေမရ စကားတွေလျှောက်ပြောနေတတ်သော အရူးကြီးသည် လွန်ခဲ့သည့် ညကထူးထူးဆန်းဆန်းစကားတွေကို ဓါတည်တကျ လူကောင်းပကတိပမာ ပြောဆိုသွားခဲ့သည်။ ဆုံးမဩဝါဒတွေပင် ပါသည်။ တည်တည်တံ့တံ့ အသုံးအနှုန်းတွေ သုံးစွဲသွားခဲ့သည်မှာ မယုံကြည်စရာဖြစ်ခဲ့သည်။ ပြီးတော့ တစ်ညလုံးမအိပ်၊ စိတ်ပုတီးတချောက်ချောက် စိပ်နေခဲ့သည်။ ဘုရားစာတွေ၊ ဂါထာတွေ ဝူပျက်ဝူဟောင်းတွေပေါ်မှာ ရွတ်ဖတ်သရဇ္ဈာယ်နေတတ်သည်။ သူပြောသည့် ဖဲမှော်ဆိုတာလည်း တော်တော်စိတ်ဝင်စားဖို့ကောင်းသည့် အစီအရင်တစ်ခုဖြစ်သည်။ လွယ်လွယ်ကူကူ မအောင်မြင်နိုင်သည့် ဆန်းကြယ်သည့် သိဒ္ဓိတစ်မျိုးဖြစ်ပေရာ လူထူးလူဆန်းကြီးကို အထင်မသေးရဲတော့ပေ။ လေးစားစိတ်ဝင်လာသည်။

ယခုတော့ အာပေတူးသည် လူထူးလူဆန်းကြီး၏ ညွှန်ကြားမှုဖြင့် ရွာသုံးရွာ၏ ရောမသုသာန်ကြီးသို့ ညဦးကတည်းက ရောက်ရှိနေပေပြီကော။ ဤသင်္ချိုင်းတွင် ဖဲသမားများသာမက အခြားဥပဒ္ဒေဒက်ဖြင့် သေဆုံးကြကုန်သော ပုဂ္ဂိုလ်များ၏ ကြွင်းကျန်သော ရုပ်ကလာပ်





များကိုလည်း မြှုပ်နှံလေ့ရှိသည်။ လွန်ခဲ့သော ရက်သတ္တပတ် တစ်ပတ်ခန့်က ဒရယ်မြောင်ကျေးရွာတွင် မဲလိမ်ရိုက်၍ အသတ်ခံလိုက်ရသော ဖဲသမားသုံးဦး၏ အလောင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများအရ မြေမြှုပ်သင်္ဂြိုလ်ပြီးစီးပေပြီ။ ကံကောင်းထောက်မ၍ သူ၏ နွားတစ်ရှဉ်းပင် ပြန်ရခဲ့ပြီမဟုတ်ပါလော။ တခြားသော အပေအတေဖဲသမား၊ ကဖော်သမားများ၏ အလောင်းများလည်း မြောက်မြားစွာရှိသည်ပင်။ တခြားလူမိုက်များ၏ ရုပ်ကြွင်းများလည်း ဒုနှင့်ဒေး။

လူထူးဆန်း ဦးဂေါ်လီ၏ ညွှန်ကြားမှုရှောင်ရန်ဆောင်ရန်၊ စည်းကမ်းချက်များနှင့် အစစအရာရာ ပြင်ဆင်ကာ အာပေတူးသည် ဇရပ်ပေါ်သို့ တစ်ယောက်တည်းရောက်လာလေပြီ။

◆ ◆ ◆

ညကား လေအေးတို့ဖြင့် တသုန်သုန်တိုက်ခတ်နေကာ မှုန်ဝါးဝါးလရောင်ကြယ်ရောင်တို့ဖြင့်သာ မှုန်ရီလျက်ရှိပေသည်။ ကျယ်ပြောလှသော သင်္ချိုင်းမြေတစ်မျှော်တစ်ခေါ်အဆုံးတွင် မြေပုံမို့မို့ ဝူသစ်၊ ဝူဟောင်းများသည် ကပိုကရိုပြန့်ကြဲလျက်ရှိကြ၏။ ကြယ်ရောင်မှိန်းပျပျသာ တို့ထိထားသော ရောမသစ်ပင်ကြီးများ ထိပ်ဖျားရှိ သစ်ရွက်သစ်ခက်များ၊ မြေပုံ၊ ဝူဟောင်း၊ ဝူသစ်တို့သည် တစ်ခါတစ်ခါ လက်လက်ပြေးသွားတတ်သည်။ ကြယ်ရောင်တို့ကြောင့်ပဲဖြစ်သည်။

သင်္ချိုင်းမြေသည် မကြာခင်ဖြစ်ပေါ်တော့မည့် အရေးအခင်းကြီးတစ်ခုဖြစ်ပျက်တော့မည်ကို သိရှိနေဘိအလား လျှို့ဝှက်ချက်များကို ဝါးမျိုထားသကဲ့သို့ ရေငုံနှုတ်ပိတ်နေခြင်းဖြစ်သည်။ သစ်ပင်ကြီးများသည် ၎င်းတို့၏ ကိုင်းလက်တံညိုမည်းမည်းကြီးများကို ညွှတ်ကိုင်းရှိုင်း

ကင်းစောင့်ရဲဘော်ကြီးတွေလို ငြိမ်သက်နေကြသည်။ လေအသွေးတွင် ညီစိုစို ပုပ်အက်အက်အနံ့ဆိုးများ၊ တူးလက်စတွင်းသစ်၏ မြေခွေးနံ့များက သင်္ချိုင်းမြေကို စက်ဆုတ်ရွံရှာဖွယ်ဖြစ်အောင် သံဝေဂရဖွယ်ဖြစ်အောင် တန်ဆာဆင်လျက်ရှိပေ၏။ မြေဆိုးတစ်ကောင်၏ ပြတ်တောင်းပြတ်တောင်းတွန်မြည်သံ၊ ရှဉ့်များ၊ ကြွက်ကြီးများ၏ ပြေးလွှားသံ၊ ညဉ့်ငှက်များ၏ အစာရှာဖွေသံ၊ သင်္ချိုင်းမြေ၏ ကောင်းကင်ယံမှ ဂီးခနဲ့မြည်ကာ ပျံသန်းသွားသော လင်းကောင်ပိုးငှက်များ၏ အသံသည်ပို၍ ချောက်ချားဖွယ်ဖြစ်အောင် ပံ့ပိုးပေးသကဲ့သို့ ရှိလေသည်။ တစ်ကောင်တည်းသော ခွေးလေခွေးလွင့်တစ်ကောင်သည် အုတ်ဂူဟောင်းတစ်လုံးပေါ်ဆောင့်ကြောင့်ထိုက်ကာ လည်တံကိုမော့လျက် လွမ်းလွမ်းဆွတ်ဆွတ်သံရှည်ဆွဲကာ အူမြည်နေပေသည်။ ထို့နောက် တခြားအကောင်က ဆက်အူပြန်သည်။

ဇရပ်ခေါင်းမိုးကို ထိလျက်ရှိသော ရောမမန်ကျည်းပင်ကြီး၏ ရှည်လျားသော ကိုင်းလက်တံများကလည်း တဖြန်းဖြန်းမြည်ကာ ရိပ်ခနဲ့ ဝဲခနဲ အရိပ်မည်းကြီးများဖြင့် ခြောက်လှန့်နေသယောင်၊ မွေ့တော့မယောင်၊ ဖက်တော့မယောင် အယောင်ယောင်။ အာပေတူးသည် စိတ်ကိုတည်ငြိမ်စွာ ထားလိုက်ပြီးလျှင် လွယ်အိတ်ထဲတွင် ထည့်ယူလာသည့် ပစ္စည်းအားလုံးကို ဇရပ်ကြမ်းပြင်ပေါ်သို့ သွန်ချသည်။ ကျောက်ဖယောင်းတိုင် (၁၀)တိုင်၊ ယမ်းမီးခြစ် ခေါ် သစ်သားမီးခြစ်တစ်လုံး၊ ဗလာစာအုပ်တစ်အုပ်နှင့် ဖောင်တိန်တစ်လက်၊ ပြီးတော့ အသစ်စက်စက် ဖဲထုပ်တစ်ထုပ်။

မှော်မည်းထဲမှာပင် မီးခြစ်ကိုယူကာ ခြစ်လိုက်သည်။ မီး





တောက်သွားသော်လည်း မီးခြစ်ဆံသည် ခါးလယ်မှကျိုးကာ ကြမ်းပြင်သို့ ဒေါက်ခနဲ့ကျပြီး ငြိမ်းသွားသည်။ ရုတ်တရက် ဖျပ်ခနဲလင်းလိုက်သောအလင်းဖြင့် မြင်လိုက်ရသည့် အရာဝတ္ထုကြီးတစ်ခုကြောင့် ရင်တစ်ခုလုံး ဒိန်းခနဲ့မြည်သွားကာ လန့်ဖျပ်သွားမိသည်။ သူ့ရှေ့တည့်တည့် လက်ဝဲဘက်ထောင့်တွင် ရောမမျက်လုံးနီကြီး နှစ်လုံးက လက်ဖက်ရည်သောင် အကြမ်းပန်းကန်လုံးလောက်ရှိမည်။ ဖျပ်ခနဲ ပျောက်သွားသည်။ ဘာမျက်လုံးလဲ တောကြောင်မျက်လုံးဆိုလျှင် ထိုတောကြောင်သည် ဆင်လောက်ရှိသော တောကြောင်ဖြစ်လိမ့်မည်။ အိမ်မြှောင်မျက်လုံးဆိုလျှင် အမေဇုန်မြစ်ဝှမ်းထဲက အာဖရိကမိကျောင်းအရွယ် အိမ်မြှောင်ဖြစ်လိမ့်မည်။

ဒါပေမဲ့ အသိစိတ်ကို ပြန်ချုပ်ကာ စုစည်းလိုက်သည်။ သတ္တိကို မွေးလိုက်သည်။ မီးခြစ်ဆံတစ်ချောင်း ထပ်ယူကာခြစ်သည်။ ရှဲခနဲမြည်သံနှင့်အတူ မီးဝါဝါက လင်းခနဲ တောက်ပသွားလေသည်။ စောစောက မျက်လုံးနီနီကြီးနေရာကိုကြည့်လိုက်တော့ ဘာမှမရှိတော့။ သည်တော့မှ သက်ပြင်းချကာ ကျောက်ဖယောင်းတိုင်ကြီး သုံးတိုင်ကို တစ်နေရာစီ ထွန်းညှိလိုက်သောအခါ ဇရပ်တစ်ခုလုံး လင်းထိန်သွားတော့လေသည်။

ဇရပ်တစ်ဆောင်လုံး မီးထိန်ထိန်လင်းသွားသည်နှင့် အာပေတူးသည် ဇရပ်အောက်သို့ဆင်းသွားကာ အမှောင်ထုထဲသို့ ကျယ်လောင်စူးရှသောအသံကြီးဖြင့် အောက်ပါအတိုင်း အော်ဟစ်ဖိတ်ခေါ်လေ၏။

"ဟေး.... ဒီသုသာန်ထဲမှာ မှီတင်းနေထိုင်ကြကုန်တဲ့ မကျွတ်မလွတ် အစိမ်းသရဲတစ္ဆေဖဲသမား သူငယ်ချင်းမိတ်ဆွေအပေါင်းတို့

ရေ။ ငါနဲ့အတူ ဖဲရိုက်ကြရလေအောင် လာကြပါဟေ့.... ပျော်ပျော်ပါးပါး ကစားရအောင်၊ မင်းတို့လည်း သရဲတစ္ဆေဘဝမှာ ဖဲရိုက်စရာ အဖော်မရှိကြတော့။ ပျင်းနေကြပြီပေါ့နော်။ လာကြဟေ့ လာကြ ငါနဲ့ အတူ ဖဲလာကစားကြ၊ ငါနိုင်ကိုင်မယ်နော်'

အာပေတူး၏ ကျယ်လောင်သော အသံကြီးသည် ဇရပ်ပတ်ဝန်းကျင် သုသာန်တွင်းသို့ စူးရှစွာ ပြန့်နှံ့သွားသည်နှင့် တစ်ပြိုင်နက် ထူးခြားမှုများက ရုတ်တရက်ထွက်ပေါ်လာလေတော့သည်တကား။

ရောမသစ်ပင်များပေါ်မှ ဆင်းလာသော ခြေသံများ....

ဆူးချုံပုတ်များကို တိုးဝှေ့ဖြတ်ကျော်လာသည့်အသံများ။

ဝှတွေပေါ်မြေပုံတွေပေါ်ကို ဖြတ်ကျော်နင်းကာ ပြေးထွက်လာသောအသံများ။

ညာသံပေးသည့်အသံလိုလို၊ လက်ခုပ်လက်ဝါး တီးလိုက်သံလိုလို အမျိုးစုံသောအသံများသည် ကြောက်ခမန်းလိလိ အလျှိုလျှိုပေါ်ထွက်လာသည်။

အကောင်အထည် မမြင်ရသေးဘဲ လှုပ်ရှားလူးလွန့်သံများ၊ ခြေသံများသည် တစ်စုတစ်ဝေးတည်းဖြင့် ဇရပ်ပေါ်သို့ တက်လာကြလေပြီတကား။ မှုန်ဝါးဝါးကြယ်ရောင်ပျပျအောက်တွင် အရိပ်မည်းကြီးများသည် လူလိုလို၊ တောတိရစ္ဆာန်တွေလိုလို ထင်ယောင်ထင်မှားစွာဖြင့် ဇရပ်ပေါ်သို့ ပြေးတက်လာကြခြင်းပင်။

အာပေတူးသည် ကြက်သီးတွေ တဖြန်းဖြန်းထကာ ထိုင်ရမလို၊ ထရမလိုဖြစ်သွားသေးသည်။ သို့သော် ရဲစိတ်ကိုမွေးလိုက်ရသည်။ သူ့မျက်နှာသည် သုသာန်မြေပြင်အောက်မှ လူသေတွေထက်





ပင် အသက်မာတတ်ကင်းမဲ့သလိုဖြစ်သွား၏။ အေးမြသော လေပြည်ရှိင်းများက သူ့တစ်ကိုယ်လုံးကို ကိုက်ဖဲ့ရန် တဟူးဟူးပြေးဝင်လာကြသည်။

ဇရပ်ပေါ်တက်လာသော လူလိုလိုအရိပ်လိုလို အရာဝတ္ထုများကြောင့် အံ့သြတုန်လှုပ်မှုဖြင့် သူ၏ ဒူးများပင် ညွတ်ခွေကျသွားမတတ် ခံစားလိုက်ရသည်။

'ဘုရား...ဘုရား...ဖဲသမားတစ္ဆေသရဲတွေ ဇရပ်ပေါ်တက်လာကြပြီ'

သူ့လက်မှာ ကိုင်ထားသော အသစ်ကျပ်ချွတ် ဖဲထုပ်သည် ချွေးများဖြင့် ချောကျိုသွားကာ လွတ်ကျမလိုဖြစ်သွားသေးသည်။ ထိုစဉ် သူ့ကို ထိုးတိုက်သွားသည့် ခံစားမှုမျိုးကလည်း ရှိသေးသည်။ ထိုအခါ အသိဉာဏ်သည် ခန္ဓာကိုယ်နှင့် လွတ်ထွက်သွားအောင် ဗလာဟင်းလင်းပြင်ကဲ့သို့ဖြစ်သွားသည်။

စိတ်ကိုတင်းလိုက်သည်။ အာခေါင်ထဲမှာ ခြောက်သွေ့ကာ ရေငတ်သလိုပင်ဖြစ်လာသည်။ စိတ်ကို ထပ်မံတင်းလိုက်မိသည်။

'ဟေး...လာ...လ...လ'

ရုတ်တရက် ကြောက်စိတ်ဖြင့် အသံဝင်သွားလေသည်။ သို့သော်....

'ဟေး.... လာကြ....လာကြ.... ဖဲဝိုင်းစတော့မယ်ဟေ့'

အာပေတူးသည် ဖယောင်းတိုင်မီးများဖြင့် လင်းထိန်နေသော ဇရပ်ကြမ်းပြင်တွင် တင်ပျဉ်ခွေထိုင်ကာဖဲကိုင်ကို တရှမ်းရှမ်းတဖျပ်ဖျပ် မြည်အောင် ပုံစံမျိုးစုံဖြင့် ကုလာဖန်ထိုးတော့၏။

ထိုအချိန်တွင် အာပေတူး၏ စိတ်ထဲတွင် ဇရပ်ပေါ် သူတစ်ယောက်တည်း ရှိနေသလို မခံစားရဘဲ လူအုပ်ဂူကြီးအလယ်တွင် ရောက်နေသကဲ့သို့ ခံစားလိုက်ရခြင်းဖြစ်သည်။

"ဟေ့....ငါးအိမ်နော်....ငါးအိမ်...ငါနိုင်ကိုင်မယ်... မင်းတို့ထိုးကြ...အလျော်အစားကတော့ တိတိကျကျပဲဟေ့"

ဖဲကို ကုလားဖန်ထိုးကာ ဖျက်ပြန်သည်။ နည်းမျိုးစုံဖြင့် ဖျက်ရသည်။ ထိုအချိန်တွင် ဖယောင်းတိုင်တစ်တိုင် ရုတ်တရက် ငြိမ်းသွားသည်။ တစ်စုံတစ်ယောက်က ဟူးခနဲမှုတ်လိုက်သလို ငြိမ်းသွားခြင်းဖြစ်သည်။

"အား... မလုပ်နဲ့ကွ၊ မနောက်နဲ့ဟေ့ မှောင်နေပြီ"

သူငြိမ်းသွားသော ဖယောင်းတိုင်ကို မီးကူးရန် စိတ်ကူးစဉ်မှာပင် ဖယောင်းတိုင်က ရုတ်တရက် မီးပြန်တောက်လာသည်။ လန့်ဖျပ်သွားမိသည်။ ထိုစဉ်ဇရပ်ပေါ်သို့ လူအုပ်စုကြီး တဖြည်းဖြည်း တက်လာသလို ကြမ်းပြင်သည် သိမ့်ခနဲ သိမ့်ခနဲဖြစ်ကာ တရှပ်ရှပ်ခြေသံများဖြင့် ရှုပ်ထွေးသွားပြန်သည်တကား။

ထိုအခါ ဦးဂေါလီ၏ ဩဝါဒသံကို ပြန်လည်ကြားယောင်မိပြန်သည်။

"မင်း ဖဲရိုက်ဖို့ခေါ်လိုက်ရင် သရဲတစ္ဆေဖဲသမားတွေ ရှုစီရှုစီဖြစ်ပြီး တက်လာကြလိမ့်မယ်။ မကြောက်နဲ့ ငါးအိမ်ကစား၊ ဖဲဝေ၊ မနိုင်နိုင်တဲ့နည်းနဲ့ ဖဲရိုက်"

အာပေတူး သူ့အိမ်အပါအဝင် ဖဲဝေခြင်းကိစ္စကို စတင်လေပြီ။ ဖဲမဝေခင်ကတည်းက အကြဲသမားဖြစ်သည်နှင့်အညီ ဖဲငါးချပ်ကို





လုံချည်ထဲတွင် ထည့်ကာ ဝှက်ထားပြီးပြီဖြစ်သည်။ ဖဲလိမ်ရိုက်ရန်ဖြစ်သည်။

ဖဲဝေနေစဉ်မှာပင် ညှီစို့စို့အနံ့ဆိုးများ၊ အရက်နံ့လိုလို၊ ချွေးနံ့လိုလိုအနံ့ပေါင်းစုံသည် အာပေတူး၏ ပတ်ပတ်လည်တွင် လွှမ်းခြုံလာကာ သူ့တစ်ကိုယ်လုံး အနံ့ဆိုးများအောက်တွင် နစ်မြုပ်သွားသလို ခံစားလိုက်ရသည်။ ဖဲသမားတစ္ဆေတွေ စုဝေးလာကြလေပြီ။

အာပေတူး ဖဲစဝေလေပြီ။ အိမ်ငါးအိမ်။

"ဘူကြီးနော်...ဘူကြီး...မင်းတို့ ကြိုက်သလောက်ထိုးကြ၊ ကဲ... ဖဲ စဝေပြီကွ၊ လက်တွေဖယ်ကြ၊ ဖဲငါးချပ်ပြည့်မှ ကိုင်ကြနော်၊ မှားကုန်မယ်"

သူ ဖဲကိုစဝေသည်။ ဖဲကျွန်ကို ဝိုင်းလယ်တွင်ချကာ သူ့ဖဲကို ကြည့်သည်။ ကုလားနှစ်ချပ်ပါသော်လည်း ဘူစဉ်မဖြစ်။ (၂)ဖဲ၊ (၃)ဖဲ၊ (၁)ဖဲ ဖဲသေ။ ထို့ကြောင့် လုံချည်ကြားတွင် ဝှက်ထားသော (၅)ဖဲ တစ်ချပ်ယူကာ (၁)ဖဲနှင့် လဲလိုက်သည်။ ဘူစဉ်ဖြစ်သွားသည်။

ဟီး....ဟီး....ဟီး.... တစ်ဝိုင်းလုံးစားပေရော့ အာပေတူးတဲ့ကွ၊ ဘူကြီးကွ။

"ဟေ့.... မင်းတို့လက်တွေဖယ်ကြ၊ ၉ ပွင့်ကိုတောင်နိုင်တယ်။ ဒီမှာကြည့် ဘူကြီးနော်၊ ကုလားနှစ်ကောင် ကလောင်နှစ်ကားဟား....ဟား....ဟား...."

ပုံထားသော ဖဲချပ်တွေ လျှင်မြန်စွာသိမ်း၊ ပိုက်ဆံတွေယူသလိုပုံစံမျိုးလုပ်ကာ ဖဲကိုဖျက်ပြန်သည်။ ဖဲချပ်တွေ ထပ်ဝေသည်။ ပီပြင်စွာ သရုပ်ဆောင်သည်။

"ဖဲဝေရင် ဣန္ဒြေရရဝေ၊ မကြောက်နဲ့ မင်းကို ဘာမှ မလုပ်နိုင်ကြဘူး။ မှင်သေသေနဲ့ဆော့၊ အလျော်အစားသေသေချာချာလုပ်"

ဦးဂေါ်လီ၏ ညွှန်ကြားချက်ကို ထပ်မံကြားလာရပြန်သည်။

"ဟော့ မဖြစ်တဲ့ကောင်တင်နော်၊ ကလိမ်ကကျစ်တော့မလုပ်နဲ့၊ ဒီမှာ အကြွေးစာရင်းစာအုပ်ရှိတယ်။ ရစရာရှိတာပေးစရာရှိတာမှတ်ထားတယ်။ တိတိကျကျပဲဟော့"

သည်လို ဖိန့်လုံးကလည်းပါသည်။ သူ့ရှေ့မှ အိမ်တွေကို လှန်ကြည့်သည်။ နှစ်အိမ်က မဖြစ်၊ ဖြစ်သည့်အိမ်က တစ်အိမ်က (၃)ပွင့်၊ တစ်အိမ်က (၇)၊ ကိစ္စမရှိ။ သူ့အိမ်က (၄)ဖဲ၊ (၂)ဖဲ၊ (၄)ဖဲနှင့် ဘူစဉ်ဖြစ်နေသေးသည်။ ကျန်သည့်နှစ်ချပ်ကို လှန်လိုက်တော့ (၃)ဖဲ နှင့် (၅)ဖဲတက်လာသည်ကော။ သည်တော့ သူက ရှစ်ပွင့်။

အာဟ....အာဟ....အာဟ (၈)ပွင့်နှင့် တစ်ဝိုင်းလုံးစား၊ ကောင်းလိုက်သည့်ဖဲ၊ တစ်သက်လုံးမကောင်းသည့်ဖဲ၊ ခုမှလာကောင်းနေသေးတော့။

"ကဲ တစ်ဝိုင်းလုံးစားပြီနော်၊ စားပြီ။ အမှန်အကန်နော်။ ကဲ လက်ရှောင် ဖဲဖျက်မယ်"

အာပေတူး ဖဲချပ်တွေကို ကောက်သိမ်းသည်။ လှလှပပ ဖဲချပ်တွေ ဖျက်သည်။ ကုလားဖန်ထိုးသည်။ ထို့နောက် သူ့ဘာသာ ဖဲချီးသည်။ လက်ရင်းအိမ်မှာ စဝေသည်။

"လက်တွေဖယ်နော်၊ ဖယ်ကြ"

ရှေ့ဒုတိယအိမ်မှ ဝဲခနဲမြင်လိုက်ရသည့် လက်မည်းကြီး၊ အမွေးထူထူနှင့် ရောမလက်မည်းကြီး၊ လူဝံလက်ကြီးလို ချက်ချင်း





ပျောက်သွားသည်။ ရင်ထဲမှာ ဘုရားတမိလိုက်သည်။ တစ်ကိုယ်လုံး အဖျားဝင်သလို တဆတ်ဆတ်တုန်သွားသည်။ ပတ်ဝန်းကျင်တွင် လူတွေ ဝိုင်းထားသလို ခံစားရသည်။ နောက်ကျောမလုံချင်တော့။

အသက်ရှူသံလို အသံတစ်သံထွက်ပေါ်လာသည်။ လေတိုက်သံမဟုတ်၊ လူတစ်ယောက်အသက်ပြင်းပြင်း ရှူသံမျိုးဖြစ်သည်။ စိတ်ကိုထိန်း၍ ဝိုင်းမပျက်စေရန် ဆက်သွားသည်။ အလျော်အစားလုပ်သည်။ စောစောကလိုပင် လုံချည်ကြားထဲ ထည့်ဝှက်ထားသည့် ဖဲချပ်ဖြင့် တစ်ဝိုင်းလုံးစားလိုက်ပြန်သည်။ တစ်ခါတစ်ရံ သုံးပွင့်ကို ရှစ်ပွင့်ပြောကာ စားတတ်သေးသည်။

ထိုအခါ အသံတွေ ပိုကျယ်လာသလို ခံစားရသည်။ သင်္ချိုင်းမြေကို ဖြတ်ကာ တိုက်ခတ်လိုက်သောလေထုထဲတွင် လေချွန်သံလိုလို ညည်းညူသံလိုလို အသံများက သူ့စိတ်အာရုံကိုတွေးပြားစေပြန်သည်။ ဇရပ်ပြင်ပမှာ သစ်ပင်ကြီးများတွင် တရှုရှုလှုပ်ကာကြပြီ။ တောင်ဝံခတ်၊ တကီးရီအသံတွေမြည်လာကြလေပြီကော။

ညဥ့်သည် တဖြည်းဖြည်း နက်ရှိုင်းသိပ်သည်းလာသည်။ ထိုစဉ် ဇရပ်တွင်းရှိ ထုပ်တန်းမှ ရောမလင်းဆွဲကြီးတစ်ကောင်က လန့်ဖျပ်ကာ အပြင်ဘက်ကောင်းကင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပြန်သည်။ အာပေတူးသည်တစ်ကြိမ်တခါတွင်တော့ အရှုံးနှင့်နှစ်သိမ့်ပေးလိုက်ရသည်။ ထိုသို့မလုပ်လျှင်မဖြစ်။ အလျှော့အတောင်းလည်း လုပ်ပေးရသည်မဟုတ်လား....

"ဟော့....လူမိုက်၊ တစ်ခါတစ်လေ အရှုံးပေးပြီး ဖဲကြောင်ဆွဲထားကွ၊ ဒါမှလည်း ဒီသရဲတွေ ကျေနပ်မှာ၊ ပြီးရင် ဒီကောင်တွေ

ဖဲနိုင်တဲ့အကြွေးစာရင်းကိုမှတ်ကြ၊ ကိုယ်လိုချင်သလောက်ငွေပမာဏ ရရင် ဝိုင်းသိမ်းဖို့ မမေ့နဲ့တော့'

ဦးဂေါလီ၏ စကားတွေက စွဲစွဲထင်ထင်ဝင်လာသည်။ အာပေးတူးသည် ဦးဂေါလီ၏ လမ်းညွှန်ချက်အတိုင်း တစ်သဝေမ တိမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

ဖဲဝိုင်းစသည်မှာ နှစ်နာရီကျော်ပေပြီ။ ယူလာသည့် ဗလာ စာအုပ်နှင့် ဖောင်တိန်တွင် အိမ်လေးအိမ်ဆီမှ ရစရာ အကြွေးတွေက စာမျက်နှာတော်တော်များများမှာ နေရာယူကာ ပြည့်နက်နေလေပြီ။ တစ္ဆေဖဲသမားများကို ဖဲနိုးဖဲလိမ်ကာ အနိုင်ယူခြင်းဖြစ်သည်။

ဖဲဝိုင်းကား အချိန်အတန်ကြာလေပြီ။ တဖြည်းဖြည်း သန်းခေါင်ယံသို့ပင် တိုင်လာပေပြီကော။ တစ်ယောက်တည်း စကား တွေပြော၊ တစ်ယောက်တည်း ဖဲဝေ၊ ဒိုင်ကိုင်အလျော်အစားလုပ်၊ ပြီးလျှင် အကြွေးစာရင်းစာအုပ်တွင် ရစရာများကို ထည့်သွင်းလာသည်မှာ ဗလာစာအုပ်တွင် မင်တွေဖြင့် ပြည့်နက်နေပြီ။ စုစုပေါင်း သရဲ တစ္ဆေဖဲသမားတွေဆီက ရစရာသိန်းတစ်ရာကျော်လေပြီ။

'ဒီမှာ ဖဲသမား အပေါင်းတို့ရေ ဝမ်နင်ခေါ်တော့မယ်။ ခု သုံးပွဲကစားပြီးရင်ဝိုင်းသိမ်းမယ်။ ဟုတ်ပြီးလား.... သန်းခေါင်ကျော် ပြီ.... ကဲ စပြီ'

ဖဲချပ်များကို ခါတိုင်းလိုဝေ၊ တစ်ယောက်တည်း စကားပြော ပြီးတော့ အပွင့်တွေကို ပြောချင်ရာပြောပြီး သုံးပွဲတိတိအနိုင်ယူလိုက် ပြန်သည်။

သည်လိုနှင့် ပွဲသိမ်းလေပြီ။ ဇရပ်ပေါ်ရှိ ဖယောင်းတိုင်များ





မှ မီးညွန့်များသည် တဟုပ်ဟုပ်မြည်လာသည်။ ဝိုင်းဘေးပတ်လည် တွင် ရိပ်ခနဲ ရိပ်ခနဲ အရိပ်မည်းကြီးတွေ စတင်လှုပ်ရှားလာသည်။ ဝန်းရံဖိပိုးလာလေပြီ။

'တောက်'

ရုတ်တရက် တောက်ခက်သံကြီး ဇရပ်ထုတ်တန်းဆီမှာ ထွက် ပေါ်လာခြင်းဖြစ်သည်။ သူမော့ကြည့်လိုက်တော့ အရိပ်ကြီး တစ်ခု ထုပ်တန်းပေါ်တွေ ဆောင့်ကြောင့်ထိုင်နေသည်။

'ဘုရား...ဘုရား...ဖဲသမား တစ္ဆေ'

သူ့အသံကလည်ချောင်းထဲမှာ တင်းကြပ်ပိတ်ဆို့ကာ မေးရိုး တွေက စေ့သွားသည်။ သူ့ရင်ခုန်သံသည် ရင်ခေါင်းထဲတွင် ပဲ့တင် ရိုက်သွားသည်။ ဇရပ်လှေကားအတိုင်း တက်လာသော ခြေသံများ၊ ကြမ်းပြင်ပေါ်ကို ရုပ်တိုက်သံများလည်း တဖြည်းဖြည်း ကျယ်လောင် လာလေပြီ။

'ဟင်း....ဟင်း....ဟင်း....ဟင်း'

'ဟီး....ဟီး....ဟီး'

မကျေမနပ်အံကြိတ်သံ၊ ညည်းတွားသံ။

'ဖဲဝိုင်းသိမ်းပြီးရင် သတိဝီရိယနဲ့ လွတ်မြောက်ဖို့ ကြိုးစား တော့ အာပေတူး....။ မင်းက ဖဲလိမ်ရိုက် အနိုင်ယူပြီး ကြွေးစာရင်း တွေ သိန်းပေါင်းများစွာ တင်ထားတော့ ဒီကောင်တွေ ကျေနပ်ကြမှာ မဟုတ်ဘူး။ မင်းကို နည်းမျိုးစုံနဲ့ ဖြဲခြောက်ကြမှာ သေအောင်သတ် ကြမှာကွ။ ဒီတော့ လွတ်အောင်ပြေး၊ ငါစီစဉ်ထားတဲ့အတိုင်းလုပ်၊ ကြွေးစာရင်းကြေညာ၊ ဘယ်နှစ်အတွင်း ကျေအောင်ဆပ်ဆိုပြီး ဆော်

ပြေးပေတော့'

ဦးဂေါလီ၏ စီရင်ညွှန်ကြားသံထွက်ပေါ်လာသည်။ ကြား ယောင်လာသည်။

'ဟော့ကောင်တွေ....မင်းတို့ဆီမှာ ငါအကြွေးသိန်းတစ်ရာ ငါးဆယ်၊ ဒီသုံးနှစ်အတွင်းကြေ အောင်ဆပ်ကြရမယ်။ မင်းတို့ကြေ အောင်ဆပ်ကြဟေ့'

အာပေတူး၏ အသံကြီးက တိတ်ဆိတ်မှုဖြင့် ငြိမ်သက်နေ သော သံချိုင်းမြေတွင် ကျယ်လောင်စွာ ဟိန်းထွက်သွားတော့သည်။ သူသည် အသက်ကို ဝဝရှူသည်။ လက်ထဲမှာ ဝိုင်းသိမ်းဖဲထုပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်သည်။ ထို့နောက် ဇရပ်ပေါ်မှ လွှားခနဲ ခုန်ချ ထွက်ပြေးလေတော့သည်။

'ဝေး....ဟေး....ဟေး'

'ဝူး....ဟား....ဟား....ဟား'

သူသာန်ကြီးတစ်ခုလုံး ရုတ်တရက်လေမုန်တိုင်းတိုက်လိုက် သလို လဲပြိုသံများ၊ လေပြင်းတိုက်ခတ်သံများ၊ တဟီးဟီး တဟား ဟား ရယ်သံကြီးများသည် အသည်းနှလုံးတစ်ခုလုံးကို ယှက်ဖျံ့ဆုပ် နယ်လိုက်ဘီသကဲ့သို့ ကြောက်လန့်တုန်လှုပ်သွားစေကာ အရိပ်မည်း ကြီးများ၊ အရိပ်ဖြူကြီးများသည် အာပေတူးထွက်ပြေးရာနောက်ဆီသို့ တဟုန်ထိုးပြေးလိုက်လာကြလေပြီကော။

ဤဒရယ်မြောင်၊ ကျွတ်တီးကုန်း၊ ညောင်ခြေထောက်ရွာသုံး ရွာ၏ အထင်ကရ သံချိုင်းကြီးသည် အာပေတူးတို့ သူငယ်ချင်းတွေ ငှက်ပစ်ရာ၊ ဖဲဝင်ရိုက်ရာ သံချိုင်းကြီးဖြစ်ပေရာ သံချိုင်း၏ အနေအထား





ကို ကျွမ်းကျင်နေပေပြီ။ ဖြတ်လမ်း၊ ကုန်း၊ ကမူ စသည်တို့ကိုလည်း ဘယ်နေရာ ဘာရှိသည်ကို သိရှိပြီးဖြစ်သည်။

'ဝေး...လိုက်ဟ...လိုက်ဟ'

'မလွတ်စေနဲ့'

အော်သံတွေ....။

ပြေးလွှားရင်း သူလှည့်ကြည့်လိုက်သည်။ ဘုရား.... ဘုရား .... လွန်ခဲ့သည့် တစ်ပတ်လောက်က ရွာတွင် ဖဲလိမ်ရိုက်၍ အသတ် ခံရသည့် ငတီသုံးယောက် သူကောင်းကောင်းမှတ်မိသည်။ သူ့နှား တစ်ရှုံးပင်ပါသွားခဲ့သည်မဟုတ်လား။ ဖဲသမားတစ္ဆေသုံးကောင်သည် လက်ကြီးနှစ်ဖက်၊ လည်ပင်ကြီးတွေ လိမ်စောင်းကာ သူ့နောက်သို့ သွေးရှူးသွေးတမ်း လိုက်လာကြလေပြီကော။ ရှေ့ဦးမှ တစ်ယောက် သည် ဖဲဒိုင်သမားဖြစ်ပြီး ပထမဦးဆုံးဓားဖြင့်အထိုးခံရ၍ သေလေရာ ဓားတန်းလန်းဖြင့် လိုက်လာခြင်းဖြစ်သည်။

'အာပေတူး....နောက်ကလိုက်လာရင် လွတ်အောင်ပြေး၊ သံချိုင်းကို ပတ်ပြေး၊ အပြင်မထွက်နဲ့ ညဏ်ကိုလွှာသုံး၊ သူတို့က မင်းကို မိအောင်ဖမ်းလိမ့်မယ်။ မိရင် မင်းသေပြီ၊ မင်းက သူတို့ကို ဖဲလိမ်ရိုက်တာကိုး။ အေး ပြေးရင်းလွှားရင်းနဲ့ မင်းလက်ထဲက ဖဲချပ်တွေ ကို တစ်ချပ်ချင်း ချပစ်ခဲ့။ ဟုတ်ပြီလား။ တစ်ချပ်ချင်း ပစ်ချရမှာ နော်'

ဦးဂေါလီ၏ ဩဝါဒတွေကို သတိရလာသည်။ ဖဲချပ်တွေကို တစ်ချပ်ချင်းချကာ ဂူတွေမြေပုံတွေကို ကျော်လွှားဖြတ်ကျော်ကာပြေး သည်။ လူရိုးတွေကို ခလုတ်တိုက်မိသေးသည်။

ပြေးပေတော့’

ဦးဂေါလီ၏ စီရင်ညွှန်ကြားသံထွက်ပေါ်လာသည်။ ကြား ယောင်လာသည်။

‘ဟေ့ကောင်တွေ….မင်းတို့ဆီမှာ ငါ့အကြွေးသိန်းတစ်ရာ ငါးဆယ်၊ ဒီသုံးနှစ်အတွင်းကြေ အောင်ဆပ်ကြရမယ်။ မင်းတို့ကြေ အောင်ဆပ်ကြဟေ့’

အာပေတူး၏ အသံကြီးက တိတ်ဆိတ်မှုဖြင့် ငြိမ်သက်နေ သော သံချိုင်းမြေတွင် ကျယ်လောင်စွာ ဟိန်းထွက်သွားတော့သည်။ သူသည် အသက်ကို ဝဝရှူသည်။ လက်ထဲမှာ ဝိုင်းသိမ်းဖဲထုပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်သည်။ ထို့နောက် ဇရပ်ပေါ်မှ လွှားခနဲ ခုန်ချ ထွက်ပြေးလေတော့သည်။

‘ဝေး….ဟေး….ဟေး’

‘ဝူး….ဟား….ဟား….ဟား’

သူသာန်ကြီးတစ်ခုလုံး ရုတ်တရက်လေမုန်တိုင်းတိုက်လိုက် သလို လဲပြိုသံများ၊ လေပြင်းတိုက်ခတ်သံများ၊ တဟီးဟီး တဟား ဟား ရယ်သံကြီးများသည် အသည်းနှလုံးတစ်ခုလုံးကို ယူကျုံးဆုပ် နယ်လိုက်ဘိသကဲ့သို့ ကြောက်လန့်တုန်လှုပ်သွားစေကာ အရိပ်မည်း ကြီးများ၊ အရိပ်ဖြူကြီးများသည် အာပေတူးထွက်ပြေးရာနောက်ဆီသို့ တဟုန်ထိုးပြေးလိုက်လာကြလေပြီကော။

ဤဒရယ်မြောင်၊ ကျွတ်တီးကုန်း၊ ညောင်ခြေထောက်ရွာသုံး ရွာ၏ အထင်ကရ သံချိုင်းကြီးသည် အာပေတူးတို့ သူငယ်ချင်းတွေ ငှက်ပစ်ရာ၊ ဖဲဝင်ရိုက်ရာ သံချိုင်းကြီးဖြစ်ပေရာ သံချိုင်း၏ အနေအထား





ကို ကျွမ်းကျင်နေပေပြီ။ ဖြတ်လမ်း၊ ကုန်း၊ ကမူ စသည်တို့ကိုလည်း ဘယ်နေရာ ဘာရှိသည်ကို သိရှိပြီးဖြစ်သည်။

‘ဝေး….လိုက်ဟ….လိုက်ဟ’

‘မလွှတ်စေနဲ့’

အော်သံတွေ….။

ပြေးလွှားရင်း သူလှည့်ကြည့်လိုက်သည်။ ဘုရား…. ဘုရား …. လွန်ခဲ့သည့် တစ်ပတ်လောက်က ရွာတွင် ဖဲလိမ်ရိုက်၍ အသတ် ခံရသည့် ငတိသုံးယောက် သူကောင်းကောင်းမှတ်မိသည်။ သူ့နွား တစ်ရှဉ်းပင်ပါသွားခဲ့သည်မဟုတ်လား။ ဖဲသမားတစ္ဆေသုံးကောင်သည် လက်ကြီးနှစ်ဖက်၊ လည်ပင်းကြီးတွေ လိမ်စောင်းကာ သူ့နောက်သို့ သွေးရူးသွေးတမ်း လိုက်လာကြလေပြီကော။ ရှေ့ဦးမှ တစ်ယောက် သည် ဖဲဒိုင်သမားဖြစ်ပြီး ပထမဦးဆုံးဓားဖြင့်အထိုးခံရ၍ သေလေရာ ဓားတန်းလန်းဖြင့် လိုက်လာခြင်းဖြစ်သည်။

‘အာပေတူး….နောက်ကလိုက်လာရင် လွတ်အောင်ပြေး၊ သံချိုင်းကို ပတ်ပြေး၊ အပြင်မထွက်နဲ့ ညဏ်ကိုလွှာသုံး၊ သူတို့က မင်းကို မိအောင်ဖမ်းလိမ့်မယ်။ မိရင် မင်းသေပြီ၊ မင်းက သူတို့ကို ဖဲလိမ်ရိုက်တာကိုး။ အေး ပြေးရင်းလွှားရင်းနဲ့ မင်းလက်ထဲက ဖဲချပ်တွေ ကို တစ်ချပ်ချင်း ချပစ်ခဲ့။ ဟုတ်ပြီလား။ တစ်ချပ်ချင်း ပစ်ချရမှာ နော်’

ဦးဂေါလီ၏ ဩဝါဒတွေကို သတိရလာသည်။ ဖဲချပ်တွေကို တစ်ချပ်ချင်းချကာ ဂူတွေမြေပုံတွေကို ကျော်လွှားဖြတ်ကျော်ကာပြေး သည်။ လူရိုးတွေကို ခလုတ်တိုက်မိသေးသည်။

'လိုက်ကြဟေ့····လိုက်ကြဟေ့'

နောက်သို့ လှည့်ကြည့်လိုက်ပြန်သည်။ ပြင်းထန်သော တဖုတ်ဖုတ်ခြေသံနှင့်အတူ သူ့နောက်သို့ ပြေးလိုက်လာသူမှာ ခေါင်းပြတ်ကြီးဖြစ်သည်။ ခေါင်းပြတ်နှင့် ခန္ဓာကိုယ်ကြီးသည် ခြေကားရား လက်ကားရားဖြင့် လိုက်လာရာ ဖဲချပ်တစ်ဖျပ် ပစ်ချလိုက်သည်။ ခေါင်းပြတ်ကြီးသည် ကောက်ကိုင်ကာ လှည့်ပြန်သွားသည်။ ညာသံပေးကာ လိုက်လာသံတွေကလည်း အဆက်မပြတ်။ မိန်းမကြီး တစ်ယောက် ရုတ်တရက် ပေါ်လာပြန်သည်။ တောင်းကြီးရွက်ကာ ပေါ်လာခြင်းဖြစ်သည်။

'ဖဲသမားကြီး ဒေါ်တင်အေး'

ဖဲချပ်တစ်ချပ်ချကာ အစာကျွေးလိုက်သည်။ ဖဲသမားမကြီး ကောက်ကိုင်ကာ လှည့်ထွက်သွားသည်။

'ဟီး····ဟီး····ဟီး····'

ပြေးလွှားရင်း ဆိုးဝါးနံစော်လှသော အပုပ်နံ့ကြီးများ ဟောင်စပ်စပ် အနံ့များကလည်း နှာခေါင်းထဲသို့ အလုံးအရင်းနှင့် ဝင်လာသည်။ ကျက်တီးကုန်းရွာမှ ဖဲသမားသရဲများ၊ ညောင်ခြေထောက်မှ တစ္ဆေဖဲသမားများသည်လည်း သူ့နောက်သို့ ဒေါသတကြီး လိုက်လာကြသည်။ ထန်းပင်လောက်အရပ်ရှည်သည့် တစ္ဆေဖဲသမားများ၊ အရိုးဂေါက်ဂက် အသားမရှိသော တစ္ဆေများလည်း တချောက်ချောက် အသံတေပေးကာ လိုက်လာကြလေပြီကော။ မိလျှင်မသက်သာ။

သူသည် ဖဲချပ်တွေကို တစ်ချပ်ချင်းချကာ သင်္ချိုင်းမြေကို ပတ်၍ပြေးနေလေသည်။ သင်္ချိုင်းထဲမှ ငှက်များ၊ ကျီးကန်းများကလည်း





မအိပ်ကြတော့ဘဲ တဂီးဂီး၊ တအားအားမြည်ကာ သွေးရူးသွေးတန်း ပျံသန်းကြကုန်သည်။ ပစ်ချသမျှ ဖဲချပ်များသည် ရုတ်တရက် ပျောက်ကုန်သည်။

ပြေးလွှားရင်း လက်ထဲမှ ဖဲချပ်များကိုကြည့်လိုက်ရာ ငါးချပ်မျှသာ ကျန်တော့သည်။ လင်းကြက်ပင် တွန်ပေတော့မည်။ ထိတ်ခနဲဝမ်းသာသွားသည်။ ပြေး····ပြေး····ပြေးထား။

'ဒိုး'

ရုတ်တရက် အရားဝတ္တုကြီးတစ်ခု သူ့ခေါင်းပေါ်မှအသံမြည်ကာ ဖြတ်သွားသဖြင့် ခေါင်းငုံ့ရှောင်လိုက်သည်။ ကြည့်လိုက်တော့ ဒူးခေါင်းရိုးကြီး၊ အရှေ့ဘက်မှ ပစ်ထည့်လိုက်ခြင်းဖြစ်သည်။ ထို့နောက် ပေါင်ရိုးကြီးတစ်ချောင်း ဖုန်းခနဲ ကျလာပြန်သည်။ ခုန်၍ ရှောင်လိုက်သည်။ ထို့နောက် လူခေါင်းခွံကြီးတစ်လုံးဝုန်းခနဲကျလာပြန်သည်။

ဖဲတစ်ချပ်ကိုချ၍ ဆက်ပြေးသည်။

ထိုစဉ်····

'ဝုန်း····ဝုန်း····ဝုန်း····တွန်းဟေ့····တွန်းဟ'

ရှေ့ဘက်ဆီမှ အသံတွေ၊ မျက်နှာချင်းဆိုင်ဆီမှာ ညာသံပေးကာ အော်ဟစ်လာသံတွေ။

'ဘုရား····ဘုရား····ဘာတွေလဲဟ'

သူကြည့်လိုက်သည်။ လူတစ်စုသည် ဖြူဖြူရှည်ရှည် အရာဝတ္ထုကြီးတစ်ခုကို တွန်းလှည်းပေါ်တင်ကာ မျက်နှာချင်းဆိုင် တွန်းလာကြခြင်းဖြစ်သည်။ အယောက်နှစ်ဆယ်ခန့်ရှိမည်။

'တွန်းထား····တွန်းထား'

တွန်းလှည်းပေါ်မှ လူသေခေါင်းတလားကြီး။ စက္ကူဖြူတွေကပ်ထားသော ခေါင်းတွင် နာမည်ရေးထိုးထားသည်။ အာပေတူး သေသေချာချာကြည့်လိုက်သည်။

အာပေတူး

အသက် ၂၃ နှစ် ကောင်းမှု

"ဟိုက်ရှားဘား.... ငါ့နာမည်ပဲ၊ လွတ်အောင်ပြေးမှ၊ ပြေးပြီဗျို့"

သူ့နာမည်ရေးထိုးထားသော ခေါင်းတလားကြီးကို မြင်တွေ့လိုက်ရသောအခါ တစ်ကိုယ်လုံးရှိ သွေးလည်ပတ်မှုများ ရပ်ဆိုင်းသွားသလို ဖြစ်သွားပြီး ဘုရားတလိုက်သောအသံသည် လည်ချောင်းထဲတွင် တစ်ဆို့နေလေသည်။

ဤလမ်းသည် သုသာန်မှ ရွာသို့ ထွက်ရာလမ်းဖြစ်သည်။ ယခု လမ်းပေါ်တွင် ပိတ်ဆို့ကာ ခေါင်းတလားကြီးကို လှည်းပေါ်တင်လျက် လူတစ်စုက သူ့ဆီသို့ ဝိုင်း၍တွန်းရွေ့လာလေပြီ။ လူတွေကို သူကြည့်လိုက်တော့ သေလွန်ပြီဖြစ်သော တစ္ဆေဝိဥာဉ်များဖြစ်နေသည်တကား။ ရေနစ်သေသော ဖဲသမားသိန်းအောင်၊ ကားပေါ်မှ အရက်မူးပြုတ်ကျသော ဖဲသမားသံတုတ်၊ ရပ်ကျော်ရွာကျော် ဖဲသမားများသည် သူ့ဆီသို့တည့်တည့်တိုးဝင်လာလေပြီကော။

"ဝုန်း....ဝုန်း....ဝုန်း"

"လိုက်ဟ....လိုက်ဟ....မလွတ်စေနဲ့ဟေ့"

"ဖဲသမားလူလိမ်အာပေတူး"

အာပေတူးသည်ရုတ်တရက်သတိဝင်လာကာလှည့်၍ ပြေး





လေသည်။ ဖဲချပ်တွေကို တစ်ချပ်ချင်း ပစ်ချသည်။ ဖဲချပ်များသည် မြေပေါ်ရောက်သည်နှင့် ရုတ်တရက် ပျောက်သွားသည်။

သူသည် လက်ထဲမှာကိုင်ထားသော ဖဲချပ်နှစ်ချပ်မှ တစ်ချပ်ကို လွှင့်ပစ်လိုက်သည်။ တစ်ချပ်ကျန်သည်။ ဖဲချပ်တွေကုန်ပြီ။ တစ်ချပ်ပဲ ကျန်တော့သည်။ ပြေးလွှားရင်း သူငုံ့ကာကြည့်လိုက်သည်။ အနီရောင်ဖဲချပ် ဒိုင်းမွန်းဆဲဗင်း။

ဦးဂေါလီ၏ သွန်သင်ချက်တွေ ပြန်လည်ကြားယောင်လာပြန်သည်။

"မင်း....နောက်ဆုံးဖဲချပ်တွေချသွားလိုက်တာ မင်းတစ်ချပ်တော့ ချန်ထားရမယ်ကွ၊ ဘယ်ဖဲကျန်ကျန်ရတယ်။ အဲဒီဖဲက အဓိကပဲ မင်းရဲ့အသက်ပဲ။ ဖဲမှော်ပဲ။ အေး....လွတ်အောင်တော့ပြေးဟေ့။ နည်းမျိုးစုံနဲ့ ရှောင်ပြေးပေတော့။ ရွာထဲကိုလွတ်အောင်ပြေး"

လက်ထဲတွင် သိဒ္ဓိဝင်ဖဲမှော်ဒိုင်းမွန်းဆဲဗင်းရှိလေပြီ။ သူ့ရင်ထဲမှာ အင်အားတွေ တစိမ့်စိမ့်တိုးဝင်လာသလို ခံစားလိုက်ရသည်။ အောင်မြင်တော့မည်။ လွတ်အောင်ပြေးမှ....ပြေး....ပြေး။

အရိပ်မည်းကြီးတွေ ရွေ့လျားကာ လိုက်လာကြဆဲ။ ညာသံပေးကာ ထက်ကြပ်မကွာ။

အာပေတူးသည် အနီးဆုံးဖြတ်လမ်းဖြစ်သည် အုတ်ဂူကြီးတစ်လုံးပေါ်သို့ လွှားခနဲခုန်ကျော်လိုက်သည်။ လွတ်သွားသည်။ လှည့်မကြည့်တော့လေ။ အဟုန်ကဲ့သို့ ပြေးထွက်သွားသည်။ ရုတ်တရက် မှတ်တိုင်တစ်ခုကို ဖြတ်ကျော်ရာ ခလုတ်တိုက်လဲကျမလို ဟပ်ထိုးဖြစ်သွားသည်။ ရုတ်ခြည်းပင် ကိုယ်ကိုမတ်ကာ မနားတမ်းဆက်ပြေး

သည်။

'မင်း…သင်္ချိုင်းမြေက ဖဲတစ်ချပ်ကိုင်ပြီး ရွာထဲဝင်မိရင် လွတ်ပြီ။ အောင်မြင်ပြီသာ မှတ်ပေတော့။ အဲဒါ ဖဲမှော်ပဲဟေ့'

ဦးဂေါလီ၏ စကား သူဆက်ပြေးသည်။ ကျားသစ်ပေါက်တစ်ကောက်၏ ပြေးနှုန်းကဲ့သို့ ပြေးသည်။ နောက်ကိုလှည့်မကြည့်။ နေအိမ်ရောက်မှ ရင်နှစ်ခြမ်းကွဲစေတော့။ ဆက်ပြေးသည်။ အော်သံတွေနောက်မှာ တဖြည်းဖြည်းဝေးကာ ကျန်ရစ်ခဲ့လေပြီတကား။

◆ ◆ ◆

ဤသို့ဖြင့် ဒရယ်မြောင်ကျေးရွာတွင် ဖဲမှော်အောင်သည့် လူထူးလူဆန်း အာပေတူးဟူသည့် လူတစ်ယောက်ပေါ်လာသည်။ သူသည် ဖဲမှော်၏အစွမ်းသတ္တိများဖြစ်သည့် လိုချင်သည့်ဖဲကို ခေါ်တိုင်းတက်လာသည့်ဖဲကြောင့် ရွာများတွင်မကစားဘဲ တရုတ်သူဌေး၊ ကုလားသူဌေးများ ကျက်စားရာ ရန်ကုန်၊ မန္တလေးမြို့ကြီးများပေါ်သို့ နောက်လိုက်နောက်ပါ ချွေရံသင်းပင်များဖြင့်တက်၍ ကစားရာ အမြဲတမ်းအနိုင်ရရှိသည်။ ရွာတွင် လယ်ကေပေါင်းများစွာ ပိုင်ဆိုင်သွားခဲ့သည်။ ကျောင်းဇရပ်များ ဆောက်လုပ်လှူဒါန်းသည်။ စာသင်ကျောင်း ဆောက်ပေးသည်။ ကျေးလက်ဆေးပေးခန်းလှူဒါန်းဆောက်လုပ်ခဲ့သည်။ မိဘမဲ့ကလေးတွေ ရှင်းပြုပေးသည်။

သည်လိုနှင့် ဖဲမှော်သက်တမ်း (၃)နှစ်ပြည့်သောအခါ ဖဲမှော်သည် လုံးဝမစွမ်းတော့ဘဲ သာမန်ဖဲတစ်ချပ်သာဖြစ်သွားသည်။ ထိုအခါ အာပေးတူးသည် သူမူလဖဲမှော်စီရင်ခဲ့ရာ ဇရပ်အိုကြီးဆီသို့ ဖဲမှော်ဒိုင်မွန်းဆဲပင်းကို လာထားသောအခါ သူပစ်ချစီရင်ခဲ့သည့် ဖဲချပ်





အားလုံး ဇရပ်ပေါ်တွင် ထက်လျက်သား ပြန်တွေ့ရသည်။

ထို့နောက် မကျွတ်မလွတ်ဖဲသမားတစ္ဆေများကို တစ်ယောက်ချင်း အမျှဝေကာ ကုသိုလ်ကောင်းမှု ပြုခဲ့ပြီး ဖဲရိုက်ခြင်း ဒုစရိုက်ကိုပါ စွန့်လွှတ်လိုက်သည်။

သူနေထိုင်ရာ နေအိမ်ခေါင်းရင်းတစ်နေရာတွင် မိဘများ၏ ဓာတ်ပုံနှင့် ယှဉ်တွဲကာ ဦးဂေါလီ၏ ဓာတ်ပုံကိုပါတရိုတသေ ချိတ်ဆွဲထားသည်ကို လူတိုင်းတွေ့နိုင်သည်။

◆ ◆ ◆

မင်းဘုန်းသိခ်သူ

